
www.burmeseclassic.com

အင်ဒိုနီးရှား

# ပုံပြင်များ

လူထုဦးလှ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက် - ၆၃၀၀၄၇၁၀၁၀

မျက်နှာဖုံးခွင့်ပြုချက် - ၆၃၀၀၄၃၀၆၁၁

မျက်နှာဖုံးပန်းချီ - ဦးတင်ဌေးအောင် (ပန်းချီ ကျောင်းအုပ်ကြီး)

၂၀၁၁ ခုနှစ် ၊ ဇူလိုင်လ

ပထမအကြိမ်

အုပ်ရေ - ၁၀၀၀

တန်ဖိုး - ၁၂၀၀/-

ထုတ်ဝေသူ - ဦးငြိမ်းချမ်း (မြဲ-၀၁၂၇၁)
ကြီးပွားရေးစာအုပ်တိုက်
၂၂၁၊ ၄၄ လမ်းနှင့် ၃၃ လမ်းထောင့်၊
မန္တလေး။
ဖုန်း ၀၂-၃၉၇၁၇ ၊ ၆၀၁၃၆

ပုံနှိပ်သူ - ဦးငြိမ်းချမ်း (မြဲ-၀၃၁၉၅)
လူထုကြီးပွားရေးပုံနှိပ်တိုက်
၂၂၁၊ ၄၄ လမ်းနှင့် ၃၃ လမ်းထောင့်၊
မန္တလေး။
ဖုန်း ၀၂-၃၉၇၁၇ ၊ ၆၀၁၃၆

၃၉၈.၂

လူထုဦးလှ

အင်ဒိုနီးရှား ပုံပြင်များ / လူထုဦးလှ။ -ရန်ကုန်။
ကြီးပွားရေးစာအုပ်တိုက်၊ ပထမအကြိမ်၊ ၂၀၁၁။
၁၂၇-စာ၊ ၁၂.၅ စင်တီ x ၁၈.၅ စင်တီ။
(၁) အင်ဒိုနီးရှားပုံပြင်များ။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ထုတ်ဝေသူရဲ့အမှာ | (က) |
| ၂။ | ကျွဲမှာ ရှေ့သွားဘာလို့မရှိသလဲ | ၁ |
| ၃။ | ဇမ်ဘီရဲ့အကြောင်း | ၅ |
| ၄။ | ခြင်ဟာ တဝီဝီဘာလို့အော်သလဲ | ၁၃ |
| ၅။ | ခွေးနဲ့ကြောင် ဘာကြောင့်ကမ္ဘာ့ရန်ဖြစ်ရသလဲ | ၁၉ |
| ၆။ | တစ်လမ်းသွားမိတ်ဆွေ | ၂၅ |
| ၇။ | မိုးကျမယ်ရဲ့ လင်ယောကျ်ား | ၃၇ |
| ၈။ | လူ့ပြည်မှာ ဆန်ပေါ်လာပုံအစ | ၄၇ |
| ၉။ | ကမ္ဘာပေါ်မှာ အုန်းပင်ဘယ်လိုစပေါ်လာသလဲ | ၅၉ |
| ၁၀။ | ကီလာရုပ် | ၇၅ |
| ၁၁။ | ငါးနဲ့လင်းပိုင် | ၈၇ |
| ၁၂။ | မောင်လူအ | ၁၀၃ |


www.burmeseclassic.com

www.burmeseclassic.com

# ထုတ်ဝေသူရဲ့အမှာ

အင်ဒိုနီးရှားနိုင်ငံက ပုံပြင် (၁၁) ပုဒ်ပါတဲ့ "အင်ဒိုနီးရှားပုံပြင်" စာအုပ်ကလေးကို ဦးလှက သူမဆုံးခင်ကတည်းက စုစည်းထားပြီး စာအုပ်ထုတ်ဝေဖို့ အဆင်သင့် ပြုလုပ်ထားခဲ့ပြီး ဖြစ်ပါတယ်။ ကျွန်မတို့ ကျန်ရစ်သူများက အကြောင်းမညီညွတ်မှုတွေ အမျိုးမျိုးကြောင့်သာ ခုမှထုတ်ဝေနိုင်တာပါ။

ဦးလှက မြန်မာနဲ့ တိုင်းရင်းသားတွေရဲ့ပုံပြင်တွေ (၄၃) အုပ် ထုတ်ဝေခဲ့ပြီးဖြစ်သလို (၁) အပြည်ပြည်ဆိုင်ရာပုံပြင်၊ (၂) ခေါမပုံပြင်၊ (၃) ဟိန္ဒူပုံပြင်၊ (၄) ကာလိဒါသ၊ (၅) အီတလီပုံပြင်ဆိုပြီးလည်း တိုင်းတစ်ပါးက ပုံပြင်စာအုပ် (၈) အုပ် ထုတ်ဝေခဲ့ပြီးဖြစ်ပါတယ်။ သူက ဒီလိုပုံပြင်တွေကို ရှာဖွေထုတ်ဝေနေတာဟာ ကလေးသူငယ်များ ဖတ်စရာရရှိဖို့၊ သင်ခန်းစာများသိရှိပြီး လိမ္မာရေးခြားရှိကြဖို့၊ တခြားနိုင်ငံကကလေးတွေရဲ့ ပုံပြင်တွေကို ဖတ်ကြမှတ်ကြရလို့ ကလေးချင်းချစ်ခင်လာစေဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ဖြစ်တယ်လို့ အပြည်ပြည်ဆိုင်ရာ ပုံပြင်များ ထုတ်ဝေခဲ့တဲ့ ၁၉၆၂ ခုနှစ်ကတည်းက ရေးခဲ့ပါတယ်။

ဦးလှက စာပေဆိုတာ တစ်နိုင်ငံနဲ့တစ်နိုင်ငံ၊ လူမျိုးတစ်မျိုးနဲ့ လူမျိုးတစ်မျိုးတို့ မိတ်ဆွေဖြစ်ရေး၊ ပိုမိုချစ်ကြည်ရေးအတွက် အလွန်အရေးရောက်တဲ့ ယဉ်ကျေးမှုဖြစ်တယ်လို့လည်း ထောက်ပြခဲ့ပါတယ်။

တခြားနိုင်ငံကလူတွေ ဘယ်လိုတွေးကြခေါ်ကြ၊ စဉ်းစားကြတယ်။ ဘယ်လိုနေထိုင် ရှာဖွေစားသောက်ကြတယ်ဆိုတာကိုလည်း သိနိုင်တယ်။ အဲဒီလူမျိုးရဲ့ ဟာသ၊ အချစ်၊ အလွမ်း၊ အတွေးအခေါ်စတာတွေကိုလည်း သိနိုင်တယ်။ ဒါကြောင့် ပုံပြင်တွေကို သူထုတ်ဝေ

www.burmeseclassic.com



နေတာဖြစ်တယ်။ ဒီရည်ရွယ်ချက်နဲ့ ပြည်ထောင်စုသား ပုံပြင်များကို ဆက်လက်စုဆောင်း ထုတ်ဝေသွားမှာဖြစ်သလို အာရှ၊ အာဖရိက၊ ဥရောပ၊ အမေရိက တိုင်းပြည်အသီးသီးက ပုံပြင်တွေကိုလည်း ဆက်လက်ထုတ်ဝေသွားဖို့ စီစဉ်လျက်ရှိတယ်လို့ ကြေညာခဲ့ပြီး ဖြစ်ပါတယ်။

ဦးလှက သူ့မှာ တိုင်းရင်းသားပုံပြင်အပုဒ်ပေါင်း (၁၅၀၀) လောက်ကို တိုင်းရင်းသားပုံပြင်စာအုပ် (၄၃) အုပ် ထုတ်ဝေခဲ့ပြီးပြီ။ စုပြီးပုံပြင် (၅၀၀) လောက် လက်ဝယ်ရှိသေးတယ်။ ဆက်လက်လို့လည်း စုဆောင်းဆဲဖြစ်တယ်။ ပုံပြင်များကို သူ့သက်စေ့ ထုတ်ဝေသွားမှာ ဖြစ်တယ်လို့လည်း သူမဆုံးခင်က မကြာမကြာ ပြောကြားလေ့ရှိပါတယ်။

ဒါပေမဲ့ ဆုံးခါနီး (၃–၄) နှစ် အတွင်းမှာတော့ ပုံပြင်ထုတ်ဝေရေးက အကြောင်းအမျိုးမျိုးနဲ့ နှောင့်နှေးကြန့်ကြာမှုတွေရှိလာလို့ သူ့ခမျာ စိတ်သွားတိုင်း ကိုယ်ပါမသွားနိုင်ရှာဘူး။ သူ့ဆန္ဒ ပြည့်ဝမသွားရရှာဘူး။

ဒါကြောင့် သူယုံကြည်မှုတစ်ခုနဲ့ လုပ်ခဲ့တဲ့ ပုံပြင်စုဆောင်း ထုတ်ဝေရေးလုပ်ငန်း အပြီးမသတ်သေးတဲ့ လုပ်လက်စတွေကို ကျန်ရစ်တဲ့ကျွန်မက လက်စသတ်ပေးဖို့ စေတနာလည်းရှိတယ်။ တာဝန်ရှိတယ်လို့လည်း ခံယူပြီး အခုစာအုပ်ကလေးကို ထုတ်ဝေလိုက်တာ ဖြစ်ပါတယ်။ နောင်ကိုလည်း ဆက်လက်ပြီး ထုတ်ဝေပေးသွားဦးမှာပါ။

ဆက်သွယ်ရေးလမ်းကြောင်းတွေ အလွန်တိုးတက်နေတဲ့ ဒီခေတ်မှာ တစ်ဦးကိုတစ်ဦး သိနားလည်ရေး ချစ်ကြည်ရေးဟာ ပိုလို့ပဲ လိုအပ်လာပါသေးတယ်။



အင်ဒိုနီးရှားကို ဦးလှက ၁၉၆၃ ခုနှစ်က နှစ်ကြိမ်သွားရောက်ခဲ့ပါတယ်။ အာရှ အာဖရိက သတင်းစာဆရာများ ညီလာခံကြီး အင်ဒိုနီးရှားမှာ ကျင်းပတုန်းက မြန်မာနိုင်ငံ သတင်းစာဆရာအသင်းတို့ရဲ့ ကိုယ်စားလှယ်အဖြစ်နဲ့ သွားရောက်ခဲ့ရတာပါ။

ညီလာခံကြီးက ပြန်လာတဲ့အခါ အင်ဒိုနီးရှားမှာ ဦးလှ နှစ်လနီးပါးကြာမြင့်အောင် နေထိုင်သွားလာခဲ့ရ၊ အိမ်ရှင်သတင်းစာဆရာတွေက နှံ့နှံ့စပ်စပ် လိုက်လံပို့ပေးကြမှုကြောင့် အတော်အတန် လေ့လာကြည့်ရှုခွင့်ရခဲ့တဲ့အတွက် ဦးလှက "အင်ဒိုနီးရှား အနောက်မှအရှေ့သို့" ဆိုတဲ့ စာအုပ်တစ်အုပ် ရေးသားထုတ်ဝေခဲ့ပါတယ်။

အဲဒီစာအုပ် ထုတ်ဝေပြီးတဲ့နောက် ဒီအင်ဒိုနီးရှားပုံပြင်စာအုပ်ကလေးကိုလည်း ထုတ်ဝေဖို့ စီစဉ်ခဲ့တာဖြစ်ပါတယ်။ သူ့အစီအစဉ်ကို ရုတ်တရက် အကောင်အထည်မဖော်နိုင်ခဲ့ဘူး။ အချိန်အတော်ကြာ နှောင်းမှ ကျန်ရစ်သူ ကျွန်မတို့တစ်တွေကပဲ အခုလို လုပ်ဆောင်နိုင်ခဲ့ပါတယ်။

*အားလုံးကို ကျေးဇူးတင်လျက်...*

**လှထုဒေါ်အမာ**

www.burmeseclassic.com

# ကျွဲမှာ ရှေ့သွား ဘာလို့မရှိသလဲ



## ကျွဲမှာ ရှေ့သွားဘာလို့မရှိသလဲ

(ဆီလီဘိစ်ပုံပြင်)

ဟိုရှေးတုန်းကတော့ ကျွဲတွေမှာလည်း တခြားတိရိစ္ဆာန်တွေလို ရှေ့သွားရှိတာပဲလို့ လူတွေက ပြောလေ့ရှိပါတယ်။ အံသွားတွေရော ရှေ့သွားတွေရော အပြည့်အစုံ ကျွဲတွေမှာလည်း ရှိကြတာပဲတဲ့။ အဲဒီလို သွားပြည့်ပြည့်စုံစုံရှိတော့ ဝါးလို့လည်းကောင်း၊ ကိုက်လို့လည်း ရတာမို့ ကျွဲအဖို့ သွားရှိတာဟာ အလွန်ကောင်းတဲ့လက်နက် ရှိနေတာပဲပေါ့။ ဒါပေမဲ့ ကျွဲက အဲဒီကတည်းက သူ့ထက် အလွန်သေးငယ်တဲ့သတ္တဝါဖြစ်တဲ့ လူရဲ့အခိုင်းအစေကို ခံနေတာပဲတဲ့။

တစ်နေ့တော့ ကျွဲကြီးတစ်ကောင်ဟာ နောက်က လူငယ်ကလေး တစ်ယောက်က တုတ်သေးသေးကလေးကိုင်ပြီး မောင်းနေတဲ့ရှေ့က ပျင်းရိပျင်းတွဲနဲ့ လမ်းလျှောက်လာသတဲ့။ ကျွဲမောင်းတဲ့ကလေးက ကျွဲကြီး လမ်းဘေးကမြက်ကို ရပ်စားနေမိရင်ဖြစ်စေ၊ သူသွားစေချင်တဲ့ လမ်းက နည်းနည်းပါးပါးတိမ်းပြီး သွားတယ်ထင်ရင်ဖြစ်စေ၊ ကျွဲကြီး တင်ပါးကို သူ့လက်ထဲကတုတ်ငယ်နဲ့ တဖျပ်ဖျပ်ရိုက်ပြီး သတိပေး တတ်သတဲ့။ အဲဒီလိုဆိုရင် ကျွဲကြီးက သွားမြဲလမ်းကို ဆက်ပြီး သွားပြန်ရောတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ကလေးငယ်တစ်ယောက်က ကျွဲကြီး ဒီလိုမောင်းနေတာကို သစ်ပင်တစ်ပင်ကသစ်ကိုင်းမှာ ရစ်ပတ်နေတဲ့ စပါးအုံးမြွေကြီးက လှမ်းမြင်တယ်။ ဒါကြောင့် ကျွဲကြီး ဒီသစ်ပင်နားရောက်လာတဲ့အခါ တော့ မြွေကြီးက စိတ်ဆိုးနေတဲ့အသံကြီးနဲ့...

"ခင်ဗျားဖြစ်နေပုံကလည်း ရှက်စရာကောင်းလိုက်တာဗျာ" လို့ လှမ်းပြောလိုက်တယ်။

ကျွဲကြီးက "ဘာဖြစ်လို့လဲဗျ" လို့ တအံ့တသြ ပြန်မေးတော့...

"အကောင်ကြီး အင်မတန်ကြီးပြီး ခွန်အားဗလ ဒါလောက်ရှိပါ ရဲ့နဲ့ အကာအကွယ်မဲ့ အကောင်ပေါက်စကလေးက မောင်းနေရိုက်နေ တာကို ခင်ဗျားမို့ ခံနေပလေတယ်၊ နည်းနည်းပါးပါးမှ မခုခံ မတွန်း လှန်ဘူးလား" လို့ မြွေကြီးကပြောတော့...

ကျွဲကြီးက ခပ်အေးအေးပဲ "အေးဗျာ မြင်ရတာတော့ ဆန်းသလို လိုရှိမှာပေါ့၊ နို့ပေမယ့် လူဆိုတဲ့သတ္တဝါမှာ တော်တော်ဆန်းကြယ်တဲ့ အင်အားရှိတယ်။ အဲဒါကို လွယ်လွယ်နဲ့နိုင်အောင် လုပ်လို့မရဘူး။ သူ့ကိုခုခံနေလို့ အလကားပဲ" လို့ ပြန်ပြောတယ်။

ဒီတော့ မြွေကြီးက "ဟာဗျာ... ခင်ဗျားသိပ်မိုက်ပါလား၊ ခင်ဗျားပြောတာတွေ တစ်ခုမှမမှန်ဘူး။ လူကိုနိုင်အောင်လုပ်တာ လွယ် ပါတယ်။ ကျုပ်ကိုသာ လူတစ်ယောက်ယောက်က အခု ခင်ဗျားကို လုပ်နေသလို လုပ်ကြည့်စမ်းပါလား ကျုပ်က ပြန်ဆော်မှာပဲ၊ ဒီလူကို သေတဲ့အထိ ချေမွပစ်လိုက်မှာပဲ" လို့ ပြောတယ်။

ကျွဲကြီးက "အေးကွာ... ကြည့်ကြသေးတာပေါ့" လို့ ပြောပြီး သူ့လမ်းသူ ဆက်သွားသတဲ့။

နောက်များမကြာခင်မှာပဲ စပါးအုံးမြွေကြီးဟာ လူထောင်ထားတဲ့ ထောင်ချောက်ထဲ မိပါလေရော။ မိတော့ မြွေကြီးထွက်မပြေးနိုင်တဲ့



ပခြုပ်ထဲ ထည့်ထားလိုက်တာပေါ့။ အဲဒီညနေ ကျွဲကြီး လယ်ထဲက အလုပ်သိမ်းလို့ အိမ်ပြန်လာတော့ စပါးအုံးမြွေကြီး ပခြုပ်ထဲရောက်နေ တာကို ကလေးငယ်တစ်ယောက်က တုတ်နဲ့ ထိုးထိုးစလို့ မြွေကြီး ဒေါသထွက်ပြီး လျှာကြီးတထုတ်ထုတ်နဲ့ ဖြစ်နေတာကို သွားတွေ့ သတဲ့။ ဒါကိုမြင်တော့ မြွေကြီးနဲ့ကျွဲနဲ့ မကြာသေးခင်ကလေးကပဲ ပြောခဲ့ဆိုခဲ့ကြတာကို ကျွဲကြီးက သွားသတိရတယ်လေ။ ဒါကြောင့် မြွေကြီးကို စချင်တာနဲ့ ကျွဲက "ခင်ဗျား တစ်နေ့က ကျုပ်ကိုပြော လိုက်တာ ဘာတဲ့။ လူကို လွယ်လွယ်နဲ့နိုင်အောင် တိုက်နိုင်ဆို မဟုတ်လား" လို့ ရယ်ပြီးမေးတယ်။

မြွေကြီးက ဒီစကားကြားတော့ ဒေါသလည်းဖြစ်၊ ရှက်လည်း ရှက်၊ အနေလည်းခက်နေတယ်။ ပြီးတော့ တကယ်လို့များ သူက ပြန်ပြောရမယ်ဆိုရင် ဟိုနေ့က ကျွဲကြီးပြောတဲ့စကားမျိုးကိုပဲ ပြန်ပြော ရမှာပေါ့။ ဒါကြောင့် မြွေကြီးက...

"အေး... ခင်ဗျားမြင်တဲ့အတိုင်းပဲ၊ လူမှာ ထူးဆန်းတဲ့အင်အား တစ်မျိုးရှိတယ်။ အဲဒါကို လွယ်လွယ်နဲ့နိုင်အောင် မတတ်နိုင်ဘူး။ ဒါကို ဘယ်လိုပြောရမလဲ ကျုပ်မသိဘူး။ နို့ပေမယ့် ပြန်တိုက်လို့တော့ မနိုင်တာအမှန်" လို့ ပြောတယ်။

ဒါကိုကြားတော့ ကျွဲကြီးက ဟားကနဲ အော်ရယ်တာပေါ့။ ကျွဲကြီးဟာ မြွေစကားကို ရယ်ချင်တာ မချုပ်တီးနိုင်ဘူး။ ဒါကြောင့် ဟား ဟား ဟား ဟားနဲ့ အော်အော်ပြီး ရယ်မိသတဲ့။ အူတက်မတတ် ပဲတဲ့လေ။ ကျွဲကြီးရယ်တာက တအားကြီးမို့ ကျွဲကြီးရဲ့ရှေ့သွားတွေက တစ်ချောင်းပြီးတစ်ချောင်း ကျွတ်ထွက်ကုန်သတဲ့။

ကျွဲဟာ အဲဒီကတည်းကစပြီး သားစဉ်မြေးဆက် ရှေ့သွားမပါ တော့ဘူးတဲ့။

www.burmeseclassic.com

ဇမ်ဘီရဲ့အကြောင်း



BURMESE CLASSIC .com

# ဇမ်ဘီရဲ့အကြောင်း

(ဆူမားတြားပုံပြင်)

ဟိုးရှေးရှေးတုန်းက နိုင်ငံတော်ကြီးကလည်း ကျယ်ပြော၊ ပစ္စည်းဥစ္စာတွေကလည်း ကြွယ်ဝချမ်းသာလှတာမို့ အင်မတန် တန်ခိုးကြီးတဲ့ဘုရင်တစ်ပါးရှိသတဲ့။ ဒီဘုရင် ကြွယ်ဝချမ်းသာတာကတော့ သူ့နိုင်ငံမှာ ရေနံထွက်လို့ ရေနံကရတဲ့ အခွန်ဘဏ္ဍာတွေနဲ့ ချမ်းသာကြွယ်ဝနေတာဖြစ်သတဲ့။ ဒါကြောင့် အိမ်နီးချင်းနိုင်ငံတွေ ဒီဘုရင်ရဲ့ ဥစ္စာရတနာတွေကို လိုချင်ကြ မနာလိုဝန်တိုကြလည်း ဖြစ်သတဲ့။ ဒီဘုရင်ဟာ ပစ္စည်းဥစ္စာတွေ ကြွယ်ဝပေမယ့်လည်း သူ့မှာ မိဖုရားမရှိတဲ့လူပျိုဘုရင်တဲ့။ မိဖုရားက ဘာလို့မရှိရသလဲဆိုတော့ ဘုရင်က အရုပ်ဆိုးလွန်းတော့ မိန်းမတွေက သူ့ကို စိတ်မဝင်စားကြဘူးပေါ့။

တစ်နေ့တော့ မိနန်ကဆော်နယ်မှာ ရုပ်ရည်အလွန်တရာချောမောလှပတဲ့မိန်းကလေး ပီနန်မဆတ်ဆိုတာ ရှိတယ်လို့ ဘုရင်ကြီးကကြားတယ်။ ကြားတဲ့သတင်းက ဒီမိန်းကလေးရဲ့ရုပ်က ဘယ်လောက်

www.burmeseclassic.com

www.burmeseclassic.com



များလှသလဲဆိုရင် သူ့ကို တစ်ခါမြင်တာနဲ့ မူးမေ့မတတ်ဖြစ်ရပြီး မြင်သွားတဲ့လူတိုင်းက မချစ်ဘဲ မကြိုက်ဘဲ မနေနိုင်အောင် ဖြစ်ကုန်ကြတယ်လို့ဆိုတယ်။ ပြီးတော့ ဒီမိန်းကလေး ဒါလောက်လှတဲ့သတင်းကို အနီးအနားနိုင်ငံတွေကလည်း ကြားသိနေကြပြီတဲ့။

လူပျိုဘုရင်က ဒီသတင်းကိုကြားရတဲ့အခါ ဒါလောက်နာမည်ကြီးတဲ့မိန်းကလေးကို သူမရအရယူမယ်။ မိဖုရားမြှောက်မယ်လို့ ပိုင်းဖြတ်လိုက်ပါသတဲ့။ ပြီးတော့ မင်းချင်းယောကျ်ားတွေကို ပီနန်မဆတ်ကို မတွေ့တွေ့အောင် ချက်ချင်းသွားရှာကြ၊ တွေ့တာနဲ့ တစ်ပြိုင်နက်တည်း ဘုရင့်မိဖုရားအဖြစ် လက်ခံဖို့ ပြောကြားခဲ့ကြလို့မှာပြီး ချက်ချင်း မိဖုရားလောင်း အရှာလွှတ်ပါတယ်။

ပီနန်မဆတ်က ချောတာလှတာ အမှန်ပဲ။ နို့ပေမယ့် ချောသလောက် လောဘကြီးတဲ့ မိန်းကလေးဖြစ်တယ်။ လောကမှာ သူလိုချင်တာက စည်းစိမ်ဥစ္စာ ရွှေငွေရတနာတွေပဲ။ ဒါတွေကို ဘယ်လိုရအောင်ရှာရမလဲဆိုတာကိုပဲ သူက အမြဲစိတ်ကူးနေတယ်။ ဘုရင်စေလွှတ်တဲ့ မင်းချင်းတွေဆီက သူ့ကို မိဖုရားမြှောက်ပါရစေဆိုတဲ့စကားကို ကြားရတော့ သူ့ရင်ထဲခံစားရချက်က နှစ်မျိုးဖြစ်နေတယ်။ အလွန်ချမ်းသာတဲ့ ယောကျ်ားကိုရတော့မှာမို့နဲ့ လူ့အရုပ်ဆိုးကို လင်တော်ရမှာလည်း နည်းနည်းမှ စဉ်းစားလို့မရလို့ စိတ်ဆင်းရဲနေတယ်။

ဒါကြောင့် ပီနန်မဆတ်က ဘုရင်ကို လင်မတော်ရဘဲနဲ့ သူ့စည်းစိမ်ပစ္စည်းကို အလကားရနိုင်တဲ့ နည်းတစ်နည်းကို စိတ်ကူးထုတ်

BURMESE CLASSIC .com



ကြည့်ပါတယ်။ အကြံရလာတဲ့အခါတော့ ဘုရင်ကလွှတ်လိုက်တဲ့ မင်းချင်းတွေကို စကားပြန်ပါတယ်။ ပြန်ပုံက ဘုရင်ကြီးကို ယူပါမယ်။ ဒါပေမဲ့ ခြွင်းချက်တစ်ခုထားပါ။ သူ့အတွက် ဘုရင်က အလွန်လှပတဲ့ နန်းတော်တစ်ဆောင်၊ အိမ်ထောင်မှုပစ္စည်းအပြည့်အစုံ တစ်ပါတည်းအပြီး ဆောက်ပြီးပေးပါ။ မိုးလင်းလို့ ကြက်တွန်တဲ့အချိန်မှာ ဒီနန်းတော်ဆောက်လို့မပြီးရင် ဘုရင်ဟာ သူ့ကို မိဖုရားမမြှောက်နိုင်ပါဘူး။ ဒါပေမဲ့ ဆောက်နေတဲ့နန်းတော်ကိုတော့ သူ့ကို ပေးခဲ့ရပါမယ်။ ဒီခြွင်းချက်ကို သဘောတူပါသလားလို့ မေးတယ်။

သူ့ခြွင်းချက်က တကယ်ဖြစ်အောင်လုပ်ဖို့ဆိုတာ အလွန်ခဲယဉ်းတာပဲ။ ဒါပေမဲ့ ဘုရင်က သူ့ကို အလွန်အမင်းကြိုက်နှစ်သက်နေပြီမို့ သဘောတူတယ်လို့ စကားပြန်လိုက်ပါတယ်။ ပြီးတော့ သူ့နိုင်ငံထဲက ရှိရှိသမျှ ဆောက်လုပ်ရေးဝိဇ္ဇာတွေကို အားလုံးဆင့်ခေါ်တယ်။ နန်းတော်ကြီးတစ်ခု တစ်ညတည်းနဲ့အပြီး ဆောက်လုပ်ပေးစေချင်တယ်လို့ ပြောလိုက်တယ်။ ဆောက်လုပ်ရေးသမားတွေက ဒီစကားကြားတော့ သိပ်ပြီးအံ့သြသွားကြတယ်လေ။ နို့ပေမယ့် ဘုရင်က သိပ်လိုချင်နေတာဖြစ်လေတော့ တိုင်းပြည်အတွင်းမှာလည်း ဆောက်လုပ်ရေးဘက်က အလုပ်သမားတွေ အများကြီးအရှိသားကလား။ တစ်ညတည်းနဲ့အပြီးဆောက်နိုင်ရင် ပေးကမ်းမယ့် ဆုတော်ငွေတွေကလည်း နည်းတာမဟုတ်လေတော့ ဖြစ်အောင်လုပ်ပါ့မယ်ပေါ့ကောလို့

www.burmeseclassic.com

www.burmeseclassic.com



လက်ခံကြတယ်။ ပြီးတော့ နိုင်ငံအတွင်း ရှိရှိသမျှအလုပ်သမားတွေကို စုစည်း၊ ဆောက်လုပ်ရေးပစ္စည်းတွေကို အများကြီးစုဆောင်းပြီး အလုပ်စဖို့ အဆင်သင့်ဖြစ်အောင် ပြင်ဆင်ကြတယ်လေ။

ညနေလည်းဝင်ရော ဘုရင်က အလုပ်စလုပ်ကြတော့လို့ အချက်ပေးတယ်။ ဆောက်လုပ်ရေးသမားတွေက တစ်ခါတည်း အလုပ်ဝင်တာပဲ။ အမှောင်ထုလည်းရောက်လာရော မီးအိမ်တွေထောင်ပေါင်းများစွာ ထွန်းညှိပေးတာမို့ လင်းလင်းချင်းချင်း အလုပ်လုပ်လို့ရတယ်။

အဆောက်အဦပုံစံပေါ်လာတဲ့အချိန်ကစပြီး ဘုရင်က ဒီနန်းတော်ကိုပတ်ပြီး လမ်းလျှောက်ရင်း၊ မိုးမလင်းခင်သာပြီးစေ ဆုတော်လာဘ်တော်တွေ အများကြီးပေးမယ်လို့ ခဏခဏ အားပေးစကားပြောပေးပါတယ်။ ညသန်းခေါင်တိုင်တော့ နန်းတော်က တစ်ဝက်ပြီးနေပြီ။ ဒါကြောင့် ဆောက်လုပ်သူတွေက အချိန်မီပြီးမှာပဲဆိုပြီး ပိုကြိုးစားလုပ်ကြတယ်။ ဘုရင်ကလည်း ဝမ်းသာသဘောကျလွန်းလို့ ရယ်လိုက် မောလိုက် လက်ခုပ်တီးလိုက်နဲ့ပေါ့။ ပီနန်မဆတ်ဟာ သူ့မိဖုရား မုချဧကန် ဖြစ်တော့မယ်ရယ်လို့ ဝမ်းသာနေပြီလေ။

ဘုရင်ဝမ်းသာနေသလောက် ပီနန်မဆတ်ကတော့ ဝမ်းမသာပါဘူး။ နန်းတော်ကြီးပေါ်လာလေလေ ဒါလောက်အရုပ်ဆိုးတဲ့ ဘုရင့်မယား ဖြစ်ရချေတော့မယ်လို့ ကြက်သီးထလေလေပဲ။ စိတ်ကူးတွေဆိုတာလည်း သူ့ခေါင်းထဲမှာ အမျိုးမျိုးပေါက်ဖွားနောက်ကျိနေပြီ။



ဘုရင့်မယားမဖြစ်ရအောင် ငါဘယ်လိုကြံရပါ့မလဲဆိုတာကို နည်းမျိုးစုံနဲ့ စဉ်းစားခန်းထုတ်နေပါတယ်။ ဒီစိတ်ကူးတွေကြောင့် အိပ်ဖို့ဆိုတာဝေးလို့ မျက်စိတောင် မှိတ်လို့မရပါဘူး။

နောက်တော့ နန်းတော်ဟာ ကြက်ဦးမတွန်ခင် ပြီးရမယ်လို့ သဘောတူချက်ကို သွားသတိရတာနဲ့ အကြံကောင်းတစ်ခု သူ့ခေါင်းထဲပေါ်လာတယ်။ အဲဒီအကြံကို အကောင်အထည်ဖော်ဖို့ အိပ်ရာပေါ်ကခုန်ဆင်း အဝတ်အစားတွေဝတ် ကြက်ခြံရှိရာကိုသွားလမ်းမှာတွေ့သမျှမီးခွက်တွေကို ယူလာခဲ့တယ်။ ကြက်တွေရဲ့အိပ်တန်းကိုရောက်တော့ မီးခွက်တွေအများကြီးကို တစ်ပြိုင်နက်တည်း ထွန်းပေးလိုက်တာမို့ ကြက်တွေက လင်းပြီထင်ပြီး လန့်နိုးကုန်ကြရော။ နိုးတာနဲ့တစ်ပြိုင်တည်း ထတွန်ကြတာပေါ့။ အကြံသမားပီနန်က တိတ်တိတ်ရယ်လိုက်သေးတယ်။ ပြီးတော့ သူ့အိပ်ရာထဲပြန်ပြီး အိပ်နေလိုက်တယ်။

ဘုရင်ကတော့ ကြက်တွန်သံတွေကြားတဲ့အခါ လင်းမှမလင်းသေးဘဲ ကြက်တွန်တာမို့ တော်တော်ကြီးအံ့သြသွားတယ်။ ဒါပေမဲ့ မူလသဘောတူညီချက်ကို လိုက်နာရမှာမို့ သူ့ဘက်က ရှုံးပါတယ်ဆိုတာ ဝန်ခံရတာပေါ့။ သူအင်မတန်လိုချင်မက်မောတဲ့ ပီနန်မဆတ်ကို မရတော့ပေမယ့် ကတိစကားတည်ချင်တဲ့ ဘုရင်ဖြစ်လေတော့ ပေးပါ့မယ်ဆိုတဲ့ ပစ္စည်းတွေအားလုံးကို ဘုရင်က ပေးလိုက်ပါတယ်။ မပြီးသေးတဲ့နန်းတော်ကိုလည်း ပြီးအောင်ဆောက်ခိုင်းတာပဲ။ မနက်

www.burmeseclassic.com



လင်းတော့ ဘုရင်က ပီနန်မဆတ်ကို ရွှေတော်သို့ခေါ်စေပြီး မူလကတိရှိတဲ့ နန်းတော်ကြီးကိုသာမက ဘုရင်မင်းမြတ်က ချစ်မြတ်နိုးတော်မူတဲ့ အထိမ်းအမှတ်နဲ့ နောက်ထပ်လို့လည်း ငွေကြေးပစ္စည်းပစ္စယတွေ အများကြီး ပေးလိုက်ပါသေးတယ်။

ပီနန်မဆတ်ဟာ ပစ္စည်းတွေ ဒါလောက်ရသွားတော့ ကျေနပ်မှုအများကြီးရှိသွားမှာပေါ့လို့ ထင်စရာပဲ။ နို့ပေမယ့် ဒီမိန်းမက မကျေနပ် မရောင့်ရဲပါဘူး။ နိုင်ငံတစ်နိုင်ငံလုံးကို သိမ်းပိုက်နိုင်မှ ကျေနပ်မယ်တဲ့လေ။ ဒါကြောင့် ဘုရင်ကပေးတဲ့ ငွေကြေးတွေနဲ့ သူက လျှို့ဝှက်ပြီး စစ်သားတွေကို ငှားရမ်းစုဆောင်းပါတယ်။ ပြီးတော့ ဒီစစ်သားတွေနဲ့ ဘုရင်ကို တော်လှန်တိုက်ခိုက်ပြီး သူ့နန်းစည်းစိမ်ကို ရယူမယ်လေ။

တစ်နေ့တော့ သူ့စစ်သားတွေက ဘုရင်ကို ဘာရာဇသံမှပေးမနေဘဲ အလစ်မှာ ဝင်တိုက်ကြတယ်။ မမျှော်လင့် မထင်မှတ်ဘဲ ဗြုန်းခနဲအတိုက်ခံရတော့ ဘုရင့်စစ်သားတွေက ရှုံးရတာပေါ့။ ဘုရင်ကိုလည်း အရှင်ဖမ်းမိပြီး မည်းမှောင်တဲ့ထောင်ကြီးထဲ ချထားလိုက်တယ်။ ပီနန်မဆတ်က ဘုရင့်နေရာမှာ တစ်ခါတည်းဝင်ပြီး အုပ်ချုပ်တယ်။ ဒီမိန်းမဟာ သူ့လောဘပြည့်ပြီပေါ့။

ဘုရင်မအသစ်ကို “ပီနန်ဘုရင်မ” လို့ပဲ ခေါ်တွင်ကြပါတယ်။ နို့ပေမယ့် ဒီနိုင်ငံကစကားအရ ပီနန်ဆိုတာ ဇမ်ဘဲ။ ဇမ်ဘဲက ဘာလဲလို့မေးရင် ဇမ်ဘဲက ကွမ်းသီးကိုခေါ်တဲ့စကားပါ။ ဘုရင်မကို ဇမ်ဘဲ



ဘုရင်မ၊ သူ့နိုင်ငံကိုလည်း ဇမ်ဘဲနိုင်ငံလို့ ခေါ်ဝေါ်ကြပါတယ်။ နောက်တော့ ကာလရွေ့လျားလို့ ဇမ်ဘဲက ဇမ်ဘီဖြစ်လာပါတယ်။ ဇမ်ဘီဟာ ကနေ့ထက်ထိ ခေါ်ဝေါ်တဲ့အမည်ပါ။ ရေနံအလွန်ထွက်တဲ့ဒေသလို့ နာမည်သိပ်ကြီးပါတယ်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ခြင်ဟာ တဝီဝီ ဘာလို့အော်သလဲ



BURMESE CLASSIC .com

## ခြင်ဟာ တဝီဝီဘာလို့အော်သလဲ

(ဂျာဝါးပုံပြင်)

ခြင်ကောင်တွေဟာ ရှေးက အခုလို အကောင်သေးသေးကလေး မဟုတ်ဘူး။ တော်တော်ကြီးတဲ့အကောင်တွေဖြစ်သတဲ့။ ဘယ်လောက် အထိကြီးသလဲဆိုရင် ကြက်ဖတစ်ကောင်လောက်ကို ခြင်ကကြီးသတဲ့။ ပြီးတော့ ဒီခြင်ကြီးတွေကို တိရစ္ဆာန်တကာကပဲ မုန်းတီးကြောက်ရွံ့ကြ သတဲ့။ ဘာလို့လဲဆိုတော့ ခြင်က တိရစ္ဆာန်တကာရဲ့သွေးကိုစုပ်ပြီး အသက်ရှင်တဲ့အကောင်ပေကိုး။

ပြီးတော့ ခြင်က အစားလည်းသိပ်ကြီးတာတဲ့။ ဒါကြောင့် သူ့ဆာလို့ ဆိတ်တစ်ကောင်ကိုကိုက်ပြီး သွေးစုပ်လိုက်တယ်ဆိုရင် ဒီဆိတ်ဟာ သေရှာတာပဲတဲ့။ ဒါကြောင့် တောထဲက ရှိသမျှအကောင် တွေက သူနဲ့မတွေ့အောင် ရှောင်နိုင်သမျှရှောင်ကြတယ်။ သူလာနေသံ ကြားရင်လည်း ပုန်းနေကြတာပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒီခြင်ကြီးမှာ သူ့အင်မတန်မြတ်နိုးနှစ်သက်တဲ့ အရာနှစ်ခုရှိသတဲ့။ ပထမတစ်ခုကတော့ ရွှေအစစ်နဲ့လုပ်ထားတဲ့ နားကပ်တစ်ရံတဲ့။ ဒီနားကပ်ကိုပန်ပြီး ပျံသွားတဲ့အခါ ရွှေနားကပ်ကြီးက နေရောင်မှာ တလက်လက်နဲ့နေတာကိုး။ ခြင်က ဒါကို သိပ်သဘောကျသတဲ့လေ။ ဒုတိယကတော့ တောစပ်မှာနေတဲ့ မိန်းမပျိုတစ်ယောက်နဲ့ အသိမိတ်ဆွေ ဖြစ်နေရတဲ့အတွက်တဲ့။ ခြင်ကြီးက ဒီမိန်းမဆီကို မကြာခဏ သွားလည်ပြီး တစ်နေကုန် ရယ်မောစကားပြောနေတတ်သတဲ့။

တစ်နေ့တော့ ဒီမိန်းမငယ်က ခရီးတစ်ခု သွားစရာရှိနေပါလေရော။ သူက အလှဆုံး ပြင်ဆင်ခြယ်သသွားချင်တယ်။ ဒါပေမဲ့ သူ့မှာ လက်ဝတ်လက်စား ရွှေငွေအထည်က ဘာမှမရှိဘူး။ ဒါကြောင့် ခြင်ကြီး သူ့အိမ်ကိုအလည်လာတော့ ခြင်ကြီးရဲ့နားကပ်ကို သူက တစ်နေ့လောက်ငှားပါလို့ ပြောပါလေရော။ ခြင်ကြီးက တကယ်တော့ သူ့နားကပ်ကို ဘယ်သူ့မှမငှားချင်ဘူး။ ဒါပေမဲ့ ဒီမိန်းမက သူ့မိတ်ဆွေ ဖြစ်နေလေတော့ ငြင်းလို့မကောင်းတာနဲ့ ငှားဖို့သဘောတူလိုက်ရတယ်။ နို့ပေမယ့် နားကပ်ကို တစ်ရက်ဆိုတစ်ရက်တည်း ငှားမှာနော် လို့လည်း မိန်းမကို ခြင်ကြီးကပြောတယ်။ မိန်းမပျိုကလည်း သဘောတူပါတယ် စိတ်ချပါလို့ပြောပြီး နားကပ်ကို ဝမ်းမြောက်ဝမ်းသာပန်ပြီး ခရီးထွက်သွားပါတယ်။

နားကပ်ကလေးက ပန်လိုက်တော့ သိပ်လှနေတာကိုး။ ဒါကြောင့် မိန်းကလေးက အချိန်တိုင်တော့ ပြန်ပေးဖို့ရာ မပေးချင်ဘဲ ဖြစ်နေပါ



တော့တယ်။ နောက်တစ်နေ့မှာ ခြင်ကောင်ကြီးက သူ့နားကပ်ပြန်ပေးလာလိမ့်မယ်လို့ စောင့်တယ်။ အချိန်တိုင်ပေမယ့် လာမပေးဘူး။ ဒါကြောင့် စိတ်ဆင်းရဲတယ်။ ဒုတိယနေ့ရောက်ပြန်တော့လည်း မိန်းကလေးရဲ့အရိပ်အယောင်မှ မမြင်ရဘူး။ အဲဒီတော့ ပိုပြီးဒေါသဖြစ်လာတယ်။ တတိယနေ့ရောက်တော့ ခြင်ကြီးက စိတ်မရှည်နိုင်တော့ဘူး။ မိန်းကလေးအိမ်ကိုသွားပြီး သူ့နားကပ်ကို အတင်းတောင်းမှပဲလို့ ပိုင်းဖြတ်လိုက်တယ်။

ခြင်ကြီး ဒေါသတကြီးလိုက်လာတဲ့အသံကို မိန်းကလေးက သူ့အိမ်ထဲကနေပေမယ့် အဝေးကြီးကတည်းက ကြားနေရတယ်။ ဒါပေမဲ့ ဒီအချိန်မှာ မိန်းကလေးက နားကပ်ကို ပြန်မပေးတော့ဘူးလို့ ပိုင်းဖြတ်ပြီး ပြန်မပေးရအောင် ဘာဖြစ်ဖြစ် လုပ်မှာပဲလို့လည်း အောက်မေ့လိုက်တယ်။ ခြင်ကြီးရဲ့အကြောင်းကိုလည်း မိန်းကလေးက သိပြီးဖြစ်နေလေတော့ ခြင်ကြီးဟာ အကြမ်းဖက်တော့မှာပဲ။ အဲဒီတော့ ငါ့ကိုယ်ကို ကာကွယ်မှပဲဆိုပြီး အစစပြင်ဆင်ထားပါသတဲ့။ မိန်းကလေးက ရေစိုနေတဲ့ ကောက်ရိုးတွေကိုယူပြီး မီးနဲ့တိုက်တယ်။ ဒါကြောင့် သူ့အိမ်ခန်းတစ်ခန်းလုံး မီးခိုးတွေနဲ့လုံးပြီး ပိတ်နေပြီ။ မီးခိုးတွေက ဘယ်လောက်များသလဲဆိုရင် အိမ်ထဲမှာ ဘာမှတောင်မမြင်ရတော့ဘူး။

မိန်းကလေးက အဲဒီလို အကာအကွယ်တွေလုပ်နေတုန်းမှာပဲ ခြင်ကြီးရောက်လာပြီး သူ့နားကပ်ကို ပြန်ပေးပါတော့လားလို့ တံခါးကိုထုပြီး တောင်းပါတော့တယ်။ အိမ်ထဲက ဘာသံမှ ပြန်ထူးဖော်မရ

www.burmeseclassic.com



တော့ ခြင်ကြီးလည်း ဒေါသဖြစ်အားကြီးတာနဲ့ သူ့ကိုယ်လုံးနဲ့တံခါးကို အတင်းဆောင့်ပြီး တိုက်လိုက်တာ တံခါးပွင့်ထွက်သွားပါရော။ သူလည်း အားလွန်ပြီး အိမ်ထဲ ဝုန်းကနဲဆို ရောက်လာတာပေါ့။

ခြင်ကြီးက အိမ်ထဲမှာ မိန်းကလေးကိုရှာတယ်။ ဒါပေမဲ့ မီးခိုးတွေက သိပ်လုံးနေတော့ ဘာမှ သဲသဲကွဲကွဲမမြင်ရဘူး။ မီးခိုးတွေက မျက်စိထဲလည်းဝင်၊ နှာခေါင်းထဲလည်းဝင်ပြီး အဆုတ်ထိအောင် ရောက်ကုန်တော့ ခြင်ကြီးက ချောင်းတွေဆိုးပြီး တံတွေးတွေ ထွေးရ အန်ရ ဖြစ်ကုန်သတဲ့။ နောက်ဆုံးကျတော့ မူးမေ့သွားပြီး ခြင်ကြီး ကြမ်းပေါ်လဲကျသွားပါရော။

ခြင်ကြီး ဒီအဖြစ်ရောက်မှာကိုပဲ မိန်းမကလည်း စောင့်နေတာလေ။ ပျဉ်ပြားတစ်ချောင်းကိုဆွဲယူပြီး ကြမ်းပေါ်လဲနေတဲ့ ခြင်ကြီးကို ဘယ်ပြန်ညာပြန် လိမ့်လိမ့်ရိုက်တော့တာပဲ။ ရိုက်ပါများတော့ ခြင်ကြီးဟာ တဖြည်းဖြည်းနဲ့ သေးသေးပြီးသွားလိုက်တာ နောက်ဆုံးတော့ သူ့လက်သန်းဖျားလောက် သေးသေးကလေးကျန်တော့သတဲ့။ ခြင်ကြီးဟာ အရိုက်ခံရဖန်များတော့ အကောင်ကသာ သေးသေးသွားတယ် သေတော့မသေဘူးတဲ့။ ဒါကြောင့် ခြင်က ကြမ်းပေါ်ကထပျံပြီး ဒီမိန်းမမျက်နှာနား တဝဲဝဲနဲ့လုပ်ရင်း အသံသေးကလေးနဲ့ တေးချင်း တစ်ပုဒ်ကို သီဆိုနေပါလေရောတဲ့။

ဒါကြောင့် ကနေ့တွေ့ရတဲ့ ခြင်တွေဟာ အကောင်ကလေး သေးသေးကလေးဖြစ်နေတာတဲ့လေ။ ဒါပေမဲ့ ညအချိန်ရောက်ပြီဆိုရင်



ခြင်က လူတွေအိပ်နေရင်တောင်မှ လူတွေရဲ့မျက်နှာပေါ်မှာ တဝဲဝဲနဲ့ ပျံသန်းနေပြီး သူ့နားကပ်ပြန်ပေးပါလို့ လူတွေကြားအောင် နားနားမှာ တဝီဝီအော်ရင်း တောင်းနေတာဖြစ်သတဲ့ကွယ်။

www.burmeseclassic.com

www.burmeseclassic.com

# ခွေးနဲ့ ကြောင် ဘာကြောင့် ကမ္ဘာ့ရန်ဖြစ်ရသလဲ



BURMESE CLASSIC .com

## ခွေးနဲ့ကြောင် ဘာကြောင့် ကမ္ဘာ့ရန်ဖြစ်ရသလဲ

(ဂျာဝါးပုံပြင်)

ဟိုရှေးတုန်းကတော့ ရှိရှိသမျှတိရစ္ဆာန်တွေဟာ အချင်းချင်း သင့်သင့်မြတ်မြတ် ချစ်ချစ်ခင်ခင်ပဲ နေကြသတဲ့။ ဘယ်အကောင်ကမှ ဘယ်အကောင်ကို စားတယ်ဝါးတယ်မရှိဘူး။ တစ်ကောင်က တစ်ကောင်ကို တတ်နိုင်သလောက် ကူညီစရာရှိရင် ကူညီဖို့ အမြဲ စေတနာထားသတဲ့။ ဒီလိုနေကြတာမို့ တစ်နေ့တော့ တိရစ္ဆာန်တွေ အားလုံး စုဝေးတဲ့ အစည်းအဝေးကြီးခေါ်ပြီး ရှေးကထက် ငြိမ်းငြိမ်း ချမ်းချမ်း ညီညီညွတ်ညွတ် နေထိုင်ရေးကို ဆွေးနွေးကြဖို့ စီစဉ်သတဲ့။

ဒီအစည်းအဝေးမှာ ခြင်္သေ့ကြီးက ဥက္ကဋ္ဌလုပ်တယ်။ အစည်း အဝေးစပါတော့မယ်လို့ ကြေညာမယ့်အလုပ် ကုလားအုပ် မရောက် သေးတာကို ခြင်္သေ့က သတိပြုလိုက်မိတယ်။ ကုလားအုပ်မလာသေး ဘဲနဲ့ အစည်းအဝေးမစချင်လို့ ကုလားအုပ်ဘယ်မှာတွေ့ခဲ့ကြသလဲလို့

www.burmeseclassic.com

www.burmeseclassic.com



ခြင်္သေ့ကမေးပါတယ်။ ဘယ်သူကမှ ကုလားအုပ်ကို မမြင်ခဲ့ကြဘူး။ အဲဒီတော့ ခြင်္သေ့ကြီးက စိတ်ပူသွားတယ်။ အန္တရာယ်တစ်ခုခုကြောင့် ကုလားအုပ် အစည်းအဝေးမတက်နိုင်တာများ ဖြစ်မလားပေါ့။ ဒါကြောင့် ခုရှိကြတဲ့ တိရစ္ဆာန်တွေထဲက တစ်ကောင်ကောင်ကများ ကုလားအုပ်ကို သွားရှာပေးနိုင်ကြမလားလို့ မေးပါတယ်။

ခြင်္သေ့ကြီးစကားလည်းဆုံးရော ခွေးက နေရာကခုန်ထပြီး သူသွားရှာပါရစေလို့ ခွင့်တောင်းတယ်။ ခွေးက သူ့အစွမ်းကိုလည်း ဂုဏ်ယူတယ်။ သူသွားရှာရင် ခဏနဲ့တွေ့လိမ့်မယ်လို့လည်း ထင်တယ်။ နို့ပေမယ့် အခုခက်နေတာက ခွေးကကုလားအုပ်ကို မမြင်ဖူးဘူး။ အဲဒီတော့ ကုလားအုပ်ဆိုတာ ဘယ်လိုအကောင်မှန်းမသိဘူးပေါ့။

"ဥက္ကဋ္ဌကြီးခင်ဗျား၊ ကျွန်တော် ကုလားအုပ်ကိုတွေ့အောင် ရှာပေးပါ့မယ်၊ ဥက္ကဋ္ဌကြီးကသာ ကုလားအုပ်ဆိုတာ ဘယ်လို အကောင်မျိုးကွလို့ တစ်ဆိတ်ပြောတော်မူပါ" လို့ ခွေးကပြောတော့…

ခြင်္သေ့က "ကုလားအုပ်တွေ့ဖို့ လွယ်ပါတယ်၊ သူက ကျော ပေါ်မှာ ဘို့ကြီးရှိတဲ့အကောင်မို့လား" လို့ ပြောတော့…

ခွေးက ကုလားအုပ်အကြောင်း ဒါလောက်သိရရင် တော်ပြီပေါ့။ တစ်ခါတည်း နေရာကထွက်ပြေးသွားတော့တယ်။ တိုက်ဆိုင်ချင်တော့ ကြောင်တစ်ကောင်ကလည်း ဒီအစည်းအဝေးကို ရောက်မလာသေးဘူး။ နို့ပေမယ့် ခြင်္သေ့က ကြောင်မလာရောက်သေးတာကိုတော့



သတိမထားမိဘူးလေ။ ကြောင်က အစည်းအဝေးနောက်ကျနေမှာစိုးလို့ ကဆုန်ချပြီးပြေးအလာ ခွေးကလည်း အစည်းအဝေးက အမြန်ဆုံး ပြေးအထွက်ခဲ့၊ လမ်းက ချုံပုတ်တွေရဲ့ဘေးက တစ်လမ်းတည်း ဆိုတော့ တစ်ကောင်နဲ့တစ်ကောင် အရှိန်ကြီးနဲ့ တိုက်မိကြတာပေါ့။

ကြောင်က ချက်ချင်း ကိုယ်ရှိန်သတ်လိုက်နိုင်တယ်။ ဒါပေမဲ့ တစ်ဖက်ရန်သူက သူ့ကို ရန်မူမယ်ထင်လို့ ကြောက်လို့ ကြောင်က သူလုပ်နေကြထုံးစံအတိုင်း ကိုယ်ကြီးကို ကုန်းထားလိုက်တယ်။ အဲဒီလို ကြောင်ကကုန်းနေတာကို ခွေးက ဒါဟာ ကုလားအုပ်ကျောက ဘို့ပဲ။ ကုလားအုပ်ကို သူတွေ့ပြီလို့ တစ်ခါတည်း တွက်လိုက်တယ်။

"လာ မိတ်ဆွေ ခင်ဗျား အစည်းအဝေးနောက်ကျနေလိမ့်မယ်၊ ကျုပ်နဲ့ တစ်ခါတည်း အတူသွားကြစို့" လို့ ခွေးက အသက်မှန်အောင် ရှူရင်း ခေါ်တယ်။

ကြောင်ကလည်း အချေအတင် ဘာမှပြောမနေချင်တာနဲ့ ခွေးနဲ့ အတူ နှစ်ကောင်ယှဉ်ပြီး အစည်းအဝေးကို အမြန်ဆုံးလာကြတယ်။ သူတို့နှစ်ကောင် အစည်းအဝေးလုပ်မယ့်နေရာကို ရောက်ကြတော့ စုဝေးနေတဲ့တိရစ္ဆာန်တွေဟာ ရုတ်ရုတ်သဲသဲ ဖြစ်သွားပါတယ်။ ဘာလို့လဲဆိုတော့ အားလုံးမျှော်နေကြတာက ကုလားအုပ်။ ပါလာတာက ကြောင်။ ဒါကြောင့် ပထမတော့ ခိုးခိုးခစ်ခစ်နဲ့ ကြိတ်ရယ်ကြတယ်။

www.burmeseclassic.com



နောက်တော့ မအောင့်နိုင်လို့ ခွေးရဲ့အမှားကို ဝါးကနဲရယ်ကြတာဟာ တစ်တောလုံး ပွက်လောရိုက်သွားပါတော့တယ်။

ခွေးက ပထမတော့ တိရစ္ဆာန်တွေရဲ့အပြုအမူကို နားမလည်နိုင်ဘူး။ သူ့ကို ဘာကြောင့်ရယ်ကြပါလိမ့်လို့ သိပ်သိချင်တယ်။

ခြင်္သေ့ကြီးက "အေးကွာ သူတို့က ကုလားအုပ်ကြီးကိုမျှော်နေကြတာ၊ မင်းက ကြောင်ကိုခေါ်လာတာကိုး၊ ကြည့်ပါ့လားကွ ကြောင်မှာ ဘယ်ဘို့ရှိလို့လဲ" လို့ ပြောတော့ ခွေးက ဇပ်ဆို ကြောင်ကို လှမ်းကြည့်လိုက်တယ်။ ဟုတ်ပ၊ ကြောင်မှာ ဘို့မရှိပါဘူး။ အဲဒီမှာ ခွေးက အရမ်းဒေါသဖြစ်သွားတယ်။ ကြောင် သူ့ကို တမင်ညစ်ပြီး လိမ်တယ်ထင်တာကိုး။ နှစ်ခါပြန် မစဉ်းစားတော့ဘူး။ သွားကိုဖြဲပြီး ခွေးကကြောင်ကို ခုန်အုပ်တော့တာပါပဲ။ ဒါပေမဲ့ ကြောင်ကလည်း သတိနဲ့အကောင်ဟုတ်လား။ ခွေးအုပ်တာကို ဘယ်အမိခံမလဲ။ တိမ်းတာပေါ့။ ခွေးက နောက်တစ်ကြိမ် ခုန်ပြီးအုပ်မယ်လုပ်တော့ ကြောင်က လွတ်ရာလွတ်ကြောင်းအတွက် နီးရာသစ်ပင်တစ်ပင်ပေါ်ကို တက်ပြေးပါရော။

ခွေးဆိုတာ သစ်ပင်တက်နိုင်တာမှ မဟုတ်ဘဲကလား။ ကြောင်ရဲ့နောက်ကို ခွေးက မလိုက်နိုင်ဘူးပေါ့။ ဒေါသနဲ့ သစ်ပင်အောက်က ထိုင်စောင့်ရင်း...



"ဟေ့ ကြောင် ဒီနေ့ကစပြီး မင်းနဲ့ငါနဲ့ ကမ္ဘာ့ရန်ပဲကွ၊ ငါ့သားမြေးတွေက မင်ိ့သားမြေးတွေကိုကိုက်မယ် သတ်မယ် ဘယ်တော့မှ မကျေတော့ဘူးကွ၊ မှတ်ထား" လို့ အလေးအနက်ကြီး ခွေးက ကြေညာလိုက်တော့သတဲ့။

အဲဒီအချိန်ကစပြီး ခွေးနဲ့ကြောင်တွေ့တိုင်း မတည့်လိုက်ကြတာ ကနေ့ထက်ထိပါရောတဲ့ကွယ်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# တစ်လမ်းသွား မိတ်ဆွေ



## တစ်လမ်းသွားမိတ်ဆွေ

(စီလီဘီစ်ကျွန်းမှပုံပြင်)

ရှေးတုန်းက ချစ်ခင်ရင်းနှီးတဲ့ သူငယ်ချင်းမိတ်ဆွေနှစ်ယောက် ရှိသတဲ့။ တစ်ယောက်က ဟာစံတဲ့။ သူက တောသား ရွာကလေး တစ်ရွာက လယ်သမားပေါ့။ တစ်ယောက်ကတော့ မြို့သား မြို့ အလုပ်သမား။ သူ့နာမည် မက္ကမတ်တဲ့။ သူငယ်ချင်းချင်း ချစ်ကြလွန်းလို့ တနင်္ဂနွေနဲ့ ရက်အားရတဲ့နေ့တွေမှာ မြို့သားမက္ကမတ်က တောရွာမှာနေတဲ့ ဟာစံဆီကို အမြဲအလည်လာတယ်။ တစ်နေကုန် ရွာမှာနေပြီး ညနေစောင်းမှ မြို့ပြန်သတဲ့။ ဟာစံက သူမိတ်ဆွေ တောကို ဒီလိုအလည်လာဖော်ရတာကို သိပ်သဘောကျလို့ ညနေ မက္ကမတ် မြို့ပြန်တော့မယ်ဆိုရင် သူ့ခြံထဲက သစ်သီးဝလံတွေကို အမြဲတမ်း ရွေးဆွတ်ပြီး လက်ဆောင်ပေးလိုက်တာပဲ။ တစ်ခါတလေ ငှက်ပျောခိုင်၊ တစ်ခါတလေ သင်္ဘောသီး၊ တစ်ခါတလေ အခင်းက ဖရင်းသီး ဟင်းရွက်၊ တစ်ခါတလေ ကြက်ဥ၊ ဘဲဥ၊ တစ်ခါတလေ ကြက်များတောင် လက်ဆောင်ပေးလိုက်သတဲ့။ ဟာစံဟာ ဖွင့်ပွင့်လင်းလင်း လည်းရှိတယ်။ ရက်ရောတယ်။ ရိုးသားတယ်လေ။

www.burmeseclassic.com

www.burmeseclassic.com



ဒီသူငယ်ချင်းနှစ်ယောက်မှာ ဆန်းတာတစ်ခုတော့ရှိတယ်။ အဲဒါက ဘာလဲဆိုတော့ အိမ်လည်လာတာဟာ မက္ကမတ်ချည်းပဲ။ ဟာစံက မက္ကမတ်ဆီ အလည်သွားတယ်ရယ်လို့တော့ တစ်ခါမှ မရှိဘူး။ ဟာစံက ရှက်လည်းရှက်တတ်တာကိုး။ အဲဒီတော့ မြို့ကသူငယ်ချင်းဆီ သူအလည်သွားရင် မြို့ကလူတွေက သူ့ကို တောသားဆိုပြီး အလှောင်အပြောင်ခံရမှာကို သူက ကြောက်ရှာတယ်။ ဒါကြောင့် ဟာစံကတော့ အိမ်ကမခွာဘူး။ လာရင် မက္ကမတ်ပဲ သူ့အိမ်ကိုလာပေါ့။ မက္ကမတ်ကလည်း သူငယ်ချင်းရယ် ငါကချည်း မင်းဆီ အလည်လာနေတယ်။ မင်းကလည်း တစ်ခါတလေများ ငါ့ဆီလာပါဦးတော့လို့ ဘယ်တော့မှ မပြောဘူးတဲ့။ သူလာနေရရင် ကျေနပ်နေတဲ့လူတဲ့။ ဒါကြောင့် သူငယ်ချင်းနှစ်ယောက် ဒီပုံစံနဲ့ ချစ်ခင်နေလိုက်ကြတာ နှစ်တွေအကြာကြီးဆိုကိုး။

တစ်နေ့တော့ ဟာစံက မိန်းမရပါရော။ မိန်းမရတော့လည်း ဟာစံက သူငယ်ချင်းမက္ကမတ်ကို သေသေချာချာဖိတ်ပြီး အထူးဧည့်သည်တော်အဖြစ်နဲ့ ကောင်းကောင်းမွန်မွန် ကျွေးမွေးဧည့်ခံရှာတယ်။ အကောင်းဆုံးကိုကျွေး၊ အကောင်းဆုံးကိုတိုက်ပြီးတဲ့နောက် မင်္ဂလာဧည့်ခံပွဲသိမ်းချိန်က နောက်ကျလေတော့ မက္ကမတ်ကို အချိန်မဲ့မှာ မပြန်စေဘဲ ဟာစံက သူ့အိမ်မှာပဲ အိပ်ခိုင်းတယ်။

နောက်မနက်လင်းတော့ ဘယ်သူမှမထခင် ဟာစံက အိပ်ရာကထတယ်လေ။ ဟာစံက သူ့ဘဝသူ အလွန်ကျေနပ်နေတာကိုး။ သူ့မှာ ချစ်စရာကောင်းတဲ့ ဇနီးမယားကလေးလည်းရနေပြီ၊ အလွန်သစ္စာရှိတဲ့ မိတ်ဆွေသူငယ်ချင်းလည်း ရှိနေပြီကိုး။ ဒီအပြင်လည်း သူ့မှာ ပစ္စည်း



ပစ္စယတွေ အများကြီးရှိပါသေးတယ်။ ဒီရွာမှာ သူက အချမ်းသာဆုံး လယ်သမားပါ။ ဒါကြောင့် အခုလို မင်္ဂလာပွဲအခါမှာ သူ့သူငယ်ချင်းကို အခါတိုင်းထက်ပိုပြီး ထူးကဲတဲ့လက်ဆောင်တွေပေးဖို့ သူက စိတ်ကူးပြီးသား။

ဒါကြောင့် ခြံထဲသွားပြီး လက်ဆောင်အမျိုးစုံ ရွေးယူစုဆောင်းနေပါတော့တယ်။ ပထမဆုံး နံ့သာပုငှက်ပျောခိုင်ကြီးကို ခုတ်တယ်။ ကြက်ဥနဲ့ဘဲဥ အလုံး (၄၀) ယူတယ်။ ကြက်ဖ (၄) ကောင်ကိုလည်း ကြိုးနဲ့ချည်လိုက်တယ်။ ဒါတွေပြီးတော့မှ မုန်လာထုပ်တွေ၊ အာလူးတွေ၊ ပဲသီးတွေ အခင်းထဲက လတ်လတ်ဆတ်ဆတ်ခူးနှုတ်ပြီး ထည့်သေးတယ်။ ဟာစံပေးတဲ့လက်ဆောင်တွေက များလွန်းလို့ မက္ကမတ်ကို မြင်းနဲ့လိုက်ပို့ရမှာ မြင်းပေါ်ကတင်ပေးတော့ သူတစ်ယောက်တည်းနဲ့ မနိုင်လို့ တစ်ယောက်က ဝိုင်းကူတင်ပေးလိုက်ရသေးတယ်။

မနက်အစာကြီးစာကို ဝဝလင်လင်ကျွေးပြီးမှ ဟာစံက သူ့သူငယ်ချင်းမက္ကမတ်ကို ကားလမ်းအထိ လမ်းလျှောက်ပြီး လိုက်ပို့ပါသေးတယ်။ ဟာစံထက် သူငယ်ချင်းအပေါ် သဒ္ဓါတဲ့လူတော့ လောကမှာ ရှိမယ်မထင်ပါဘူး။

ထုံးစံအတိုင်း တနင်္ဂနွေတိုင်းပြန်တော့ မက္ကမတ်က ဟာစံဆီ အလည်ရောက်လာပြန်ပါရော။ ဟာစံကလည်း ဝမ်းပန်းတသာ ဆီးကြိုဧည့်ခံပြန်တာပဲ။ တစ်နေကုန် ပြောကြဆိုကြ ရယ်ကြမောကြပြီး ညနေစောင်းပြီဆိုရင် မက္ကမတ်က အိမ်ပြန်တော့မယ်လေ။ ပြန်မယ်ဆိုတော့ ဟာစံက ထုံးစံအတိုင်း ခြံထွက်ပစ္စည်းတွေ ဖောဖောသီသီ လက်ဆောင်ပေးပြီး ကားလမ်းမကြီးအထိ လိုက်ပို့ပြန်တာပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပို့ပြီး အိမ်ပြန်ရောက်တော့ ဟာစံရဲ့မိန်းမက "ရှင့် မြို့သား မိတ်ဆွေအကြောင်း ကျွန်မပြောပြပါဦးရှင်" လို့ ဆိုလို့ ဟာစံက သူငယ်ချင်းအတွက် ဂုဏ်ယူချက်အပြည့်နဲ့ "ကျုပ်ရဲ့ အကောင်းဆုံး မိတ်ဆွေပေါ့။ ကျုပ်ကို ချစ်လည်းချစ်တယ်။ ကျုပ်အပေါ် သစ္စာလည်း ရှိတယ်။ နှစ်ပေါင်းမရေနိုင်ဘူး။ တနင်္ဂနွေနေ့ဆိုရင် ကျုပ်ဆီကို အလည်ရောက်လာတာပဲ။ ခုကျုပ်မိန်းမရနေတော့ ကျုပ်တို့နှစ်ယောက် ဆီကို သူအလည်လာရှာတော့မှာပေါ့"

ဟာစံ့မိန်းမက နောက်ထပ်တစ်ခု ဆင့်မေးပြန်တယ်။ "ရှင်က သူ့ကို လက်ဆောင်တွေ ဘာလို့အမြဲတမ်းပေးတာလဲ" "ဩော် ခက်ပါဘိမိန်းမရယ်၊ ဒါလောက်သစ္စာရှိတဲ့ မိတ်ဆွေတစ်ယောက် ကိုယ့်ဆီ တကူးတကလာလည်ရှာတာကို ကိုယ်က လက်ချည်းပြန် စေလို့ တော်ပါ့မလား ပေးရမှာပေါ့၊ တို့မှာလည်း ပေါတယ်ဟုတ် လား။ အဲဒီတော့ သူလာတဲ့အခါ အနည်းအပါးပေးလိုက်ရတာကို ကျုပ်က သိပ်ဝမ်းသာတယ်။"

"ကျွန်မစိတ်ထဲ ရှင်ကဘာလို့ သူ့မြို့တစ်လှည့်တစ်ပတ် အလည် မသွားတာလဲဆိုတာတော့ ကျွန်မ နားမလည်ဘူးရှင့်" ဒီလိုပြောလိုက် တော့ ဟာစံက ရုတ်တရက် သူဘာပြန်ဖြေရမှန်းမသိဘူး။ မြို့သွား ရမှာ သူ့အဖို့ မပ္ပံမရဲ့ရှိတာ၊ ရက်တာကို ဖွင့်ပြောရမှာလည်း ဝန်လေး တယ်။ ဒါကြောင့် "ကွာ... ဒါကတော့ ငါက မြို့သွားရမှာ သိပ် မကြိုက်လို့ပါ။ ဒီမှာက ပိုပြီး သာယာတယ်ဟုတ်လား။ ပြီးတော့ မက္ကမတ်က ငါမလာလို့ ဘယ်လိုမှ မအောက်မေ့ဘဲ သူကချည်း လာနေရတာလည်း ပျော်လို့ပါပဲ" လို့ ပြောလိုက်တယ်။



ဒီလိုပြောတော့ ဟာစံရဲ့မိန်းမက သူယောကျ်ားရဲ့အဖြေကို ပြုံးမိ တယ်။ ဘာမှတော့ထပ်မပြောဘူး။ ဒါပေမဲ့ သူ့ရင်ထဲမှာတော့ မသင်္ကာ မှုက ဝင်လာတယ်။ ဟာစံရဲ့သူငယ်ချင်းက ရွာကို ခဏခဏလာတာ လူကိုချစ်လို့မဟုတ်ဘဲ လက်ဆောင်ရတာကိုသဘောကျလို့ လာတာ ပါလို့ သူက အောက်မေ့တယ်လေ။ ဒါကြောင့် သူငယ်ချင်းအိမ်ကို လည်း တစ်လှည့်တစ်ပတ်တော့ သွားလည်ဖို့ရာ ဟာစံ့မိန်းမက တိုက်တွန်းတယ်။ သူက တကယ်လို့ ယောကျ်ားသွားရင် မက္ကမတ်က ဘယ်လိုတုံ့ပြန်မလဲဆိုတာကို သိပ်သိချင်နေတာကိုး။ ဒါကြောင့် မိန်းမ လုပ်တဲ့လူက မကြာမကြာ တိုက်တွန်းဖန်များတော့ ဟာစံက သူတစ်ခေါက်သွားလည်မယ်လို့ သဘောတူလိုက်ပါတယ်။

မြို့ကို အလည်သွားမယ့်နေ့မှာ ဟာစံက သူ့ကိုယ်ကိုလည်း အကောင်းဆုံးအဝတ်အစားကို ရွေးဝတ်ပါတယ်။ မြင်းကိုလည်း အလှဆုံးမြင်းဖြူကြီးကိုစီးပြီး သွားပါတယ်။ သူ့မိန်းမကလည်း သူ့ယောကျ်ားကို ကောင်းကောင်းမွန်မွန် နှုတ်ဆက်လိုက်ပါတယ်။

မက္ကမတ်အိမ်ပေါက် ဟာစံရောက်လာတော့ မက္ကမတ်ဟာ အံ့သြ သွားတာတော့အမှန်ပဲ။ ပြီးတော့လည်း စိတ်ထဲက မကြိုက်ဘဲဖြစ်သွား ပါတယ်။ ဟာစံရဲ့မိန်းမ အကဲခတ်တာတွေက မမှားပါဘူး။ မက္ကမတ် က ဟာစံအပေါ် သစ္စာရှိတဲ့ သူငယ်ချင်းမိတ်ဆွေမဟုတ်ပါဘူး။ ဟာစံဆီ သွားသွားလည်တာက လက်ဆောင်တွေရလို့ပါ။ ခုလို ဟာစံ သူ့အိမ်ကို တစ်နေ့လုံးလာလည်နေမယ်ဆိုလို့ သူ့အဖို့ အမြတ် ထွက်စရာ ဘာမှမရှိပါဘူး။ ဒါကြောင့် ဟာစံမြန်မြန်ပြေးအောင် မက္ကမတ်က အကြံတစ်ခုထုတ်ပါတယ်။ နို့ပေမယ့် အပေါ်ယံမျက်နှာပန်း

www.burmeseclassic.com

www.burmeseclassic.com



အနေနဲ့တော့ ဟာစံလာတာကို အလွန်ဝမ်းသာပျော်ရွှင်နေတဲ့ဟန် လည်း ဆောင်လိုက်ပါတယ်။

"သူငယ်ချင်း မင်းတွေ့ရတာ ဝမ်းသာလိုက်တာကွာ လာပါ အိမ်ထဲမဝင်တော့ဘူးလား" လို့ နှုတ်ဆက်တော့ ဟာစံက သူ့မြင်းကို အိမ်ရှေ့သစ်ပင်မှာ ချည်ပါတယ်။ ပြီးတော့ သူ့သူငယ်ချင်းရှိရာ အိမ်ထဲကို ဝင်လာတယ်။ နှစ်ယောက်သား စကားထိုင်ပြောကြလို့ ဘာမှမကြာသေးဘူး။ မက္ကမတ်က မျက်နှာမကောင်းဖြစ်လာပြီး ဂဏှာမငြိမ်ဘဲဖြစ်နေတယ်။ အဲဒီတော့ ဟာစံက "သူငယ်ချင်း မင်း ဘာဖြစ်လို့လဲ" လို့ မေးရရော။ "အေးကွာ ပြောရမှာ မကောင်း ပေမယ့် ငါ မင်းအတွက်စိတ်ပူလို့" လို့ မက္ကမတ်ကဖြေတယ်။

"ဘာများလဲ၊ ဘာလို့လဲ" လို့ ဟာစံကမေးတော့...

"ဒီမနက်ပဲ အရေးကြီးတဲ့သတင်းတစ်ခု ငါကြားတယ်။ ဘုရင်ရဲ့ အကောင်းဆုံးမြင်းဖြူကြီး အခိုးခံရလို့ ဘုရင် သိပ်ပြီးစိတ်ဆိုးတော်မူနေ သတဲ့။ ပြီးတော့ သူ့စစ်သားတွေကို အရပ်လေးမျက်နှာလွှတ်ပြီး မြင်းဖြူစီးလာသမျှလူတွေကို ဖမ်းပြီး စစ်မေးရမယ်လို့ အမိန့်ပေးသတဲ့။ စစ်သားတွေ တစ်မနက်လုံးရှာနေကြတာ ဒီနားကို နောက်တစ်ခေါက် လာကြလိမ့်ဦးမယ်ထင်တယ်"

ဟာစံက ဒီစကားကြားတော့ စိုးရိမ်ကြောက်လန့်သွားတာကို မက္ကမတ်က မြင်လိုက်တော့ တော်တော်ကျေနပ်သွားပြီး "ဒီစစ်သား တွေအကြောင်း ငါသိတယ်။ သိပ်ရက်စက်ကြမ်းကြုတ်တာ။ လူတွေ့ ရင် အရင်ရိုက်ပြီးမှ စစ်စရာမေးစရာကို နောက်မှ စစ်တာမေးတာ" လို့ ပြောတော့ ဟာစံက...



"ငါက မြင်းကို အိမ်ရှေ့မှာ ချည်ထားခဲ့မိတယ်"

"ကဲ သူငယ်ချင်း ငါ့ကို ခွင့်ပြုတော့ ငါပြန်မှဖြစ်မယ်"

မက္ကမတ်က ဟန်ဆောင်ပြီး ဟာစံကို နေပါဦးပြောဖို့ လုပ်ပါ သေးတယ်။ ဒါပေမဲ့ ဟာစံလူရိုးက ကြောက်ရှာလှပါပြီ။ ဒါကြောင့် အတင်းတောင်းပန်ပြီး သူ့မြင်းပေါ်ပြန်တက်ရင်း "ခုလို မြန်မြန်ကြီး ပြန်ပြေးတာကို ခွင့်လွှတ်တော့ကွာ၊ မဟုတ်ရင် ငါဒုက္ခရောက်မှာ စိုးလို့" လို့ မြင်းပေါ်ကနေပြီး ပြောပါသေးတယ်။

လူညစ်မက္ကမတ်က "အေး အေး ငါနားလည်ပါတယ်ကွာ" လို့ ပြောတော့...

"မင်းတော့ ငါ့ဆီ လာမြဲလာပါနော်" လို့ ပြောပြီး မြင်းကို ဒုန်းစိုင်းစီးပြန်သွားပါတယ်။

မက္ကမတ်ဟာ သူ့အကြံအဖန် ကောင်းကောင်းအောင်မြင်သွားလို့ အကြီးအကျယ်ကျေနပ်ပြီး နေရစ်လေရဲ့။

ဟာစံအိမ်ပြန်ရောက်တော့ သူ့မိန်းမက တအံ့တသြနဲ့ ဆီးကြို တယ်။ "ဘယ်နှယ့်လဲ ကျွန်မက သူငယ်ချင်းဆီ တစ်နေကုန်နေမယ် လို့ ထင်နေတာ အစောကြီးပြန်လာတာကိုး" လို့ ပြောတော့ ဟာစံက ဖြစ်သမျှအကြောင်းကို ပြောပြတယ်။ သူ့ကို စစ်သားတွေကဖမ်းပြီး ရိုက်မှာနက်မှာစိုးတဲ့ သူ့သူငယ်ချင်း သူ့အပေါ် ကြင်နာပုံကိုလည်း ဟာစံက ထည့်ပြောဖို့မမေ့ပါဘူး။ ဟာစံရဲ့မိန်းမကတော့ ဘာမှ ပြန်မပြောဘူး။ သူ့ယောကျ်ားပြောသမျှကို ခေါင်းညိတ်ပြီးပဲ နားထောင် နေလိုက်တယ်။ နို့ပေမယ့် သူ့ရင်ထဲမှာတော့ မက္ကမတ်ဟာ လူယုတ်မာ

www.burmeseclassic.com

www.burmeseclassic.com



ပဲဆိုတာ သိလိုက်ပြီ။ ဒီလို တစ်ဖက်သတ် တစ်လမ်းသွားအဆွေခင်ပွန်းမျိုးကို သူက ဖျက်ဆီးပစ်ရမယ်လို့လည်း သိလိုက်ပါပြီ။

ရက်သတ္တပတ်နည်းနည်းကြာတော့ အခွင့်သာလာပါတယ်။ အဲဒီနေ့က တနင်္ဂနွေနေ့ပါ။ မက္ကမတ်က လာနေကျအတိုင်း လာပါပြီ။ ဟာစံက ဒီအချိန် အိမ်နဲ့ဝေးဝေးတစ်နေရာ ခြံထဲမှာ အလုပ်လုပ်နေတယ်။ ဟာစံရဲ့မိန်းမကတော့ အိမ်ရှေ့ဝရန်တာမှာထိုင်ပြီး ချုပ်စရာများ ချုပ်နေတယ်။

မက္ကမတ်က "ဟာစံကော" လို့ မေးတော့ သူ့မိန်းမက အလွန်စိတ်မကောင်းဟန်ဆောင်လိုက်ပြီး "ကျွန်မယောကျ်ားတော့ အလွန်စိတ်မချမ်းသာစရာကောင်းတာ ဖြစ်နေပါပြီ။ ကျွန်မဖြင့် သူ့အတွက် ဘာလုပ်ရမှန်းတောင် မသိတော့ပါဘူး။ ကျွန်မတို့မှာ မိတ်ဆွေတွေလည်း အကုန်ပျက်ကုန်ပါပြီ။ သူ့အနားကို ဘယ်သူမှ မကပ်ဝံ့တော့ဘူးလေ" လို့ပြောပြီး ငိုပါလေရော။ မက္ကမတ်က "ဘာပြုလို့တုံး၊ ဟာစံဘယ်လိုဖြစ်လို့လဲ" လို့ အလန့်တကြားမေးတော့ "ရုတ်တရက်ကြီး စိတ်နောက်သွားတာ၊ အခုဆို ရက်တော်တော်ရပြီ။ သူ့အိမ်နားကို ဘယ်သူကပ်လာကပ်လာ နီးရာပစ္စည်းတစ်ခု ကောက်ကိုင်ပြီး အဲဒီလူကို အတင်းလိုက်ရိုက်တော့တာပဲ" လို့ သူ့မိန်းမက ပြောပြတော့ မက္ကမတ်က ကြောက်သွားတာပေါ့။ ပြီးတော့ "ဟာစံ အခုဘယ်မှာလဲ" လို့ မျက်စိနဲ့ရှာရင်း မေးပါတယ်။

မိန်းမက "ဟိုလယ်ထဲမှာ" လို့ ပြောလို့ လှမ်းကြည့်လိုက်တော့ ဟာစံကို တွေ့ရပါတယ်။ အဲဒီတော့ မိန်းမကပြောတဲ့ စကားကိုယုံပြီး အရိုက်ခံရမှာစိုးတာနဲ့ ချက်ချင်းပြန်လှည့်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။



မက္ကမတ်က ပြန်မယ်အလုပ် ဟာစံကလှမ်းကြည့်တော့ သူ့သူငယ်ချင်း သူ့အိမ်ပေါက်က မြန်မြန်ကြီးထွက်သွားတာကို မြင်တာနဲ့ ဟာစံ့စိတ်ထဲ ဇဝေဇဝါဖြစ်သွားတယ်။ သူငယ်ချင်း ကနေ့တစ်နေ့လုံး သူ့အိမ်မှာ မနေတော့ဘူးလား၊ ဘာဖြစ်လာတာလဲနဲ့ စဉ်းစားတယ်။

နောက်တော့ ပေါက်ပြားကြီး သူ့လက်မှာ ကိုင်ထားရက်တန်းလန်းကြီးနဲ့ သူ့သူငယ်ချင်းကို အော်ခေါ်တယ်။ ပေါက်ပြားတရမ်းရမ်းနဲ့၊ ပြီးတော့ သူငယ်ချင်းကိုမီအောင်လို့ ပြေးလာတယ်။ မက္ကမတ်ခေါ်သံကြားလို့ ပြန်ကြည့်တော့ ဟာစံက ပေါက်ပြားကြီးကို ကိုင်ပြီး ပြေးလိုက်လာတာမို့ သူ့မိန်းမပြောတဲ့အတိုင်း အမှန်ပါပဲလို့ အောက်မေ့ပြီး သူ့အိမ်ကို အမြန်ဆုံးပြန်ရောက်ဖို့ ပိုပြေးတာပေါ့။ ဟာစံက သူ့အိမ်ထဲရောက်လာတဲ့အချိန်မှာ မက္ကမတ်က တော်တော်ဝေးဝေးကိုပဲ ရောက်နေပါပြီ။

ဟာစံက သူ့မိန်းမကို "ခုနကဟာ မက္ကမတ်မဟုတ်လား၊ သူဘာလို့ပြေးတာလဲ" လို့ မေးတော့ သူ့မိန်းမက...

"ဟုတ်တယ် ဆန်ဖွပ်ချင်လို့ ကျည်ပွေ့လာငှားတာတဲ့။ ကျွန်မက ရှင်ခြံထဲသွားနေတယ် ပြန်ရောက်အောင်စောင့်ပါဦးပြောတော့ နေပေစေတော့ တခြားကပဲ ရှာငှားတော့မယ်ဆိုပြီး ကတိုက်ကရိုက် ပြန်ထွက်သွားတာပဲ" လို့ ပြောတယ်။

"နို့ကွာ မင်းက ကျည်ပွေ့တစ်ချောင်း ဘာလို့မငှားလိုက်သလဲ၊ တို့မှာ အများကြီးရှိတာပဲ" လို့ ပြောတယ်။ မိန်းမက ဘာမှပြန်မပြောရခင် ဟာစံက "ကိစ္စမရှိဘူး၊ ကဲ ငါပဲလိုက်ပေးလိုက်မယ် သူလိုချင်တာ ရသွားပါစေ ပြေးလိုက်ရင် မီပါသေးတယ်" လို့ ပြောပြီး

www.burmeseclassic.com



အိမ်ထဲက အသားကျည်ပွေ့ရှည်ကြီး ဆွဲယူပြီး "မက္ကမတ် ရပ်ဦး မပြေးပါနဲ့ ဒီမှာကျည်ပွေ့" လို့ အော်ပြီး နောက်က ပြေးလိုက်ပါတော့တယ်။

မက္ကမတ်က ဟာစံပြောတာကို သဲသဲကွဲကွဲမကြားနိုင်ပါဘူး။ တော်တော်ဝေးနေပါပြီ။ ဒါပေမဲ့ ကျည်ပွေ့ကြီးကိုင်ပြီး ပြေးလိုက်လာတာတော့ အတိုင်းသားမြင်ရတယ်။ အဲဒီတော့ မက္ကမတ်က သူ့ကို အရှုံးက ကျည်ပွေ့နဲ့ရိုက်မလို့ ပြေးလိုက်လာပြီလို့ ထင်တာကိုး။ ဒါကြောင့် ကြောက်တာနဲ့ တအားနင်းပြီး ပြေးပါတော့တယ်။ ဟာစံကလည်း သူ့သူငယ်ချင်း သူ့ဆီက တစ်စုံတစ်ခုလိုချင်လို့လာတာ လက်ချည်းပြန်မလွှတ်ချင်တာနဲ့ အတင်းလိုက်ပါတယ်။ ဒါကြောင့် သူငယ်ချင်းနှစ်ယောက်ဟာ ကြောက်လို့ ပြေးတဲ့လူကပြေး၊ ပေးချင်ကမ်းချင်လို့ လိုက်တဲ့လူကလိုက်နဲ့ ခရီးတစ်မိုင်လောက် ပေါက်သွားသတဲ့။

နောက်တော့ ကျည်ပွေ့ကြီးက လေးတယ်ဟုတ်လား။ အဲဒီတော့ ဟာစံရဲ့ခြေလှမ်းတွေဟာ မက္ကမတ်ထက် နှေးနှေးလာတာပေါ့။ မျက်စိအောက်မှာ ဝေးပြီး ပျောက်သွားတဲ့သူငယ်ချင်းကိုကြည့်ပြီး ဟာစံက တော်တော်စိတ်မကောင်းဖြစ်ရစ်သတဲ့လေ။

"မက္ကမတ်ကို မီအောင်မလိုက်နိုင်တာ ဝမ်းနည်းဖို့ကောင်းပါတယ်။ သူငယ်ချင်း နောက်ကနေအော်တဲ့အသံတွေတော့ ကြားမှာပါ။ ဧကန္တ ငါ့ကိုစိတ်ဆိုးသွားလို့သာ ပြန်မလာတာဖြစ်မှာပါပဲ" လို့ ဟာစံက ပြောနေပါတယ်။



မက္ကမတ်ကတော့ ပြေးလိုက်တာ...ပြေးလိုက်တာ သူ့အိမ်ရောက်မှပဲ ရပ်ပါတော့သတဲ့။ ရောက်တော့ အမောဆို့ပြီး ရက်အတော်ကြာနေမကောင်းဖြစ်နေသတဲ့။ သူ့တစ်သက်မှာ ဒီတစ်ခါလောက် ကြောက်တာ မကြုံဖူးဘူး။ ဒီလိုလည်း အမောတကော မပြေးမလွှားဖူးဘူး။ အဲဒါအပြင် ဟာစံ့အိမ်ကို နောက်ဘယ်တော့မှ မသွားတော့ပါဘူးလို့လည်း ပိုင်းဖြတ်လိုက်ပြီတဲ့။

တနင်္ဂနွေနေ့တွေတိုင်လာတိုင်း သူငယ်ချင်းဟာစံက သူ့အိမ်က မျှော်ရှာပါတယ်။ နို့ပေမဲ့ မက္ကမတ်က ပေါ်မလာတော့ပါဘူး။ ဟာစံကလည်း သူ့သူငယ်ချင်း သူ့ကို စိတ်ဆိုးသွားပြီထင်ပြီး မြို့မှာရှိတဲ့ မက္ကမတ်ဆီကို မလိုက်ရဲပါဘူး။

ဒီလိုနဲ့ မိတ်ပျက်ကြပါရော။ ဘာလို့လဲဆိုတော့ ရိုးသားဖြောင့်မှန်ခြင်းနဲ့ ရက်ရောခြင်းက ဟိုဘက်ဒီဘက်ရှိမယ့်ကိစ္စမျိုးမှာ အပြန်အလှန်မလာဘဲ တစ်ဖက်သတ် တစ်လမ်းတည်းသွားသလို ဖြစ်နေတာကိုး။

www.burmeseclassic.com

www.burmeseclassic.com

# မိုးကျမယ်ရဲ့လင်ယောက်ျား



# မိုးကျမယ်ရဲ့လင်ယောက်ျား

(စီလီဘီကျွန်းမှ ပုံပြင်)

စီလီဘီကျွန်းအလယ်ပိုင်းက ဘာဒါနယ်မှာ မိဘမဲ့ လူငယ် တစ်ယောက်ရှိသတဲ့။ ဒီလူငယ်ကို သူ့မိဘတွေက ပေးခဲ့တဲ့အမွေ ကတော့ ရေကန်တစ်ကန်ပဲဖြစ်သတဲ့။ ဒါကြောင့် လူငယ်ဟာ ရေကန် ထဲကငါးဖမ်းပြီး အသက်မွေးရရှာလို့ သူ့အလုပ်က ရေကန်ရှိရာကို နေ့တိုင်းရောက်ရတဲ့အလုပ်ပေါ့။

လာနေကျအတိုင်း ရေကန်ကိုလာတဲ့အခါ တစ်နေ့တော့ သူ့ကန် မှာ ရေတွေနောက်ပြီး ခြေရာလက်ရာတွေထင်နေတာကို တွေ့ရတယ်။

“ဒါက ဘယ်လိုလဲ၊ တစ်ယောက်ယောက် ငါးခိုးဖမ်းသွား သလား” လို့ သူက ပြောမိတယ်။ သူ့ကန် ဒီလိုဖြစ်နေတာတွေ့ရတာ ကို သူက နည်းနည်းမှ စိတ်မချမ်းသာဘူး။ သူလည်း ဘာမှမတတ်နိုင် ဘူး။ မျက်စိတစ်ဆုံး လျှောက်ကြည့်တော့လည်း ဘယ်သူ့ကိုမှ မတွေ့ မမြင်ဘူးဟုတ်လား။ ငါးဖမ်းတော့လည်း ငါးက တစ်ကောင်မှမမိဘူး။ ဒါကြောင့် စိတ်တိုစိတ်ဆိုးပြီး အိမ်ပြန်လာခဲ့ရတယ်။ နောက်မနက် စောစော ကန်ကိုသွားပြန်တော့လည်း ရေကန်က နောက်နေနှင့်ပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကန်ကို ဘယ်သူလာလာပြီး ဒီလိုလုပ်သလဲ။ ဒီတစ်ခါတော့ စောင့်ဖမ်းမယ်။ မိရင်တော့ မသက်သာဘူး။ အသေအလဲ ရိုက်လွှတ်မယ်" လို့ ပြောပြီး သူ့ကန်ထဲဆင်းတဲ့လူ ပြန်လာချင်လာမယ်လို့ အောက်မေ့လို့ ကန်ဘေးက ချုံကြီးတစ်ခုအောက်ဝင်ပြီး ပုန်းရင်း စောင့်နေတယ်။ သူ့အနားလည်း တုတ်ကြီးတစ်ချောင်း လိုရင်ရအောင်လို့ အသင့်ယူထားလိုက်တယ်။ တစ်နာရီနီးနီးစောင့်လိုက်တော့ ငှက်တစ်အုပ် ခပ်ဝေးဝေးက သူ့ကန်ဆီကို ပျံလာတာ တွေ့ရတယ်။ တဖြည်းဖြည်းနဲ့ နီးလာတဲ့အခါတော့ လူငယ်ဟာ အံ့သြလွန်းလို့ ပါးစပ်အဟောင်းသား ဖြစ်သွားရတယ်၊ ပျံလာတာတွေက ငှက်မှ မဟုတ်ဘဲကလား၊ လူတွေပဲ။

ကန်ရေစပ်ကို တစ်ကောင်ချင်းဆင်းလာတော့ သူက ၁-၂-၃ လို့ရေတွက်တာ အားလုံး (၇) ကောင်။ ပြီးတော့ ယောကျ်ားတွေ မဟုတ်ဘူး။ ချစ်စရာကောင်းတဲ့ မိန်းကလေး (၇) ယောက် ဖြစ်နေတယ်။ မိန်းကလေးတွေက အဝတ်တွေချွတ်ပြီး ရေကန်ထဲဆင်း ရေချိုးကြရင်း တစ်ယောက်ကိုတစ်ယောက် ကျီစယ်နောက်ပြောင်ရင်း ကစားနေကြတယ်။ ဒါနဲ့ လူငယ်လည်း ဘယ့်နှယ်မှမလုပ်မိဘဲ သူတို့ ဘာလုပ်မှာလဲဆိုတာကိုပဲ စောင့်ကြည့်နေမိသတဲ့။ အတော်ကလေး ကြာတော့မှ မိန်းကလေးတွေမမြင်အောင် ပုန်းရာကထွက်လာပြီး သူတို့ချွတ်ချိတ်ထားတဲ့အဝတ်တွေထဲက မိန်းကလေးတစ်ယောက်ရဲ့ ဝတ်စုံတစ်စုံကို တိတ်တိတ်ကလေးယူပြီး သူက အရင်ပုန်းနေတဲ့နေရာမှာပဲ ပြန်ပုန်းနေလိုက်တယ်။ သူတို့ ပျော်ပျော်ပါးပါး ရေချိုးနေတာကိုလည်း တပျော်တပါး ချောင်းကြည့်နေတယ်လေ။ နောက်တော့



လူငယ်က စိတ်ဆိုးချင်ယောင်ဆောင်ပြီး ပုန်းနေရာက ပြေးထွက်လာရင်း...

"ဩော် ငါ့ကန်ကို အခွင့်မရဘဲ ရေဝင်ချိုးတာ မင်းတို့ကိုး။ ရေတွေနောက် ငါးတွေလန့်ပြေးကုန်တာ မင်းတို့ကြောင့်ပဲ" လို့ ပြောလိုက်တော့ မိန်းကလေးတွေလည်း မမျှော်လင့်ဘဲ လူသံကြားရတာမို့ ကြောက်လန့်တကြား ရေထဲက ကပျာကယာတက်၊ ချွတ်ထားတဲ့အဝတ်တွေဝတ်ပြီး မိုးပေါ်ကလာတုန်းကလိုပဲ ပြေးကြရော။

အဝတ်ဝှက်ခံရတဲ့မိန်းကလေးကတော့ မပျံနိုင်ရှာဘူး။ ကြောက်လန့်တကြား သူ့အဝတ်တွေကိုပဲလိုက်ရှာရင်း ကျန်ရစ်တော့တယ်။ လူငယ်က သူ့လက်ထဲ ပုဆိုးတစ်ထည်ရှိလေတော့ ဒီပုဆိုးနဲ့ဖုံးလို့ ပြောပြီး မိန်းကလေးကိုပေးတယ်။ ကောင်မလေးက ကျေးဇူးတတင် လှမ်းယူပြီး ပေးတဲ့ပုဆိုးနဲ့ သူ့ကိုယ်ကို ပတ်ရှာတယ်။ ပြီးတော့မှ လူငယ်ကို ကြောက်ကြောက်ရွံ့ရွံ့နှင့် လှမ်းကြည့်နေတော့တယ်။ ကောင်မလေးအဖို့ ထွက်ပြေးဖို့ကတော့ မဖြစ်နိုင်တော့ဘူး။ သူ့မူလ အဝတ်ကို ပြန်ဝတ်ရမှသာ မိုးပေါ်ကို အလာတုန်းကလို ပျံနိုင်မှာကိုး။ ဒီအဝတ်က ရှာလို့မရတော့ ကောင်လေးထားရာမှာ နေရမယ့်သဘော ရှိနေပြီကိုး။

ကြောက်ရှာလွန်းလို့ တဆတ်ဆတ်တုန်နေတဲ့လက်ကလေးကို ကောင်လေးက အသာကိုင်ပြီး "မကြောက်ပါနဲ့၊ ငါမင်းကို မရိုက်ပါဘူး၊ ငါ့တဲကိုလိုက်ခဲ့ တဲမှာ ဒီထက်ကောင်းတဲ့အဝတ်ကလေးများ ရှိမလား ရှာဝတ်ချေရအောင်" လို့ ပြောတော့ မိန်းကလေးက သတိ

www.burmeseclassic.com

www.burmeseclassic.com



ထားပြီး နောက်ကလိုက်လာတယ်။ နောက် သူ့ကို ရန်မမူမှန်းသိတော့မှ တဖြည်းဖြည်းရဲလာတယ်။ နောက်တော့ တစ်ယောက်ကို တစ်ယောက် ချစ်လာကြလို့ လူငယ်က မိန်းကလေးကို သူ့ဇနီးဖြစ်ဖို့ ပြောတဲ့အခါ မိန်းကလေးက လက်ခံသတဲ့။ ဒါနဲ့ ဇနီးမောင်နှံ အတူနေကြရော။

ဒီအခါ သူ့မိန်းမကို လူငယ်က တော်ပီတူလို့ နာမည်ပေးထားတယ်။ တော်ပီတူရဲ့အမိပ္ပာယ်က (၇) ယောက်မြောက် ညီမထွေးလို့ ရတယ်။ လူငယ်က တော်ပီတူကို ကြင်ကြင်နာနာဆက်ဆံပေမယ့် မိုးပေါ်ပျံနိုင်တဲ့သူ့အဝတ်တွေ ဘယ်မှာဝှက်ထားတယ်ဆိုတာကိုတော့ ဘယ်တော့မှ ပြောမပြဘူး။ ဘာလို့လဲဆိုတော့ မိုးပေါ်ကို ပျံချင်စိတ်ပေါက်လာရင် သူ့ကို ပစ်ထားခဲ့ပြီး ပျံပြေးမှာစိုးလို့ပဲ။

သူတို့လင်မယား ပျော်ပျော်ရွှင်ရွှင် တစ်နှစ်လောက်နေမိတော့ တော်ပီတူမှာ သားကလေးတစ်ယောက် မွေးပါတယ်။ ကလေးလေးက ကျန်းလည်းကျန်းမာ လှလည်းလှ ဝလည်းဝမို့ တကယ့်ချစ်စရာကလေးပဲ။

ကလေးကလေး နည်းနည်းကြီးလာတဲ့တစ်နေ့မှာ အဖေက တောထဲထင်းသွားရှာပြီး ပြန်လာတော့ တော်ပီတူ မီးဖိုပေါ်မှာချက်နေတဲ့အိုးကို လှမ်းကြည့်မိသတဲ့။ အိုးထဲက နီနီအရည်တွေကိုမြင်တော့ သူ့စိတ်ထဲမှာ သွေးတွေပဲလို့ထင်လာတာနဲ့ စိတ်ဆိုးမာန်ဆိုးနဲ့ ဘာကိုမှ လည်း မစဉ်းစားမိဘဲ "အဲဒါကိုသာ မင်းကချက်ကျွေးမယ်ဆိုရင်တော့ တို့လင်မယား ကွဲမှဖြစ်မှာပဲ" လို့ ပြောလိုက်မိတယ်။



သူ့ယောကျ်ားက အသံမာမာနဲ့ပြောတဲ့ဒီစကားကို ကြားရတော့ တော်ပီတူလည်း တော်တော်ခံပြင်းသွားပြီး "ဪ ရှင်က ဒီလိုကိုး၊ ဒါဖြင့် ကျွန်မအဝတ်တွေသာပြန်ပေးပါ၊ ကျွန်မမိဘတွေဆီ ခုပြန်ပါတယ်" လို့ ပြောလိုက်တယ်လေ။

လူငယ်က သူဝှက်ထားတဲ့အဝတ်တွေကို ဝှက်ရာကယူပြီး ပေးတယ်။ တော်ပီတူက ဝတ်လိုက်ပြီး "ကဲ သွားပြီရှင်ရေ၊ ကလေးကိုသာ ကျန်းမာအောင် မွေးရစ်ပေတော့" လို့ ပြောပြီး မိုးပေါ်ထပျံသွားတယ်။

လူငယ်က သူ့မိန်းမပျံတက်သွားတာကို ငေးကြည့်နေရင်းက သူမှားပြီဆိုတာကို သတိရပြီလေ။ သူ့မိန်းမကို သူက မခွဲနိုင်ပါဘူး။ ဒါကြောင့် ပြန်လာစေချင်ပါတယ်။ နို့ပေမဲ့ တော်ပီတူက လှည့်မကြည့်ဘဲ ကောင်းကင်ကို ပျံတက်သွားပါပြီ။ သူလည်းလိုက်ခေါ်နိုင်တာ မဟုတ်ပါဘူး။ တော်ပီတူက မိုးပေါ်က သူ့မိဘဆီ ရောက်ရော့မယ်။ သူက မြေပြင်က ဘယ်လိုလုပ်လိုက်မလဲ။

ဒါကြောင့် လူငယ်က "ကျွန်တော့မိဘဘိုးဘွားတွေဟာ လူကောင်းသူကောင်းတွေလို့ ပြောကြပါတယ်။ အဲဒီစကားမှန်ခဲ့ရင် မိုးကောင်းကင်အထိရောက်အောင် တက်နိုင်မယ့် လှေကားတစ်စင်း တွေ့ပါရစေ။ ဒါမှ ကျွန်တော့်သားကလေးခေါ်ပြီး သူ့နောက် လိုက်သွားနိုင်မှာ" လို့ စိတ်ထဲက ပြောမိတယ်။

ခဏကလေးလည်းနေရော မိုးတွေရွာချလာပါရော။ ပြီးတော့ သူ့မျက်စိအောက်မှာ ထူးဆန်းတဲ့အရာကြီးတစ်ခု မိုးကောင်းကင်ထိအောင် ပေါက်နေတာကို တွေ့ရတယ်။ အဲဒါကြီးဟာ တခြားဟာ မဟုတ်ဘူး။ သက်တံ့ကြီးပေါ့။ ဒီသက်တံ့ကြီးကိုသာ လှေကားလို

www.burmeseclassic.com

www.burmeseclassic.com



အသုံးချပြီး တက်လိုက်သွားရင် မိုးကောင်းကင်ပေါ်ကို ရောက်သွားနိုင်တယ်ဆိုတာကို သူက စဉ်းစားမိတယ်။ ဒါကြောင့် ကပျာကယာ သားကလေးကို လက်တစ်ဖက်ကပွေ့ပြီး သက်တံ့ပေါ်ကို တက်သွားတော့ လူငယ်လည်း မိုးကောင်းကင်ပေါ်ကို ရောက်သွားတော့တာပေါ့။

မိုးပေါ်မှာ လူတစ်စု ဆန်ဖွပ်နေကြတာကိုတွေ့တော့ လူငယ်က သူတို့အနားရောက်အောင်သွားပြီး တော်ပီတူတို့ ဘယ်မှာနေသလဲ။ သိရင် သူ့ကိုပြပါလို့ မေးပါတယ်။ ဆန်ဖွပ်နေသူတွေက "အဲဒီရွာ အစွန်းမှာနေတယ်" လို့ သူ့ကို ခပ်လှမ်းလှမ်းတစ်နေရာကို လက်ညှိုးထိုးပြသတဲ့။

လူငယ်က တော်တော်ကလေးလျှောက်မိတော့ နောက်ထပ် လူတစ်သိုက်ကို တွေ့ပြန်ရော။ အဲဒီလူတွေကိုလည်း ပထမမေးသလိုပဲ မေးကြည့်တော့ ဒီလူတွေကလည်း ပထမလူတွေပြတဲ့နေရာကိုပဲ လက်ညှိုးထိုးပြကြသတဲ့။ သူ့မှာ တွေ့သမျှလူတွေကို မေးမေးပြီး လာလိုက်ရတာ အားလုံး ခုနစ်ကြိမ်တိုင်အောင် မေးပြီးတော့မှ တော်ပီတူတို့နေတဲ့အိမ်ကို ရောက်တော့သတဲ့။ တော်ပီတူတို့အိမ်က အိမ်ခြေတံရှည်ကြီး။ အမြင့်ကြီးပဲ။ အိမ်ပေါ်ရောက်ချင်ရင် လှေကား ရှည်ရှည်တစ်စင်းနဲ့တက်မှ ရောက်မယ့်အိမ်။ လူငယ်က မတက်နိုင်တော့ အိမ်အောက်ကနေပြီး "တော်ပီတူရေ တော်ပီတူရေ" နဲ့ အော်ခေါ်တယ်။

အိမ်ပေါ်ကဟာတွေက အသံကြားလို့ အောက်ကိုငုံ့ကြည့်တဲ့ အခါ မြေပေါ်ကလူသားတစ်ယောက်နဲ့ ကလေးတစ်ယောက်ကို မြင်ကြတော့ အံ့ဩလိုက်ပုံများ မပြောနဲ့တော့။ ညီအစ်မတွေက



တစ်ခါတည်း တော်ပီတူရှိရာကိုပြေးပြီး "တော်ပီတူ တော်ပီတူ၊ ညည်းယောကျ်ားနဲ့သားကလေး လိုက်လာတယ် မြန်မြန်လာ" လို့ ပြောကြတော့...

တော်ပီတူက "မဖြစ်နိုင်တာပဲ၊ သူတို့မြေကြီးပေါ်မှာ ကျန်ရစ်ပါတယ်၊ ဘယ်နည်းနဲ့မှ ဒီပေါ်လိုက်မလာနိုင်ပါဘူး" လို့ ပြန်ပြောပါတယ်။

တော်ပီတူပြောတာကို သူ့ယောကျ်ားက အားလုံးကြားတယ်။ ဒါကြောင့် ခင်ပွန်းသည်က သူ့မိန်းမဆီကို လှမ်းပြီး "မဟုတ်ပါဘူး တော်ပီတူ ငါဒီကိုရောက်နေပါပြီ မင့်သားလည်း ပါပါတယ်။ သက်တံ့ကြီးကို လှေကားလုပ်ပြီး တက်လာလို့ မင်းတို့ဆီရောက်လာတာပေါ့။ တို့အပေါ်တက်ခဲ့ချင်ပါတယ်။ ငါမင်းနဲ့ စကားပြောချင်ပါတယ်"။

ကျွန်မယောကျ်ားနဲ့ ကျွန်မသားလေး ဟုတ်တယ်ဆိုရင်တော့ ဟိုလှေကားက လွယ်လွယ်ကူကူပဲတက်ပြီး အိမ်ပေါ်အရောက်လာခဲ့ပေတော့" လို့ တော်ပီတူက ပြောပါတယ်။ လူငယ်လည်း လှေကား သွားယူပြီး အိမ်ပေါ်တက်မယ်လုပ်တာပေါ့။ နို့ပေမယ့် သူဘယ်လောက် ကြိုးစားကြိုးစား လှေကားက အလွန်ချောနေတာမို့ လျှောလျှောကျနေတယ်။ တက်လို့ကိုမရဘူး။ နည်းနည်းအပေါ်လေးရောက်လာလိုက် လျှောခနဲဖြစ်ပြီး ချောကျလိုက်ဖြစ်နေလို့ ဒီလှေကားမတက်နိုင်တာနဲ့ပဲ လက်လျှော့ရတော့မလို ဖြစ်နေတာပေါ့။ အဲဒီမှာ လူငယ်က "ကျွန်တော့် မိဘဘိုးဘွားတွေဟာ လူကောင်းသူကောင်းတွေလို့ ပြောကြပါတယ်။ ဒီစကားမှန်ခဲ့ရင် ဒီလှေကားထိပ်ဆုံးရောက်အောင် တက်နိုင်ပါစေသား" လို့ အဓိဋ္ဌာန်ပြုလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ခဏထိုင်ပြီး နားနေတယ်။ ဒီအချိန်မှာပဲ ကြောင်ကြီး တစ်ကောင်ပေါ်လာပြီး လှေကားမှာ ကြောင်က သူ့လက်သည်းရှည်ကြီးတွေနဲ့ ဖဲဒင်တွက်ပါတော့တယ်။ တအားခြစ်တာဖြစ်လေတော့ စောစောကချော်နေတဲ့ လှေကားဟာ ကြောင်ခြစ်ရာတွေနဲ့ ကြမ်းကုန်တာပေါ့။ အဲဒီမှာ လူငယ်က သူ့သားကို လက်တစ်ဖက်နဲ့ သေသေချာချာချီပြီး လက်တစ်ဖက်က လှေကားကိုကိုင်တက်တော့ အိမ်ပေါ်ရောက်သွားပါလေရော။

အိမ်ပေါ်မှာ တော်ပီတူက ဆီးပြီးနှုတ်ဆက်ပါတယ်။ ဒါပေမဲ့ တစ်ခါတည်းလက်မခံသေးပါဘူး။ "ရှင်နဲ့ကလေးဟာ ကျွန်မလင်နဲ့ သားဟုတ်မဟုတ် သေချာအောင် စုံစမ်းရဦးမယ်။ ကျွန်မအိပ်ရာဟာ ဘယ်ဟာလဲလို့ ခွဲခြားပြဦး၊ မှန်အောင်ပြနိုင်မှ ရှင်ပြောတဲ့အတိုင်း ကျွန်မလက်ခံမယ်" လို့ ပြောပြီး တော်ပီတူက အိမ်ထဲမှာရှိတဲ့ မီးရောင်တွေအားလုံးကို ရုတ်တရက်ငြိမ်းပစ်လိုက်ပါတယ်။ ဒါကြောင့် တစ်အိမ်လုံး မည်းမည်းမှောင်သွားပြီးတော့ လူငယ်ဟာ သူ့ရှေ့ကို တစ်လက်မတောင် မြင်နိုင်စွမ်းမရှိဘဲ ဖြစ်သွားပါသတဲ့။ တော်ပီတူကတော့ မှောင်လည်းသွားပါရော ကပျာကယာ သူ့အိပ်ရာကိုယူပြီး အိမ်ထောင့်တစ်နေရာမှာ သွားဝှက်ထားလိုက်သတဲ့။

လူငယ်ကတော့ မှောင်ကြီးထဲ လိုက်စမ်းနေရပြီပေါ့။ နို့ပေမယ့် ဘာကိုမှမမြင်ရဘဲနဲ့ ဒါသူ့မိန်းမအိပ်ရာပါပဲလို့ ခွဲခြားပြောနိုင်ဖို့ဆိုတဲ့ ကိစ္စက တကယ်မဖြစ်နိုင်တာကြီးပဲ။ အဲဒီတော့ လူငယ်က သိပ်စိတ်ညစ်တာပေါ့။ သူက သူ့မိန်းမကို တကယ်ချစ်တာဟုတ်လား။ ဘယ်နည်းနဲ့မှ မိန်းမကို အဆုံးရှုံးမခံချင်ဘူးလေ။ သူစိတ်ဆင်းရဲနေ



တုန်း ဖြုန်းဆို ပိုးစုန်းကြူးကလေးတစ်ကောင် အိမ်ထဲပျံဝင်လာပြီး လူငယ်အနားရောက်တော့ "ဘာဖြစ်လို့ ဒါလောက်စိတ်ညစ်နေတာလဲ" လို့ မေးသတဲ့။

"ဟာ ပိုးစုန်းကြူးလေးပါလား၊ ငါ စိတ်ညစ်တာတော့ မပြောနဲ့တော့ကွာ ငါ့မိန်းမအိပ်ရာကိုရှာပြီး မပြနိုင်ရင် ငါ့မိန်းမနဲ့ငါနဲ့ တစ်သက်လုံးကွဲရတော့မယ့်ကိန်းဆိုက်နေတယ်" လို့ ပြောတော့ ပိုးစုန်းကြူးကလေးက အကောင်တော့ သေးသေးလေးပါပဲ၊ ဒါပေမဲ့ သူ့မှာ သူများကိုသနားတတ်တဲ့ အသည်းနှလုံးရှိတယ်လေ။ ဒါကြောင့်...

"ဒါဖြင့် မပူပါနဲ့ လိုက်ခဲ့ နောက်ကသာလိုက်ခဲ့ သွားချင်တဲ့ နေရာကို ရောက်အောင်ပို့ပေးမယ်" လို့ ပြောသတဲ့။

လူငယ်လည်း ဝမ်းသာအားရ သားကလေးပိုက်ပြီး ပိုးစုန်းကြူးလေးနောက်ကလိုက်သွားတော့ သူ့မိန်းမအိပ်ရာကို တန်းတန်းမတ်မတ် ရောက်သွားတော့တာပေါ့။ တော်ပီတူကလည်း သူ့ခင်ပွန်းနဲ့ သူ့သားကလေး သူ့အိပ်ရာနားရောက်နေပြီဆိုတာ တွေ့ရတော့ မှန်ပါပေတယ်၊ ရှင်တို့ဟာ ကျွန်မခင်ပွန်းနဲ့ သားပါပဲလို့ ဆိုတယ်လေ။

ဒီတော့ သားအမိသားအဖသုံးယောက် ဝမ်းမြောက်ဝမ်းသာ မျက်ရည်လည်ရွဲနဲ့ ပျော်ပျော်ကြီးဖက်ထားမိကြသတဲ့။

www.burmeseclassic.com

www.burmeseclassic.com

# လူ့ပြည်မှာ ဆန်ပေါ်လာပုံအစ



# လူ့ပြည်မှာ ဆန်ပေါ်လာပုံအစ

ဟိုရှေးရှေးတုန်းက အလွန်ချမ်းသာတဲ့ လင်မယားနှစ်ယောက် ရှိသတဲ့။ သူတို့မှာ အဖိုးတန်တဲ့ တိရစ္ဆာန်တွေ မြေတွေ အများကြီး ပိုင်လေတော့ သူတို့သားလေးနှစ်ယောက်ကိုလည်း ကြိုက်သလိုသုံးစွဲနိုင်အောင် ပေးနိုင်တယ်။ ဒီမိသားစုဟာ ပစ္စည်းပေါတော့ ပျော်ပျော်ရွှင်ရွှင်ကြီး နေကြတာပေါ့။ လူ့ဘဝမှာ ဘာကိုမဆို ဖောဖောသီသီ သုံးစွဲနိုင်တာကိုး။

တစ်နေ့တော့ ဒီမိသားစုအပေါ် ကံဆိုးမိုးမှောင်ကြီးကျပါလေရော။ အမေနဲ့အဖေဟာ ပြုန်းခနဲ မတော်တဆဖြစ်မှုတစ်ခုနဲ့ နှစ်ယောက်စလုံး သေဆုံးသွားကြတယ်။ ကျန်ရစ်တဲ့ သားကလေး နှစ်ယောက်က ဘာမှ ကြီးသေးတာမဟုတ်တော့ ကျွဲနွားတွေကိုလည်း မထိန်းကျောင်းနိုင် လယ်တွေယာတွေကိုလည်း လုပ်မစားတတ်ဘဲပို။ ကလေးနှစ်ယောက်က မိဘသေပေမယ့် ရှိတဲ့တိရစ္ဆာန်တွေကိုရောင်းပြီး ရတဲ့ငွေနဲ့ စားစရာဝယ်စားရင် သူတို့တော်တော်ကြာကြာ နေနိုင်ပါတယ်လို့ အောက်မေ့ကြတယ်။ ဒါပေမဲ့ တစ်ညနေကျောက်တော့ လူဆိုး

www.burmeseclassic.com

www.burmeseclassic.com



တွေက သူတို့ကျွဲနွားတွေကို အားလုံးမောင်းယူသွားတဲ့အပြင် အိမ်မှာရှိသမျှ ကောက်ပဲသီးနှံတွေကိုလည်း ကျုံးယူသွားကြသတဲ့။

ဒါကြောင့် ကလေးနှစ်ယောက်ဟာ ရွာထဲလျှောက်ပြီး တောင်းစားနေကြရတယ်။ တစ်ခါတလေတော့ သူတို့အဖေတူးထားခဲ့တဲ့ ကန်ထဲကငါးကို ဖမ်းပြီး ရောင်းစားကြတယ်။ ဒီကန်ဟာ သူခိုးယူမသွားလို့ ကျန်ခဲ့တဲ့ တစ်ခုတည်းသော သူတို့ကိုယ်ပိုင်ပစ္စည်း ဖြစ်တယ်လေ။ ဒါကြောင့် ညီအစ်ကိုနှစ်ယောက်ဟာ နေ့ရောညရော ဒီကန်ကို စောင့်ကြတယ်။ သူခိုးတွေက ငါးတွေအကုန်လုံး လာဖမ်းသွားမှဖြင့် ဒုက္ခသိပ်ရောက်တော့မယ်မဟုတ်လား။

အလုပ်ရှိသမျှကို ညီအငယ်လေးကချည်း လုပ်ရတယ်။ ဘာလို့လဲဆိုတော့ အစ်ကိုက ခြေမသန်တဲ့ အကျိုးကလေးမို့။ သူ့ခြေချောင်းကလေးတွေကဆိုရင် တစ်ခုနဲ့တစ်ခု ထိတွဲနေတယ်။ သူများလိုမကွဲဘူး။ ပြီးတော့ ဖနောင့်နှစ်ဖက်စလုံးမှာလည်း အပေါက်ကြီးတွေရှိသေးတယ်။

တစ်နေ့တော့ သူ့ခြေထောက်တွေနာလွန်းလို့ ညည်းနေတာနဲ့ ညီက ရေကန်စောင့်တဲ့အလုပ်ကို သူချည်းပဲလုပ်ပါ့မယ်လို့ ပြောပြီးသွားစောင့်တယ်။

ရေကန်ကို ညီငယ်ကလေးရောက်သွားတော့ အင်မတန်အံ့သြစရာကောင်းတာတစ်ခုကို သွားတွေ့တယ်လေ။ သူတို့ရေကန်မှာ မိန်းမလှကလေး (၇) ယောက် ရေချိုးနေကြတယ်။ သူရောက်သွားတော့ ချိုးပြီးကြလို့ ပြန်တောင်ပြန်ကြတော့မလို့။ ကောင်မလေးတွေက လှလွန်းလွန်းလို့ ညီငယ်လေးက အံ့သြငေးမော သဘောကျနေရာက



သူတို့အကြောင်း သိချင်လာတာနဲ့ "ခင်ဗျားတို့ ဘယ်သူတွေလဲ၊ ဘယ်သွားကြမှာလဲ၊ ခင်ဗျားတို့နောက်ကို ကျွန်တော်ကောမလိုက်ရဘူးလား" လို့ လှမ်းပြီးအော်မေးသတဲ့။

"မင်းလိုက်ချင်ရင် လိုက်လို့ရပါတယ်။ တို့မကန့်ကွက်ပါဘူး၊ လာလိုက်ခဲ့" လို့ မိန်းကလေးတွေက ခေါ်တယ်။ အဲဒီတော့ ကောင်လေးလည်း သူတို့နောက်ကို အတင်းပြေးလိုက်တာပေါ့။ ခြောက်လက်စသတ်တော့ ဒီမိန်းကလေးတွေဟာ မိုးပေါ်မှာနေတာတွေပါလားလို့ သူသိလာတယ်။ ဘာလို့လဲဆိုတော့ သူတို့သွားနေတာက အထက်ကိုသွားတာကိုး။ သက်တံ့ကြီးကို လှေကားလုပ်ပြီး တက်နေကြတာလေ။ သူ့မှာ အံ့သြလိုက်တာလည်း အလွန်ပဲ။ ဒါပေမဲ့ သူတို့ (၇) ယောက်ကိုတော့ မျက်ခြည်ပြတ်မခံဘူး။ နောက်ကလိုက်နေတာပဲ။ သူ့မှာ (၇) ရက်နဲ့ (၇) ည လုံးလုံး နောက်ကိုလိုက်ခဲ့ရတယ်။ နောက်ဆုံးကျတော့ ကောင်းကင်ပေါ်ကို သူတို့ရောက်ကြရော။ ရောက်ကြတယ်ဆိုရင်ပဲ သူ့ရှေ့ကသွားတဲ့ မိန်းကလေးတွေက ဗြုန်းဆိုအားလုံးပျောက်ကွယ်သွားကြတယ်။ အဲဒီတော့ ကောင်ကလေးလည်း ဒုက္ခရောက်သွားတာပေါ့။ သူဘယ်သွားလို့ ဘာလုပ်ရမှန်းမသိတော့ဘူး။ လူကလည်း ပင်ပန်းလိုက်တာ အလွန်ပဲ။ ဒါကြောင့် သူလည်းတွေ့ရာနေရာမှာ လှဲအိပ်ချလိုက်တယ်။ သူအကြာကြီး အိပ်ပျော်သွားတယ်။ အိပ်ရာကနိုးတော့ လူလည်း အများကြီးလန်းဆန်းလာတယ်။

ဒါနဲ့ သူ့ပတ်ဝန်းကို သေသေချာချာလျှောက်ကြည့်တဲ့အခါ သူနဲ့ တော်တော်ဝေးတဲ့နေရာမှာ ရွာတစ်ရွာကို မြင်ရတယ်။ မြင်တော့ ဒီရွာကို သွားမယ့်လမ်းအတိုင်း ရွာဆီကိုလျှောက်လာတော့ ရွာဆားမှာ

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်က ဝါတာတာပစ္စည်းတွေကို နေလှန်းနေတာ မြင်ရတယ်။ နေရောင်ခြည်အောက်မှာ ဒီပစ္စည်းတွေက ဝါလို့ဝင်းလို့ အရောင်ကိုထွက်လို့။

"ဟ ဒါတွေ ဧကန္တ ရွှေတွေနေမှာပဲ၊ ငါတော့ ထောပြီ၊ ရွှေတွေနဲ့ပက်ပင်းတွေ့ရပြီ" လို့ သူ့ဘာသာပြောပြီး ဝမ်းသာလုံးဆို့နေသတဲ့။ ဉစ္စာရှင်ကလည်း သူ့ကိုပဲ အကဲခတ်ရင်း စောင့်ကြည့်နေတာ တွေ့ရတယ်။ ကောင်ကလေးက "ဒီလောက်များတဲ့ရွှေတွေ ခင်ဗျား ဘယ်ကရတာလဲ" လို့ လှမ်းမေးမိတယ်။ သူ့အမေးကိုကြားတော့ ဟိုလူကရယ်တယ်။ ပြီးတော့ "မင်းက ဒါတွေကို ရွှေထင်သလား" လို့ မေးပါတယ်။

"ရွှေမဟုတ်ရင် ဘာတွေလဲဗျ"

"ဒါ စပါးကွ၊ စပါးဆိုတာ အပင်ကသီးတဲ့ အနှံတစ်မျိုး၊ ဒါကို ထုရ ထောင်းရတယ်။ သူ့အရသာက သိပ်ကောင်းတာ။ သူ့ကိုစားရင် အားလည်းသိပ်ရှိတယ်။

"ကျွန်တော် ဒါမျိုး တစ်ခါမှမမြင်ဖူးဘူး။ ကျွန်တော်တို့မြေကြီးပေါ်မှာလည်း ဒီအပင်မျိုးပေါက်သလား"

"မပေါက်ဘူး တို့ကောင်းကင်မှာပဲပေါက်တယ်။ နတ်သိကြားတွေ ဖန်ဆင်းသမျှထဲမှာ ဒီအပင်လောက်ကောင်းတဲ့ အစားအစာ တစ်ခုမှမရှိသေးဘူး။ အရသာရော ခွန်အားရှိစေတာရော တခြား ဘယ်ဟာကမှ သူ့ကိုမမီဘူး"

"ဒါဖြင့်ဗျာ ကျွန်တော့်ကို မျိုးနည်းနည်းပေးပါလား။ ကျွန်တော် အိမ်ပြန်တော့ ယူသွားပြီး ဒီအပင်မျိုးတွေစိုက်ချင်လို့၊ ကျွန်တော်တို့ဖို့ သိပ်အဖိုးတန်မှာပဲ"



ဒီစကားကိုကြားတော့ ဉစ္စာရှင်က သိပ်စိတ်ဆိုးသွားပြီး "မပေးဘူး ဘယ်လောက်မှမပေးဘူး၊ မင်းတစ်စေ့မှယူမယ်မကြံနဲ့" လို့ အော်ပါတယ်။ ပြီးတော့မှ သူ့အသံက နည်းနည်းပြန်ပျော့လာပြီး "မင်း ဒီစပါးကရတဲ့ထမင်းကို ဒီမှာပဲစားချင်တယ်ဆိုရင် ငါမကန့်ကွက်ဘူး။ ငါကျွေးမယ် မင်းကြိုက်သလောက်စား။ ဒါပေမဲ့ ဒီကနေ မြေကြီးပေါ်ကို ယူသွားဖို့တော့ နည်းနည်းမှ ခွင့်မပြုနိုင်ဘူး။ နောက်ထပ်ဒီစကား မင်းမပြောနဲ့။

အဲဒီလိုပြောပြီး လယ်သမားက ကောင်ကလေးကို ထမင်း တစ်ဆုပ်ပေးပါတယ်။ စားကြည့်တဲ့အခါ လယ်သမားကြီး ချီးမွမ်းတာ နည်းတောင်နည်းသေးတယ်လေ။ အရသာကလည်းကောင်းလိုက်တာ စားပြီးတော့လည်း လူကို တစ်ခါတည်း အားရှိသွားတော့တာပဲ။ ဒါကြောင့် သူနေတဲ့မြေကြီးပေါ်ကိုများ ယူသွားရရင် ဘယ်လောက် အဖိုးတန်မလဲလို့ သူက တွေးမိပြီး စပါးကို ပိုပြီးလိုချင်လာတယ်။ ဒါပေမဲ့ တောင်းယူလို့တော့ ပေးမှာမဟုတ်ဘူး။ တောင်းနေရင် အလကားပဲ။ ဒါကြောင့် သူမြေကြီးပေါ်ကိုပြန်သွားတဲ့အခါ တစ်နည်းနည်းနဲ့ မရရအောင် ခိုးယူသွားမယ်လို့ သူက အကြံထုတ်တယ်။ နောက်ဆုံးကျတော့ အခွင့်သာတာနဲ့တစ်ပြိုင်နက် ပါးစပ်ထဲ ပါသလောက်ငုံပြီး ပြန်ပြေးမယ်လို့ စဉ်းစားတယ်လေ။

နောက်နေ့မှာပဲ အခွင့်သာပါလေရော။ ငှက်တစ်အုပ်ဆင်းလာပြီး ဖျာတွေပေါ်က စပါးတွေကို စားကြတယ်။ စပါးရှင်က ဆော်ဟစ် လက်နှစ်ဖက်နဲ့ ဝှေ့ယမ်းပြီး ငှက်တွေကိုခြောက်တယ်။ ငှက်တွေနောက် လိုက်ခြောက်လို့ လယ်သမား တော်တော်ဝေးဝေးသို့ရောက်သွားရော ကောင်ကလေးက စပါးတစ်ဆုပ်ကိုနှိုက်ပြီး သူ့ပါးစပ်ထဲထည့်

www.burmeseclassic.com

www.burmeseclassic.com



သက်တံ့ကြီးဆုံးတဲ့နေရာ ကောင်းကင်အပေါ်ကြီးရှိရာကို အတင်းပြေးတော့တာပဲ။

ငှက်ခြောက်ရာကပြန်လာတော့ လယ်သမားက သူ့စပါးတစ်ဆုပ်ကောင်ကလေးယူပြေးပြီဆိုတာကို ချက်ချင်းသိတာပဲ။ ဘာလို့လဲဆိုတော့ လှန်းထားတဲ့ဖျာပေါ်မှာ လက်နှိုက်ရာက ထင်ကျန်ရစ်တာကိုး။ အဲဒီမှာ လယ်သမားက ဒေါသတကြီးအော်ပြီး ကောင်လေးနောက်က ပြေးလိုက်တယ်။ ကောင်လေးကိုမီတော့ ပုခုံးလှမ်းဆွဲတယ်။ ကောင်လေးက သက်တံ့လှေကားပေါ် ခြေတစ်ဖက်ရောက်နေပြီ။

"မင်း သူခိုးပဲ မိပြီ" လို့ အော်ပြီး ကောင်လေးကို ကြမ်းကြမ်းဆွဲခါတယ်။ ဒေါသဖြစ်လွန်းလို့ ဆက်ဆက်ပြီးခါလိုက်တာ ကောင်လေးခြေထောက်နှစ်ချောင်းဟာ လေထဲမှာ အရုပ်လေးမျက်နှာကိုရမ်းနေတော့တာပဲ။ နောက်တော့ ကောင်လေးခြေဖနောင့်နဲ့ သက်တံ့လှေကားက အချွန်ကြီးတစ်ခုနဲ့ ခိုက်မိပေါက်ပြဲသွားပြီး သွေးတွေထွက်လာရော။ ကောင်လေးလည်း နာလွန်းလို့ အော်တာပေါ့။ လယ်သမားကတော့ ဘာမှဂရုမစိုက်ဘူး။ ကောင်လေးရဲ့ကိုယ်မှာပဲ သူ့စပါးကို မရအရ လိုက်ရှာနေတယ်။ ရှာတော့ ပါးစပ်ထဲမှာတွေ့တာပေါ့။ ကောင်လေးကို စပါးတွေအားလုံး အထွေးခိုင်းတယ်လေ။ တစ်စေ့မှမကျန်အောင် ထွေးချရတယ်။

ငါ နင့်ကို ပြောထားတယ်။ စားချင်ရင် စားချင်သလောက်စားနင်တို့ဆီစိုက်ဖို့တော့ ယူမသွားရဘူးလို့ နောက်တစ်ခါ နင် ဒီလိုခိုးတာမိစမ်း ဟောဒီအပေါက်ထဲက တစ်ခါတည်း ပစ်ချလိုက်မယ်။ အပေါက်ကချလိုက်ရင် နင်ဘာဖြစ်မယ်ဆိုတာ သိတယ်မို့လား" လို့ ပြောပါတယ်။



ကောင်လေးက ကောင်းကင်ပေါက်ကြီးကသာ အောက်ပစ်ချလိုက်ရင် သူမြေပေါ်ရောက်ရင် အရိုးအသား ရှာမရမှာကိုတွေးပြီး ကြောက်တယ်လေ။ ဒါကြောင့် စိတ်ညစ်ညစ်နဲ့ ခေါင်းညိတ်ရတယ်။ တကယ်တော့ ကောင်လေးက စပါးရရ မရရ ဒီနေရာက တစ်ခါတည်း သူ့အိမ်ကို ပြန်ပြေးချင်လှပါပြီ။ ဒါပေမဲ့ သူ့ခြေထောက်က သိပ်နာနေလို့ သူဘယ်လောက်ကလေးမှ မသွားနိုင်တော့ဘူး။ ဒါကြောင့် ကြောက်ကြောက်နဲ့ပဲ "ကျွန်တော် ခင်ဗျားတို့ဆီ ပြန်လိုက်ခဲ့လို့ မရဘူးလား" လို့ မေးရတော့တယ်။ "ကျွန်တော့်ဖနောင့်က သိပ်နာနေတော့ ကျွန်တော် အိမ်မပြန်နိုင်ဘူး။ ကျွန်တော် ခင်ဗျားနောက်ပဲ လိုက်ခဲ့ပါရစေ၊ အိမ်မှာ ကျွန်ခံဆိုရင်လည်း ခံပါမယ့်"

လယ်သမားက ဒေါသပြေသွားပြီး ကောင်လေးကို သနားနေပါပြီ။ ဒါကြောင့် "အေး လိုက်ချင်လည်းလိုက်ခဲ့၊ ဒါပေမဲ့ ငါ့စပါးကို နောက်ထပ်ခိုးမယ်တော့ မကြံရဘူးနော်" လို့ ပြောပါတယ်။

သူတို့နှစ်ယောက်သား ရွာကို ပြန်လာကြတယ်။ လယ်သမားက မြန်မြန်ကြီးသွားတယ်။ ကောင်ကလေးက ဘေးက ထော့ကျိုးထော့ကျိုးနဲ့ လိုက်ခဲ့ရတယ်။ အဲဒီနေ့က ကောင်လေးကို အနားပေးထားတယ်။ ဒါပေမဲ့ နောက်နေ့မနက်ကျတော့ အလုပ်လုပ်ရပြီ။ သူ့အလုပ်က စပါးလှန်းထားရာမှာ ငှက်ခြောက်ရတဲ့အလုပ်ပေါ့။

ရက်ကြာတော့ ကောင်လေးခြေထောက်က တဖြည်းဖြည်းနဲ့ အနာပျောက်လာပြီ။ အနာပျောက်တယ်ဆိုရင်ပဲ ယုံကြည်ချက်နဲ့ စိတ်ဓာတ်ကလည်း ပြန်တက်လာပြီး စပါးရသလောက်ခိုးပြီး မြေကြီးပေါ် ပြန်ပြေးဖို့ စဉ်းစားပြန်တာပဲ။ ဒီလယ်သမားကြီးက သူ့စပါးကို မြေကြီးပေါ် ဘာလို့အယူမခံနိုင်ရတာလဲ။ ဒါဟာ သက်သက် လောဘ

www.burmeseclassic.com



ကြီးတာပဲ မတရားဘူးလို့လည်း ကောင်ကလေးကထင်တယ်။ ဒါကြောင့် နောက်တစ်ခါထပ်ပြီး ခိုးပြေးဖို့ သူကြံတာဟာ တရားတယ်လို့ တွေးတယ်လေ။

ဒါပေမဲ့ တကယ်လို့ စပါးနည်းနည်းယူပြီး ထွက်ပြေးရင် လယ်သမားကြီးက မသိဘဲမနေဘူး သိမှာပဲ။ သိရင် နောက်က အတင်းလိုက်ဖမ်းပြီး အပေါက်ကြီးထဲက မြေပေါ်ပစ်ချမှာ။ ဒါဆိုရင် သေမှာပဲ အဲဒီတော့ တစ်နည်းကြံမှဖြစ်မယ်" လို့ ကောင်လေးကတွေးတယ်။

ပြီးတော့ သူ့အနာကိုကြည့်လိုက်တဲ့အခါ အနာက တော်တော်ကို ကျက်နေပြီ။ ဒီအခါမှာ သူ့စိတ်ထဲ ဖြတ်ခနဲ အကြံတစ်ခုပေါ်လာတယ်။ အကြံက အနာပေါက်ထဲကို စပါးစေ့တွေ ဝင်သလောက်သွင်းထည့်ထားမယ်။ လယ်သမားကြီးက အနာထဲကိုတော့ ရှာမှာ ကြည့်မှာ မဟုတ်ဘူး။ ဒီတစ်ခါ ထွက်လည်းမပြေးဘူး။ သူ့ကို ခွင့်တောင်းမယ်။ ဒါဆိုရင် သူက သံသယဖြစ်မှာမဟုတ်ဘူးလို့၊ ဒီအကြံလည်းရရော ကောင်လေးက အကြံအတိုင်း ချက်ချင်းထလုပ်တာပဲ။ စပါးစေ့တွေကို သူ့အနာပေါက်ထဲထည့်ပြီး လုံလုံဖွက်ထားလိုက်တယ်။ ဖွက်ပြီးတော့ ရဲရဲဝံ့ဝံ့ လယ်သမားကြီးရှေ့သွားပြီး ပြန်ပါရစေလို့ ခွင့်ပန်တယ်။

"ကျွန်တော် မြေကြီးပေါ်ကို ပြန်ချင်ပါပြီ။ ကျွန်တော့်ကို ပြန်ခွင့်ပေးပါ။ ကျွန်တော့်မှာ ခြေကျိုးနေတဲ့အစ်ကိုတစ်ယောက် အိမ်မှာ ကျန်ရစ်ပါတယ်။ ကျွန်တော်မရှိရင် အစ်ကို သိပ်ဒုက္ခရောက်နေမှာပါ။ ဒါကြောင့် ကျွန်တော့်ကို ပြန်ခွင့်ပြုပါ။ "အေး မင်းပြန်ချင်ရင် ပြန်နိုင်ပါတယ်။ ဒါပေမဲ့ မပြန်ခင် မင်းကိုယ်ကိုတော့ ငါ သေသေချာချာရှာရလိမ့်မယ်၊ မင်းအထဲ စပါးတစ်စေ့မှ မပါမှဖြစ်မယ် မြေပေါ်ကို တစ်စေ့မှ ယူသွားခွင့်မပြုနိုင်ဘူး"။ "ရှာပါခင်ဗျာ" လို့ ကောင်

BURMESE CLASSIC .com



ကလေးက ရဲရဲပဲပြောတယ်။ သူဖွက်ထားတဲ့နေရာကို လယ်သမားကြီး မတွေ့ဘူးလို့ ယုံတယ်လေ။ "ကျွန်တော့်တစ်ကိုယ်လုံးကို ကြိုက်သလို ရှာပါ။ အရင်တစ်ခါထဲက ကြောက်သွားပါပြီ။ ဒါကြောင့် မိုက်မဲတဲ့ အလုပ်မျိုးကို ကျွန်တော် ထပ်မလုပ်တော့ပါဘူး။ ခင်ဗျားဆီကစပါးကို ခိုးယူမိတဲ့အတွက် စိတ်မကောင်းပါဘူး။ ဒါမျိုးလည်း နောက်မလုပ်တော့ပါဘူး။

လယ်သမားကြီးက ကျေနပ်လောက်အောင် ကောင်လေး တစ်ကိုယ်လုံးကို သေသေချာချာ ရှာပါတယ်။ ဒါပေမဲ့ အနာကို ဖွင့်ကြည့်ဖို့တော့ သတိမရဘူး။ အဲတော့ ဘာမှမတွေ့ဘူးပေါ့။ ဒါကြောင့် ကောင်လေးကို သွားခွင့်ပေးလိုက်တယ်။ ကောင်လေးလည်း စိတ်ထဲက ကြိတ်ဝမ်းသာပြီး သက်တံ့လှေခါးပေါက်ကြီးက ဆင်းခဲ့ပြီး ဝေးလံလှတဲ့မြေကြီးပေါ်ကို ရောက်အောင်ဆင်းလာပြီး သူ့အိမ်အရောက်ပြန်ခဲ့တယ်။

ရောက်လည်းရောက်ရော အိမ်နဲ့အနီးဆုံးလယ်ကွက်ထဲကိုပြေးပြီး ပါလာတဲ့စပါးစေ့ကလေးတွေကို သေသေချာချာ စိုက်ပါတော့တယ်။ ပြီးတော့ နေ့တိုင်းနေ့တိုင်း ဒီအပင်ကလေးတွေကို ဂရုစိုက်ကြည့်တယ်။ ပေါင်းပင်တွေ မပေါက်အောင် ပိုးမွှားတွေမကိုက်ရအောင်လည်း အထူးဂရုစိုက်ပါတယ်။ နောက်ဆုံးကျတော့ မြေကြီးထဲက ကောင်းကောင်းပေါက်ထွက်လာတဲ့ စပါးပင်ကလေးတွေဟာ အချိန်တိုင်တဲ့တစ်နေ့မှာ သီးပါတော့တယ်။

မြေပေါ်မှာ စပါးလည်းသီးရော ကောင်းကင်ကစပါးပင်တွေ သွေ့ခြောက်ကုန်ပြီး သေကုန်ရောတဲ့။ စပါးပင်ဟာ ကောင်းကင်မှာ ပေါက်ရင်ပေါက်၊ မြေပေါ်မှာ ပေါက်ရင်ပေါက် နှစ်နေရာစလုံးမှာ

www.burmeseclassic.com

www.burmeseclassic.com



တော့ တစ်ပြိုင်နက်တည်း မရှင်းသန့်နိုင်တာ အသေအချာပဲတဲ့။ ဒီအကြောင်းကို ကောင်းကင်ကလယ်သမားကြီးက သိတယ်။ ဒါကြောင့် မြေကြီးပေါ် စပါးယူသွားမယ်ဆိုတာကို လုံးလုံးခွင့်မပြုတာ။ ကောင်းကင်ကလယ်ထဲမှာ စပါးပင်တွေညှိုးပြီး သေကုန်တာမြင်တော့ လယ်သမားကြီးက သိပ်စိုးရိမ်ပူပန်လာတယ်။ ပြီးတော့ ဟိုကောင်လေးသူ့ကို တစ်နည်းနည်းနဲ့ လိမ်လည်ပြီး သူ့စပါးမျိုးကို မြေကြီးပေါ်မှာ စိုက်လို့သာ ဒီလိုဖြစ်တာ ဧကန်ပဲဆိုတာလည်း သူကတွက်တယ်။ သူတွက်တဲ့အတိုင်း တကယ်ဟုတ်မဟုတ် သိရအောင် ကောင်းကင်ကလယ်သမားကြီးက စာကလေးတစ်ကောင်ကိုခေါ်ပြီး "စာကလေးမင်းမြေကြီးပေါ်ကိုဆင်းပြီး မြေပြင်မှာ စပါးစိုက်ထားသလားဆိုတာကြည့်ချေစမ်း၊ ပြီးတော့ ကောင်းကင်ပြန်တက်ခဲ့ပြီး မင်းမြင်သမျှငါ့ပြန်ပြော" လို့ မှာလိုက်တယ်။

စာကလေး မြေပြင်ကိုရောက်လာတဲ့အခါ ကောင်လေးရဲ့စပါးခင်းက ကောင်းကောင်းဖြစ်ထွန်းပြီး အသီးသီးနေပြီမို့ ရိတ်ချိန်တောင်တိုင်နေပါပြီ။ စာကလေးက ဆာတာနဲ့ စပါးနှံတွေမှာ တစ်နှံပြီးတစ်နှံနားနားပြီး စားနိုင်သလောက် အဝစားပြီး မိုးကောင်းကင်ကို ပျံတက်လာခဲ့တယ်။ ရောက်တော့ လယ်သမားကြီး "ဘယ်နှယ့်လဲဟေ့ မြေကြီးပေါ်မှာ စပါးရှိနေသလား"

"မရှိပါဘူး" လို့ စာကလေးက ပြန်ပြောတယ်။ စာကလေးက ဒီအကြောင်းကို သူပဲသိချင်တယ်။ ဒါမှ သူကတစ်ကောင်တည်း ဆင်းပြီး ကြိုက်သလောက် သွားသွားစားနိုင်မယ်လေ။ နို့ပေမယ့် စာကလေးက လိမ်ပြောတာ အမှန်မပြောဘူးဆိုတာက ပေါ်နေတယ်။ သူ့နှုတ်သီးမှာ ဆန်တွေပေပြီး ဖြူနေတာ မြင်ရတာကိုး။



လယ်သမားက "နင် ညာပြောတာပဲ၊ နင့်နှုတ်သီးကိုကြည့်တာနဲ့ နင်အဝစားပြီးလာခဲ့တာဆိုတာ သိသာနေတယ်။

"ကျွန်တော့်ကိုမယုံရင် တခြားငှက်တစ်ကောင်ကို လွှတ်ပြီးကြည့်ခိုင်းပါလား" လို့ စာကလေးကညာတော့ လယ်သမားကြီးက "အေး ငါလည်း ဒါလုပ်မှာပဲကွ" လို့ ပြောပြီး မင်းနဲ့အတူ ခိုတစ်ကောင်ကို ထည့်လိုက်မယ်။ မြေပေါ်မှာ စပါးပင်မြင်ရင်တော့ ခိုကမင်းကိုသတ်မှာပဲ၊ မင်းပြောတာကအမှန် စပါးမရှိဘူးဆိုရင် မင်းကခိုကိုသတ်ပေါ့" လို့ မှာလိုက်တယ်။

ငှက်နှစ်ကောင်လည်း သူတို့ဆရာခိုင်းစေတဲ့အတိုင်း မြေကြီးပေါ်ကို ပျံဆင်းလာခဲ့ကြတယ်။ မြေပြင်ရောက်တော့ ခိုက စပါးပင်တွေမှည့်ပြီး ရိတ်ဖို့အသင့်ရှိနေတာကို မြင်ပြီလေ။ ဒါကြောင့် ခိုကစာကလေးကို လူလိမ်ပဲဆိုတော့ သူတို့နှစ်ကောင် ရန်ဖြစ်ကြရော။ ရန်ပွဲက အကြီးအကျယ်သတ်ကြတိုက်ကြတော့ စာကလေးရှုံးတာပေါ့။ သူက မှားတဲ့ အကောင်မို့လား။ ခိုက စာကလေးရဲ့လည်ချောင်းကိုနှုတ်သီးနဲ့ ထိုးတာဆိတ်တာကြောင့် စာကလေးစားထားတဲ့ ဆန်စေ့အိတ်ဟာ စာကလေးရဲ့ကျောဘက် ရောက်သွားတယ်။ ဒါကြောင့် စာကလေးတွေရဲ့ အစာအိတ်ကို ကနေ့တွေ့သလို တွေ့ရတာပဲ။

မြေကြီးပေါ် စပါးဘယ်လိုစရောက်တယ်ဆိုတာ ရှေးရှေးက ဒီအတိုင်းဖြစ်ခဲ့တာတဲ့။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ကမ္ဘာပေါ်မှာ
# အုန်းပင် ဘယ်လိုစပေါ်လာသလဲ



BURMESE CLASSIC .com

## ကမ္ဘာပေါ်မှာ အုန်းပင်ဘယ်လိုစပေါ်လာသလဲ

အုန်းပင်ကိုမြင်ဖူးရင် မြင်ဖူးတဲ့လူတိုင်း သိပ်လှတဲ့အပင်ပါကလားလို့ အံ့သြသဘောကျကြတယ်။ ပင်စည်က သေးသေးရှည်ရှည်ကြီး၊ လေကလေးတစ်ချက်ဝှေ့လိုက်တာနဲ့ အရွက်ကလေးတွေက ယိမ်းနွဲ့ပြီး မြည်လာတယ်။ မြည်ပုံကလည်း ကြင်နာတဲ့အသံနဲ့ စကားတိုးတိုး ပြောနေသလိုပဲ။ အုန်းပင်က ဒီလိုလှတာ ချစ်စရာကောင်းတာကတော့ တခြားကြောင့် မဟုတ်ဘူး။ အုန်းပင်ဟာ ပထမတုန်းက အလွန်လှတဲ့ နတ်သမီးကလေးဘဝကနေပြီး အုန်းပင်ဖြစ်သွားလို့တဲ့။

ဖြစ်ပုံက ဒီလိုတဲ့လေ။

ဟိုရှေးရှေးတုန်းက နတ်တွေဟာ မိုးပေါ်မှာလည်း နေတယ်။ မြေပြင်မှာလည်း နေကြသေးတယ်။ နတ်တွေနဲ့အတူ မြေပြင်မှာ ဘီလူးကြီးတွေလည်း ရှိကြသေးတယ်။ အဲဒီခေတ်က အလွန်ချောမောလှပတဲ့ နတ်သမီးကလေးတစ်ပါးရှိသတဲ့။ ဒီနတ်သမီးကလေးရဲ့ နာမည်က ရတနာတဲ့။ သူဟာ တောင်စောင့်နတ်ကြီး သမေရုရဲ့ တစ်ဦးတည်းသော သမီးကလေးဖြစ်သတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဒီသမီးကလေးတစ်ယောက်တည်းမို့ တောင်စောင့်နတ်ကြီး သမေရုကလည်း သိပ်ချစ်သတဲ့။ ဒါကြောင့် သမီးကလေးလိုချင်တယ် ဆိုရင် ဘာကိုမဆို အလိုလိုက်တယ်၊ အလိုပြည့်စေတယ်၊ တစ်ခုတည်း အလိုမလိုက်ဘဲထားသတဲ့။

သူ့ကို အဖေနတ်သားကြီးက ကလေးအရွယ် လူမမည်ကစပြီး တောင်ကြားထဲမှာပဲထားတယ်။ အပြင်လောက ကမ္ဘာကြီးထဲကို လုံးဝ ထွက်ခွင့်မပေးဘူး။ ဒါကြောင့် ရတနာနတ်သမီးကလေးဆီကို အဖော် သူငယ်ချင်းတွေ အလည်လာကြပြီဆိုရင် တောင်တွေရဲ့ ဟိုဘက်က အပြင်ကမ္ဘာကြီးဆိုတာ ဘယ်လိုနေတာလဲလို့ ရတနာက မေးတာပဲ။ သူငယ်ချင်းတွေက ကောင်းကင်ပြာကြီးအကြောင်းတွေ၊ တိမ်ဖြူလွလွ တွေရဲ့အကြောင်းတွေ၊ စိမ်းလန်းစိုပြေတဲ့ သစ်ပင်တွေအကြောင်းတွေ ကို ပြောပြရင် ရတနာက နာရီပေါင်းများစွာကြာအောင် နားထောင်နေ တာပဲ။ အထူးသဖြင့် တောင်ခါးပန်းတွေမှာပွင့်နေတဲ့ ပန်းမျိုးစုံလှတဲ့ အကြောင်းများပြောရင် သိပ်သဘောကျတာပဲတဲ့။ ရတနာက သူများ ပြောတဲ့ အပြင်ကမ္ဘာကြီးဆိုတာကို ကိုယ်တိုင်မြင်ဖူးချင်လို့ အဖေရယ် တောင်ကြီးရဲ့အပြင်ဘက် ထွက်ကြည့်ပါရစေလို့ပြောရင် ဘယ်တော့ မဆို သူ့အဖေက ခေါင်းရမ်းသတဲ့။ သမေရုက သူ့သမီးကလေးဆီးမှာ ကို သိပ်စိုးတယ်လေ။ အန္တရာယ်ကင်းတဲ့ တောင်ကြားကြီးရဲ့ပြင်ဘက် မှာ ရတနာကြုံတွေ့နိုင်တဲ့ ဘေးအန္တရာယ်တွေကများတယ်။ တောရိုင်း တိရစ္ဆာန်တွေ ဘီလူးတွေက ငါ့သမီးကလေးကိုဖမ်းသွားရင် ဘယ်နှယ့်



လုပ်မလဲလို့ အဖေကြီးက ပြောတတ်တယ်။ နေမင်းကြီးရဲ့အရှိန်က လည်း ပူပြင်းတယ်ဟုတ်လား။ ရတနာရဲ့ အသားတွေကိုထိရင် နေလောင်လိမ့်မယ်၊ လေကြမ်းကြီးတွေတိုက်ရင် ရတနာ့မျက်စိ ကြည်ကြည်လှလှလေးထဲ သဲတွေဝင်လိမ့်မယ် စသည်ဖြင့် စိုးရိမ်တယ်။ ဒါကြောင့် အပြင်ကို ထွက်ခွင့်မပေးဘူး။ တစ်နေ့တော့ ရတနာကလေး အသက် (၁၇) နှစ် ပြည့်တဲ့နေ့ ရောက်ပါရော။

ရတနာရဲ့မွေးနေ့ အကြီးအကျယ်ကျင်းပပြီး ဖခင် တောင်စောင့် နတ်ကြီး သမေရုက ခမ်းနားကြီးကျယ်တဲ့ စားပွဲကြီး ကျင်းပတယ်။ အဲဒီပွဲကို နတ်မင်းကြီးတွေ အများအပြားကိုလည်း ဖိတ်ကြားကျွေးမွေး တယ်။ ဒီနတ်သားတွေထဲမှာ သူ့သမီးနဲ့ထိုက်တန်တဲ့ သတို့သား နတ်သားတစ်ပါး တွေ့လိမ့်မယ်လို့လည်း ဖခင်ကြီးက မျှော်လင့်ထား တယ်။ တကယ်လို့ဖြစ်နိုင်ရင် သူ့လိုပဲ တောင်တွေပေါ်မှာနေတဲ့ နတ်သားတစ်ယောက်ယောက်၊ ဒါမှမဟုတ် ကောင်းကင်မှာနေတဲ့ နတ်သားတစ်ယောက်ယောက်ကို သူက ရွေးချယ်ချင်တယ်။ ဒါမှ သူ့သမီးကလေးအတွက် စိတ်ချရမယ်ပေါ့။

ပွဲကြီးမစခင် ဖခင်ကြီးက ရတနာကလေးကိုခေါ်ပြီးတော့ “သမီး ငါ့သမီးဟာ မကြာခင် အိမ်ထောင်ပြုပြီး ယောကျ်ားနောက် လိုက်ရ တော့ ဖခင်နဲ့ ခွဲခွာသွားရလိမ့်မယ်။ အဲဒီတော့ ဒီကနေ့ ငါ့သမီး ပျော်ရွှင်သထက် ပျော်ရွှင်အောင် အဖေ ဘာများလုပ်ပေးစေချင်သေး သလဲ” လို့ မေးပါတယ်။ “ဟုတ်ကဲ့ အဖေ ကနေ့ တောင်ကြီးရဲ့

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အပြင်ဘက်ကို ထွက်လည်ပါရစေ၊ တစ်နေ့တည်းပါအဖေရယ်။ အစစအရာရာ ကျွန်မသတိထားပါ့မယ်။ ပြင်ဘက်ကမ္ဘာမှာ သဘာဝအတိုင်း လှပနေတာတွေကို သမီးမျက်စိနဲ့ တစ်ခါလောက် ကိုယ်တိုင်မြင်ဖူးချင်လို့ပါ၊ သမီးသူငယ်ချင်းတွေ ပြောပြတာကိုသာ ခဏခဏ သမီးကြားဖူးပါတယ်။ ကိုယ်တိုင်မမြင်ဖူးလို့ပါ။"

"ဟဲ့ သမီး အပြင်ဘက်မှ အန္တရာယ်တွေ ဘယ်လောက်များတယ်ဆိုတာ ငါ့သမီးမသိဘူးနော်။ တောတိရစ္ဆာန်အရိုင်းတွေလည်းပေါတယ်။ ဘီလူးကြီးတွေလည်းရှိတယ် သမီး" လို့ အဖေကြီးကတားတယ်။

"ကျွန်မ သိပ်သတိထားပါ့မယ်အဖေ ပြီးတော့လည်း အဖေရယ် အဖေ့လို တန်ခိုးကြီးလှတဲ့ တောင်စောင့်နတ်ကြီးရဲ့သမီးကို ဘယ်သူက ရန်မူဝံ့မှာလဲ။ သမေရုဆိုတဲ့နတ်ကြီး သိပ်တန်ခိုးကြီးတာပဲဆိုတာ အားလုံးသိပါတယ်။ သွားကြည့်ပါရစေနော်၊ ကျွန်မ ဒါတစ်ခုပဲ လိုချင်ပါတယ်။"

"သမီး ဒါလောက်သွားချင်ရင်လည်း အဖေလိုက်ပို့ပါမယ်ကွယ်၊ ဒါဖြင့်…

"ကျွန်မတစ်ယောက်တည်း သွားပါရစေအဖေရယ်၊ အဖေရောတခြားလူရော ဘယ်သူမှ မပါဘဲနဲ့ သမီးချည်းသွားပါရစေ၊ ဒီကမ္ဘာကြီးရဲ့အလှကို ကျွန်မတစ်ယောက်တည်း ကြည့်နူးပါရစေ"

"မဖြစ်နိုင်ဘူး သမီးရယ် မသွားရဘူး"



ရတနာက ဘယ်နှစ်ခါပဲ ပူဆာပူဆာ အဖေကြီးက ခွင့်မပေးဘူး။ ဒါကြောင့် ရတနာဟာ မျက်ရည်ကျနေရတယ်။ အဲဒါကို မြင်တော့ ဧည့်သည်တွေက အလွန်ပျော်ရွှင်ရမယ့်နေ့မှာ နတ်သမီးကလေးက ငိုနေတာမို့ ဝိုင်းပြီး အဖေကြီးကို ကူပြောပေးကြတယ်။

"ရတနာလို လှပတဲ့ နတ်သမီးကလေးကို ဘယ်သူက ရန်မူမှာလဲ။ ဒါလောက်တန်ခိုးကြီးတဲ့ နတ်မင်းကြီးရဲ့သမီးမျိုးကို ဘယ်သူက အန္တရာယ်ပြုဝံ့မှာလဲ။ နေမင်းကြီးက သူ့အရောင်တွေကို တိမ်တွေနဲ့ ကာပေးမှာပေါ့။ လေနတ်သားကလည်း ရတနာဆံပင်ကလေးတွေ လှုပ်ရုံလောက်ပဲ ထိတို့ကျီစယ်မှာပေါ့" လို့ ပြောကြတာနဲ့ သမေရုကလည်း မငြင်းနိုင်တော့ဘူး။ နောက်ဆုံးမှာ အလိုလိုက်ရတော့တယ်။ နက်ဖြန်တော့ တောင်တွေရဲ့အပြင်ဘက်ထွက်ပြီး ရတနာ တစ်နေ့လုံး လည်ပတ်ကြည့်ရှုရတော့မယ်လေ။ သူချည်းသွားမှာ အဖော်လည်း မထည့်တော့ဘူး။ အဲဒီမှာ ရတနာဟာ ပျော်လွန်းလို့ ချက်ချင်းပြုံးလာတယ်။ မျက်ရည်တွေကို သုတ်ပစ်လိုက်ပြီး သူ့အဖေကို အထပ်ထပ်အခါခါ ကျေးဇူးတင်နေတယ်။

နောက်နေ့ရောက်တော့ ရတနာက အစောကြီး အိပ်ရာကထတယ်။ ဘာအဆီးအတားမှမရှိတဲ့ ကောင်းကင်ကြီးအောက်က ကမ္ဘာလောကကြီးကို တဝကြီး ထွက်ကြည့်ဖို့ အလှဆုံးအဝတ်အစားတွေဝတ်ပြီး တောင်ကြားထဲက ထွက်လာတယ်။ တောင်ထိပ်က တောင်ပါးစပ်ကြီးထဲကနေပြီး သမေရုနတ်မင်းကြီးက အရှင်လေးမျက်နှာ

www.burmeseclassic.com



ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ ဘီလူးတွေလည်း မရှိပါဘူး။ တောရိုင်းတိရစ္ဆာန်တွေလည်း မရှိပါဘူး။ တောင်ပတ်ပတ်လည်မှာ အားလုံး အေးအေးချမ်းချမ်းသာသာယာယာပါပဲ။ သူ့သမီးကလေး ဘာဘေးအန္တရာယ်မှ မကျရောက်နိုင်ပါဘူး။

ရတနာကတော့ တောင်ရဲ့အပြင်ဘက်ရောက်တာနဲ့ တစ်ပြိုင်တည်း အကြီးအကျယ် ပျော်သွားတာပဲ။ ကမ္ဘာလောကကြီးကလည်း သူ့စိတ်ကူးထဲက ထင်နေတာထက်တောင် ပိုပြီးလှပနေပါသေးကလား။ တောင်ကမ်းပါးက ဖြည်းဖြည်းချင်း မြေပြန့်ကို ဆင်းလာတယ်။ အောက်ရောက်တော့ ချောင်းကလေးသာသာရှိတဲ့ မြစ်ကလေးတစ်ခုကို တွေ့တယ်။ အဲဒီမှာ ရေကြည်ကြည်ကလေးတွေထဲ ငါးကလေးတွေကူးနေတာမြင်ရတော့ ရတနာက ရပ်ကြည့်နေမိတယ်။ ရေစပ်မှာ ကျောက်တုံးပြားပြားကလေး ထိုင်လို့ကောင်းမယ့်ပုံကိုလည်း တွေ့ရော ရေအေးအေးထဲ သူ့ခြေထောက်ကလေးချထားပြီး အဲဒီမှာ ဝင်ထိုင်ရင်း အသံသာသာကလေးနဲ့ "ငါးကလေးတွေ လာကြဟေ့" လို့လည်း ခေါ်တယ်။ အဲဒီနား ကြာကြာထိုင်မိလေလေ၊ တောင်ကြားကြီးထဲ ပြန်သွားဖို့ ပျင်းလေလေပဲ။ သူနေရတဲ့ တောင်စောင်းကြီးထဲမှာတော့ အခန်းတွေက မှောင်မည်းနေလို့ မီးခွက်တွေ အမြဲထွန်းထားရတယ်ဟုတ်လား။ တောင်ကြားကြီးက အကွယ်အကာ အထပ်ထပ်နဲ့မို့ ဘယ်လေမှလည်း မတိုက်ဘူး။ ဘယ်ရေမှလည်း စီးမနေဘူး။ အဲဒီတော့ ဘယ်ပန်းမှလည်း မပွင့်ဘူးပေါ့။ ဒါကြောင့် တောင်ကြီးရဲ့



အပြင်ဘက် ဒီလိုလှပတဲ့ အပြင်ကမ္ဘာကြီးထဲမှာပဲ ရတနာက နေချင်တော့တယ်။ အသွေးအရောင်စုံတာ နွေးထွေးတာတွေ သန့်ရှင်းတာတွေကို ကြိုက်နေတယ်။ နို့ပေမယ့် နေလုံးကြီးအောက်ဆင်းတာနဲ့ တစ်ပြိုင်နက် သူဟာ တောင်ကြားကြီးထဲကို ပြန်ရမှာ။ ဒါကြောင့် ပြန်ရခါနီးတော့ ရတနာက စိတ်ညစ်လွန်းလို့ ခေါင်းငုံ့ပြီး ငိုနေမိရော။

"ဘာလို့ငိုနေသလဲ ကလေးမရယ်" လို့ မိတ်ဆွေနဲ့တူတဲ့အသံတစ်ခု သူ့နားမှာ ကြားလိုက်တော့မှ ရတနာက လန့်ဖျပ်ပြီး မော့ကြည့်မိတော့ သူ့အနားမှာ ချောမောလှပတဲ့ လူငယ်တစ်ယောက် ပြုံးပြီးရပ်နေတာကို သွားတွေ့ရတာကိုး။ ဒီလူငယ်က လှလိုက်တာလည်း လွန်ပါရော။ ဖော်ရွေလိုက်တာကလည်း လွန်ပါရော။ ဒါကြောင့် ရတနာဟာ အကြောက်ပြေသွားတယ်။

"ရှင်က ဘယ်သူလဲ" လို့လည်း မေးမိတယ်။ "ဒီနိုင်ငံက အိမ်ရှေ့မင်းသားပါ။ ဒီနေရာကို ခဏခဏလာပြီး အေးချမ်းလှပတဲ့ အရသာကို မကြာမကြာလာခံပါတယ်" လို့ လူငယ်က ဖြေတယ်။ ကျွန်တော့်အဖေရဲ့ နန်းတော်ထဲမှာ အလုပ်ကသိပ်ရှုပ်ပြီး မျက်စိနောက်စရာတွေ များလွန်းလို့ပဲ။ ကလေးမကို အရင်က တစ်ခါမှ မတွေ့ဖူးပါဘူး ပြောပါဦး ဘာလို့ ငိုနေတာလဲ။ ကျွန်တော်ကူညီနိုင်တာရှိမလား" လို့ ပြောပြီး အိမ်ရှေ့မင်းသားလေးက ရတနာရဲ့အနား ဝင်ထိုင်တယ်။

ရတနာက သူဘယ်သူ၊ ဘာလို့ငိုတယ်ဆိုတာတွေကို ပြောပြနေတော့ မင်းသားလေးက ရတနာရဲ့ လှပတဲ့မျက်နှာကလေးကို

www.burmeseclassic.com



ကြည့်ပြီး သာယာလှတဲ့ သူ့အသံလေးနဲ့ ပြောပြနေတာတွေကို နားထောင်နေတယ်။ စိတ်ညစ်နေရှာတဲ့ နတ်သမီးကလေးကိုလည်း ကြည့်ရင်း မင်းသားလေးက သိပ်ချစ်နေမိသတဲ့။ ဒါကြောင့် "မင်း ငါ့ကိုလက်ထပ်ရင် ငါနဲ့အတူ အပြင်ကမ္ဘာကြီးမှာ လိုက်နေရမှာပေါ့" လို့ ပြောလိုက်မိတယ်။

ရတနာက "ယောကျ်ားတွေရဲ့ဘဝ၊ ယောကျ်ားတွေရဲ့အကြောင်းကို ပြောပြပါဦးရှင်" လို့မေးတော့ မင်းသားလေးက ယောကျ်ားတွေရဲ့ ပျော်စရာ ရွှင်စရာဘဝတွေ၊ စိတ်ညစ်ရတဲ့ဘဝတွေ၊ နန်းတော်ကြီး အကြောင်းတွေ၊ တဲပုတ်ကလေးတွေအကြောင်းတွေ၊ လယ်တွေယာတွေ ခြံမြေဥယျာဉ်တွေအကြောင်းတွေ၊ ကျွဲတွေ နွားတွေ၊ သိုးတွေရဲ့ အကြောင်းတွေ စုံနေအောင် အမျိုးပေါင်းတစ်ထောင်မက ပြောပြတယ်။ လူတွေရဲ့ဘဝမှာ ဘာကြောင့် ဆင်းရဲရတယ်၊ ဘာကြောင့် ချမ်းသာရတယ်ဆိုတာတွေလည်း ပါတာပေါ့။ ရတနာက စိတ်ပါလက်ပါ ရူးရူးစိုက်စိုက်ကြီး နားထောင်တယ်။ နားထောင်ပြီး အမျိုးစုံကြားရလေလေ သူလည်း အဲဒီလိုဘဝမျိုး ရချင်လေလေပဲ။

"ကျွန်မ ရှင့်ကိုလက်ထပ်ပြီး ရှင့်နောက်လိုက်နေချင်ပါရဲ့။ ဒါပေမဲ့ ကျွန်မအဖေက ခွင့်ပြုမယ်မထင်ဘူး။ ဘာလို့လဲဆိုတော့ ရှင်က ကျွန်မတို့လို နတ်အမျိုးအနွယ်မှ မဟုတ်ဘဲကိုး"

"ကျွန်တော့်အဖေက နတ်တော့မဟုတ်ဘူး။ ဒါပေမဲ့ လူ့ပြည်မှာ ဘုန်းတန်ခိုးအကြီးဆုံး ဘုရင်ကြီးပါ။ ဒါ့ကြောင့် မင်းအဖေဆီ



လိုက်လာပြီး မင်းကို တောင်းပါရစေ" လို့ မင်းသားလေးက ပြောတယ်။

တောင်ကြားထဲမှာတော့ တောင်စောင့်နတ်မင်းကြီး သမေရုက သူ့သမီးမလာမလာနဲ့ တမျှော်မျှော်ဖြစ်နေပြီ။ သမီးမရှိတော့ နန်းတော်ကြီးကလည်း ခြောက်သွေ့လို့။ နေ့တာကလည်း ရှည်လိုက်တာ လွန်ပါရော။ နောက်ဆုံးတော့ သမီးပြန်လာပါပြီ။ ဒါပေမဲ့ သမီး တစ်ယောက်တည်းမဟုတ်ဘူး။ ငါ့သမီးနောက် ရဲရဲဝံ့ဝံ့လိုက်လာတာ ဘယ်သူတဲ့တုံး၊ ဒီကောင်တော့ သေပေတော့လို့ နတ်မင်းကြီးက ကြုံးဝါးနေပြီ။

သမီးကလေးရတနာကတော့ ပျော်လွန်းလို့ အဖေဒေါသထွက်နေတာကိုတောင် သတိမထားမိဘူး။ အဖေ့ခြေရင်း ဒူးထောက်ပြီး သူတို့ နှစ်ယောက် သိပ်ပြီး ချစ်ကြိုက်လာတဲ့အကြောင်း လက်ထပ်ပေးစေချင်တဲ့အကြောင်း တောင်းပန်နေရှာတယ်။

တောင်စောင့်နတ်ကြီးဟာ တကယ်တော့ ဒီကောင်ကလေးကို ချက်ချင်းပဲ သတ်လိုက်ချင်တယ်။ နို့ပေမယ့် သူ့သမီး စိတ်ထိခိုက်သွားမှာစိုးတယ်။ ပြီးတော့လည်း ဒီကောင်လေးက ဘုန်းတန်ခိုးကြီးတဲ့ ဘုရင်ရဲ့သားမဟုတ်လား။ အဲဒီတော့ သူ့မှာလည်း တန်ခိုးကြီးနတ်မိတ်ဆွေ ရှိမှာအမှန်ပဲ။ သူ့အဖေ စိတ်မဆိုးနိုင်တဲ့နည်းနဲ့ သတ်မှဖြစ်မယ်။ ဒါကြောင့် အဖေကြီးက "ဟေ့ သူငယ် မင်း ငါ့သမီးကို တကယ်ပဲချစ်သလား" "ချစ်ပါတယ်ခင်ဗျာ၊ အသက်လောက်ချစ်ပါတယ်။"

www.burmeseclassic.com

www.burmeseclassic.com



"အေး ဒါဖြင့် မင်းနဲ့ပေးစားမယ်။ ဒါပေမဲ့ မင်းကို ခြွင်းချက်တစ်ခုနဲ့သာ သဘောတူနိုင်မယ်။ မင်းဟာ ငါ့သမီးကို ချမ်းချမ်းသာသာ ထားနိုင်လောက်အောင် မင်းတို့မှာ ပစ္စည်းဥစ္စာပေါမှန်းတော့ ငါသိတယ်။ ဒါ့အပြင် ငါ့သမီးအပေါ် ကျရောက်နိုင်တဲ့ အန္တရာယ်မျိုးစုံကို ကာကွယ်နိုင်စွမ်းလည်း ရှိပါတယ်ဆိုတာကို မင်း ငါ့ကို ပြရလိမ့်မယ်။ ဘယ်နည်းနဲ့ ပြရမလဲဆိုတော့ ငါ မင်းကို အလုပ်တစ်ခုပေးမယ်။ အဲဒီအလုပ်ပြီးအောင်လုပ်နိုင်ရင် ငါ့သမီးကို လက်ထပ်တော့၊ အဲ မင်းမစွမ်းလို့ ဒီအလုပ်ပြီးအောင် မလုပ်နိုင်ဘူးဆိုရင်တော့ လူမစွမ်းဘဲနဲ့ တောင်စောင့်နတ်မင်းကြီးရဲ့သမီးကို ဝံ့ဝံ့စားစား တောင်းခံမှုအတွက် လူစင်စစ်က ကျောက်ဖြစ်သွားရတဲ့နည်းနဲ့ ဒဏ်ခတ်မယ်"။

မင်းသားငယ်ကတော့ ခေါင်းငုံ့အရိုအသေပြုပြီးတော့ နတ်မင်းကြီးခိုင်းစေသမျှကို သူဆောင်ရွက်ပါမယ်လို့ ရဲရဲပဲ အာမခံလိုက်တယ်။ သမေရုက "ကောင်းပြီ ငါ့နောက်ကိုလိုက်ခဲ့" လို့ခေါ်ပြီး မင်းသားလေးကို တောင်ထိပ်က တောင်ပါးစပ်ကြီးထဲ ခေါ်သွားတယ်။ ပြီးတော့ တောင်အောက်မှာမြင်ရတဲ့ မြင်ကွင်းကိုပြတယ်။

"ဒီရှုခင်းမှာ ဟောဟိုတောင်တစ်လုံးသာ ကွယ်မနေဘူးဆိုရင် ဒို့ဟာ ပင်လယ်ထိအောင် တောက်လျှောက်မြင်ရမယ်။ ဒီတောင်ကို မိုင်နည်းနည်းဝေးတဲ့ဆီကို ရွှေ့ပေးရမယ်။ ဒါဆိုရင် အဝေးက ပင်လယ်ပြာပြာကို ဒီက ကောင်းကောင်းကြီးမြင်ရမယ်။ ဒီတောင်ကို ညတွင်းချင်းပြီးအောင် မင်းရွှေ့ရမယ်။ နေဝင်သွားတာနဲ့တစ်ပြိုင်နက်



စပြီးရွှေ့နိုင်ပြီ။ နောက်တစ်ရက် ကြက်ဦးတွန်တာနဲ့ တစ်တောင်လုံးရွှေ့ပြီးဖြစ်နေရမယ်။ အဲဒါ ငါပေးမယ့်အလုပ်ပဲ။ တောင်တစ်လုံးလုံးကို တစ်ညနဲ့အပြီး ရွှေ့နိုင်တဲ့ယောကျ်ားဆိုရင်ဖြင့် မင်းဟာ ငါ့သမီးနဲ့ လက်ထပ်ဖို့ ထိုက်တန်တဲ့ ယောကျ်ားဖြစ်ပြီ။ ဒါပေမဲ့ တစ်ခုသတိထား တစ်ညနဲ့ အပြီးမရွှေ့နိုင်ဘူးဆိုရင်တော့ မင်းဟာ လူစင်စစ်က ကျောက်ဖြစ်ပြီလို့သာ မှတ်တော့"။

ဒီစကားတွေကြားတော့ ရတနာက ငိုပါလေရော။ အဖေကြီးက သဘောတူ ပေးစားချင်တာမဟုတ်ဘူး၊ မပေးစားချင်ရုံသာမက မင်းသားကလေးကိုသတ်ဖို့ ရည်ရွယ်တာဆိုတာကို သူက နားလည်ပြီကိုး။ ရတနာဟာ သူ့အသည်းတွေများ ကွဲကုန်ပြီလားလို့တောင် အောက်မေ့မိသတဲ့။ မင်းသားကတော့ မကြောက်ပါဘူး။ အခုကိစ္စမှာ နတ်တွေက ကြည့်မနေဘူး၊ သူ့ကို ဝိုင်းကူကြမှာပဲလို့ မင်းသားက ယုံနေတယ်လေ။ ဒါကြောင့် "ရတနာရယ် မငိုပါနဲ့၊ မင်း ငါနဲ့အတူ ဒို့နန်းတော်ကြီးကို လိုက်လာနိုင်မှာပါ။ မင်းမြင်ချင်တဲ့ ကမ္ဘာလောကကြီးနဲ့ မွေးကြိုင်တဲ့ပန်းတွေကြားမှာ နေရတော့မှာပါ" လို့ ချော့မော့ပါတယ်။

နန်းတော်ပြန်ရောက်တော့ အိမ်ရှေ့မင်းသားလေးက သူ့ခမည်းတော်ကို တောင်စောင့်နတ်မင်းကြီးရဲ့သမီးတော် ရယူဖို့အတွက် တောင်စောင့်နတ်မင်းကြီးထံ တောင်းခံပုံတွေကို အားလုံးပြောပြတယ်။ ဘုရင်ကြီးကလည်း တန်ခိုးကြီးတဲ့ ဘုရင်ကြီးပဲ။ ဒါကြောင့် မန္တန်တစ်ခုကိုရွတ်ရုံနဲ့ ဘီလူးကြီးလို သန်မာထွားကြိုင်းလာနိုင်တဲ့မန္တန် သူ့သား

www.burmeseclassic.com



ကိုပေးတယ်။ ပြီးတော့ တောင်ကိုဖြိုပြီး ကျောက်တွေသဲတွေကို သယ်ယူစရာ တန်ခိုးရှိတဲ့ ရောမခွက်ကြီးတစ်လုံးကိုလည်း ပေးတယ်။

ဒါကြောင့် နောက်တစ်နေ့ နေဝင်ခါနီးမှာ မင်းသားလေးက သူဖြိုပြီးရွှေ့ရမယ့်တောင်နားမှာ အစစအသင့်ပြင်ပြီး စောင့်နေပြီ။ နေလည်းဝင်ရော အဖေပေးလိုက်တဲ့မန္တန်ကို ရွတ်လိုက်တယ်။ မန္တန်ရဲ့ တန်ခိုးကြောင့် မင်းသားလေးဟာ ကမ္ဘာပေါ်မှာ အကြီးဆုံး အသန်မာဆုံးဘီလူးကြီးအဖြစ် တဖြည်းဖြည်း ကြီးထွားလာတယ်။ ကြီးလည်းကြီးရော အဖေပေးလိုက်တဲ့ခွက်ကြီးနဲ့ တောင်ကိုစဖြိုပြီး မလှမ်းမကမ်းတစ်နေရာကို အဲဒီကျောက်တွေကို လှမ်းသွန်တယ်။ အဖေပေးလိုက်တဲ့ ခွက်ကြီးကလည်း အမာဆုံးကျောက်ကို ဖယောင်းလို ဖြိုခွဲနိုင်သတဲ့။ ဒါကြောင့် တောင်တစ်လုံးရွှေ့ရတဲ့ကိစ္စဟာ ဘာမှ မခဲယဉ်းဘူးတဲ့။

မင်းသားလေး ဒီလိုလုပ်နေတာကို မျက်စိနှစ်လုံးကလည်း မျက်ခြည်မပြတ် ကြည့်နေတယ်လေ။ တောင်ထိပ်ပေါ်က နတ်မင်းကြီးသမေရဟာ ပထမတော့ မင်းသားလေးရဲ့ စွမ်းပကားကို အံ့ဩနေတယ်။ နောက်တော့ စိတ်ပူလာတယ်။ ဒီအတိုင်းသာဆိုရင် တစ်ညနဲ့ ပြီးအောင် တောင်ရွှေ့သွားမှာ အသေအချာပဲ။ ဒီလိုဆိုရင် သူ့သမီး ဆုံးရပြီပေါ့။ ဒီအဖြစ်တော့ အရောက်မခံနိုင်ဘူး။ တစ်နည်းနည်းနဲ့ ကာကွယ်ရမှာပဲတဲ့။

မင်းသမီးကလေး ရတနာကလည်း အဖေ့အနားမကပ်တော့ဘူး။ တစ်နေရာကိုပြေးပြီး မင်းသားကလေး တောင်ရွှေ့နေတာကိုပဲ စောင့်ကြည့်နေတယ်။ တောင်ကြီးက ငယ်ငယ်သွားတာနဲ့အမျှ နတ်သမီးလေးရဲ့မျက်နှာမှာ အပြုံးပန်းတွေ ပွင့်ပွင့်နေပြီ။ နာရီက တစ်နာရီပြီး တစ်နာရီ ရွှေ့နေပါပြီ။ ညသန်းခေါင်တိုင်တော့ တောင်ဟာ တစ်ဝက်မက ဖြိုပြီးရွှေ့ပြီး ဖြစ်နေပြီ။ မိုးလင်းဖို့ အရုဏ်တက်ဖို့က နာရီ အတော်ကျန်သေးတယ်လေ။ အဲဒီအချိန်မှာ ဒီအလုပ်ဟာ ပြီးရမယ် ဟုတ်လား။



နောက်ဆုံးနာရီကို ရောက်လာတော့ တောင်ကြီးတစ်လုံးလုံး မူလနေရာက ကွယ်ပျောက်သွားပြီး တစ်နေရာမှာ တောင်သစ်တစ်လုံး ပေါ်လာပါပြီ။ တောင်သစ်က တောင်ဟောင်းအတိုင်းပါပဲ ကြီးပုံရော မြင့်ပုံရော။ နောက်ထပ် သူ့ခွက်ကြီးနှစ်လုံးနဲ့ ရွှေ့လိုက်ရင် အားလုံး ကုန်စင်ပါပြီ။ အရှေ့မှာလည်း ရောင်နီကလေး သန်းလာပါပြီ။ နေဝန်းတော့ မပေါ်သေးပါဘူး။ ကြက်ဦးလည်း မတွန်သေးပါဘူး။ မင်းသားလေးက ကျောက်တစ်တောင်းကိုယူပြီး ဟိုဘက်တောင်ပေါ်ကို ပစ်လိုက်တယ်။ နောက်ဆုံးတစ်တောင်းကို ငုံ့ပြီး အကြဲလိုက်မှာ ကြက်ဦးက တွန်ပါလေရော။ ကြက်သံက တိုးတိုး မဝံ့မရဲပါပဲ။ နို့ပေမယ့် ဒီအသံလောက်နဲ့ပဲ တခြားကြက်တွေက ကြားကြ နိုးကြပြီး ဝိုင်းတွန်ကုန်ကြပါရော။

အဲဒီမှာ မင်းသားလေးက “ရတနာရေ ရတနာရဲ့” လို့ ပင့်သက်ချပြီး ခေါ်လိုက်မိတယ်။ ဒီအချိန်မှာပဲ သူ့လက်တွေက မာကျောသွားတာမို့ ကျောက်တောင်းထဲကကျောက်တွေ ဖိတ်ကျကုန်ပြီး မင်းသားလေးလည်း ကျောက်ဖြစ်သွားရှာရော။

www.burmeseclassic.com

www.burmeseclassic.com



သူ့ဘားမှာတော့ ရတနာရောက်နေပြီလေ။ အံ့သြထိတ်လန့်ကြောက်ရွံ့တဲ့ပုံနဲ့။ ပြီးတော့မှ ရတနာက “အဖေရယ် ဒါလောက် ရက်ရက်စက်စက် အဖေမို့ လုပ်ပါယေတယ်” လို့ ပြောလိုက်မိတယ်။ ပထမဆုံးတွန်တဲ့ကြက်ဟာ တကယ့်ကြက်မဟုတ်ဘူး။ သူ့အဖေက ကြက်လိုတွန်ပြလိုက်တာဆိုတာကို ရတနာက သိတယ်။ ရတနာက လက်နှစ်ဖက်ကို အထက်မြှောက်လိုက်ပြီး “ကျွန်မ အဖေ့ဆီ ပြန် မလိုက်ချင်တော့ဘူး။ ကျွန်မ မင်းသားကလေးနားမှာပဲ နေချင်တယ်။ နတ်တွေ သိကြားတွေရယ် ကယ်တော်မူပါ၊ ကူတော်မူကြပါ” လို့ အော်ပြီး ရတနာက ဆုတောင်းပါတယ်။

ဒီအသံကို မိုးပေါ်ကနတ်တွေက ကြားကြတော့ ရတနာကို သနားကြတာနဲ့ သူ့ကို သစ်ပင်တစ်ပင်ဖြစ်အောင် ဖန်ဆင်းလိုက်ကြတယ်။ သူ့ကိုယ်ကလေး နွဲ့နွဲ့နှောင်းဟာ ပင်စည်ပေါ့။ သူ့လက်ကလေးနှစ်ဖက်နဲ့ လက်ချောင်းကလေးတွေကတော့ အကိုင်းကလေးတွေပေါ့။ လေထဲလွင့်နေတဲ့ သူ့ဆံပင်ကလေးတွေကတော့ ဒီအပင်ရဲ့ အရွက်ကလေးတွေပေါ့။ သူ့ခေါင်းလေးကတော့ ဒီအပင်က အသီး ဖြစ်သွားတယ်။ ကမ္ဘာပေါ်မှာ အုန်းပင်ကလေးတစ်ပင် ဒီလိုနဲ့ စပေါ် လာပါတယ်။

တောင်စောင့်နတ်ကြီး သမေရုကတော့ သူ့တောင်ပေါ်မှာ သူချည်းတစ်ယောက်တည်း ကျန်ရစ်ပြီပေါ့။ တခြားနတ်တွေက သူ့ကို ဒီလိုညစ်ပတ်လိမ်ညာရမလားလို့ အားလုံးကဝိုင်းပြီး အပြစ်တင်ကြ



တယ်။ သမီးဆုံးရတဲ့ သမေရုဟာ မကြာခဏ ပင့်သက်ကြီးချချပြီး ငိုယိုပါသတဲ့။ ဒီလိုငိုရင် သူ့တောင်ထိပ်ပါးစပ်ကြီးထဲက မီးခိုးလုံးကြီးတွေ ထွက်ထွက်လာရော။ မင်းသားကလေး ရွှေ့ပေးခဲ့ပေမယ့် သမေရုဟာ ပယ်လယ်ကို ကောင်းကောင်းမမြင်ရဘူး။ မင်းသားကလေးလက်က လွတ်ကျသွားတဲ့ တောင်းကြီးကလည်း ကျောက်ဖြစ်ပြီး တောင်တစ်လုံး ထပ်ဖြစ်လာတာကိုး။ ဒါကြောင့် ကနေ့ထက်ထိ တောင်နှစ်လုံးမြင်နေရတာပေါ့။ တောင်အဟောင်းကိုတော့ ဘရိုမိုလို့ ခေါ်တယ်။ တောင်အသစ်ကိုတော့ လူတွေက ဘတုတ်တောင်လို့ ခေါ်ကြတယ်။ ဘတုတ်ဆိုတာ အင်ဒိုနီးရှားလို အုန်းခွံကိုခေါ်တဲ့ စကားပါ။

www.burmeseclassic.com

ကီလာရပ်



# ကီလာရပ်

(ဂျာဝါးပုံပြင်)

ဟိုရှေးရှေးတုန်းက အင်မတန်ဘုန်းတန်ခိုးကြီးတဲ့ ဘုရင်ကြီးတစ်ပါးရှိသတဲ့။ ဒီဘုရင်ကြီးမှာ သားတော်တစ်ပါးတည်းရှိတယ်။ သားကလေးက ကျန်းကျန်းမာမာ သန်သန်စွမ်းစွမ်းကြီး။ ဒါကြောင့် ဘုရင်ကြီးက သူနတ်ရွာစံလို့ ကံတော်ကုန်ရင် သူ့ထီးမွေ နန်းမွေကို သူ့သားတော်ကလေးပဲ ဆက်ခံရမယ်လို့ အကြီးအကျယ် မျှော်လင့်ရှာတယ်။ ဘာလို့ ကံသေကံမမတွက်ဘဲ မျှော်လင့်ရုံမျှော်လင့်ရသလဲဆိုတော့ သားတော်ရဲ့ အကျင့်စာဂနဲ့ပတ်သက်လို့ အားမရနိုင်လို့တဲ့။

သူ့သားတော်က ခေါင်းမာတယ်။ ပြောရဆိုရလည်း အလွန်ခက်တယ်။ ပညာသင်ပါဆိုရင် မသင်ဘူး။ မင်းကျင့်တရားနားလည်အောင် လုပ်လို့ဆိုရင် မလုပ်ဘူး။ မင်းတို့တတ်အပ်တဲ့ ပညာရပ်တွေကို လေ့လာသင်ကြားပါဆိုရင်လည်း မသင်ဘူး။ လောကမှာ သူ့စိတ်ဝင်စားတာတစ်ခုပဲရှိတယ်။ အဲဒါက ဘာလဲဆိုတော့ ကြက်တိုက်တာလေ။

www.burmeseclassic.com

www.burmeseclassic.com



တိုက်ကြက်တစ်ကောင်နဲ့ တွေ့တာနဲ့တစ်ပြိုင်နက် မင်းသားက တစ်လောကလုံးကို မေ့လိုက်တာပဲ။ မင်းသား ကြက်တိုက်ဒီလိုစွဲနေတာကို ဘယ်သူကမှလည်း ချွတ်နိုင်စွမ်းမရှိကြဘူး။ ဘုရင့်သားတော်နဲ့ လျော်ညီတဲ့ အကျင့်အကြံကို ကျင့်ကြံပါလို့ ဘယ်သူကမှ မဖျောင်းဖျနိုင်ကြဘူး။ မင်းသား တစ်နေ့တခြား ကြီးပြင်းလာလို့ အိမ်ရှေ့မင်းသားဖြစ်လာတဲ့အချိန်မှာလည်း ကြက်တိုက်တာကို သူက မစွန့်ဘူး။ ဘုရင်လုပ်ဖို့ ဖခင်အရိုက်အရာခံနိုင်ဖို့ သူက ဘာမှမပြုပြင်တော့ ဖခင်ဘုရင်ကြီးက သည်းမခံနိုင်တော့ဘူး။ ဒါကြောင့် နန်းပေါ်က နှင်ချလိုက်တယ်။ နန်းပေါ်ကသာ မကဘူး။ တိုင်းပြည်ကလည်း နှင်ပစ်ပြီး ဘယ်တော့မှ ပြန်မလာရလို့လည်း အမိန့်ချလိုက်ပါတယ်။

ဒါ့ကြောင့် မင်းသားငယ်ဟာ ဝမ်းနည်းပက်လက်နဲ့ တိုင်းပြည်က ထွက်ခွာရပြီး တောကြီးတစ်တောထဲ လျှောက်လှည့်နေသတဲ့။ သူ့ဝမ်းအနည်းဆုံးကတော့ ဆုံးရှုံးခဲ့တဲ့ ထီးနန်းကိုမဟုတ်ဘူး။ သူ့တိုက်ကြက်တွေနဲ့ ခွဲခဲ့ရတာကို သူက နှမြောဝမ်းနည်းနေတာဖြစ်သတဲ့။ တောထဲ သွားရင်းသွားရင်းနဲ့ တောအလွန်နက်တဲ့နေရာကို ရောက်လာတော့ ရုပ်ရေချောမောလှပတဲ့ မိန်းကလေးတစ်ယောက်ကို မင်းသားက သွားတွေ့တယ်။

မိန်းကလေးကိုမေးကြည့်တော့ သူ့မိဘတွေဟာ လယ်သမားတွေဖြစ်တယ်။ နို့ပေမယ့် အမေရောအဖေပါ သေဆုံးကြပြီမို့ သူတစ်ယောက်တည်း တောထဲမှာ ဆင်းဆင်းရဲရဲနေရတယ်လို့ ပြောပြတယ်။ သူ့တဲက အုန်းလက်အုန်းရွက်နဲ့ ထိုးထားတဲ့ တဲကလေးတဲ့။

မိန်းမပျိုနဲ့ ယောက်ျားပျိုကလေး တောထဲမှာ နှစ်ယောက်တည်း တွေ့ကြတော့ တစ်ယောက်ကိုတစ်ယောက် ချစ်ကြိုက်သွားကြတာမို့



အိမ်ထောင်ဖက်ပြုလိုက်ကြပြီး အတူတူ ပျော်ပျော်ရွှင်ရွှင် နေကြသတဲ့။ သိပ်မကြာလှခင်မှာပဲ မိန်းကလေးက သူကလေးရတော့မယ်ဆိုတဲ့ အကြောင်းကို သိရလို့ နှစ်ယောက်စလုံး အံ့သြဝမ်းသာ ဖြစ်ကြတယ်လေ။

နို့ပေမယ့် ကလေးမမွေးခင် သုံးလလောက်အလိုမှာ ခမည်းတော်ဘုရင်ကြီး နတ်ရွာစံပြီဆိုတဲ့သတင်း တောထဲကို ရောက်လာတယ်။ ကြားကြားချင်းပဲ အဖေသေရင် ထီးနန်းကို အမြန်ဆုံးသွားပြီး သိမ်းပိုက်ရမယ်ဆိုတဲ့စိတ်ကူး မင်းသားစိတ်ထဲ တစ်ခါတည်းပေါ်လာသတဲ့။ သူဟာ ဘုရင်ရဲ့ တစ်ဦးတည်းသောသား သူကလွဲပြီး ဒီထီးနန်းကို ဘယ်သူမှ ဆက်ခံနိုင်ခွင့်မရှိဘူးဆိုတာကို မင်းသားက သိတယ်လေ။

ဒီအကြောင်း မိန်းကလေးသိတဲ့အခါ နန်းတော်ကြီးထဲ သူနေရမယ့်ဘဝကို စိတ်ကူးကြည့်ရုံနဲ့ သူ့မှာ ကြက်သီးမွေးညင်းထလာတယ်။ သူတစ်သက်လုံး မမြင်ဘူး မကြားဘူးတဲ့ စည်းစိမ်ချမ်းသာတွေကိုလည်း ဘယ်လိုခံစားရမှန်းမသိဘူး။ နို့ပေမယ့် အဲဒီစိတ်ကူးတွေနဲ့ ကြည်နူးဝမ်းမြောက် အံ့သြမှုဟာ ချက်ချင်း ဝမ်းနည်းစရာကိစ္စကြီး အဖြစ် ပြောင်းသွားပါတယ်။ ဘာလို့လဲဆိုတော့ မင်းသားက သူ့ကို နန်းတော်ခေါ်မသွားဘဲ တောထဲမှာပဲ သူတစ်ယောက်တည်း ထားပစ်ခဲ့မှာလို့ ပြောသကိုး။

ဘယ်လိုတောင်းပန်တောင်းပန် ဘယ်လိုငိုငို ဘယ်လောက်ပဲ အသနားခံပေမယ့် အသည်းနှလုံးမာကျောလှတဲ့မင်းသားက သူ့အကြံကို မဖျက်ပါဘူး။ မဖျက်ရုံမက တကယ်လို့များ မိန်းကလေးက ဇွတ်အတင်းလိုက်ခဲ့ဖို့ ကြိုးစားရင် သတ်ပစ်ခဲ့မယ်လို့တောင် ရက်ရက်စက်စက် ပြောပါသတဲ့။ ပြောပြောဆိုဆိုပဲ မင်းသားထွက်သွားတော့

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးလည်း သည်းထန်စွာ ငိုကြွေးရင်း တဲဝမှာ မေ့လဲကျန်ခဲ့တော့တယ်။

အိမ်ရှေ့မင်းသားကတော့ သူ့တိုင်းပြည်ကို ဆိုက်ဆိုက်မြိုက်မြိုက် ပြန်ရောက်ပါတယ်။ တိုင်းသူပြည်သားတွေကလည်း သူ့ကို ဝမ်းပန်းတသာကြိုကြပြီး သူ့ကိုပဲ ဘုရင်အဖြစ် တင်မြှောက်ကြပါတယ်။ ဒီအခါမှာ သူတစ်သက်လုံး ဝါသနာကြီးခဲ့တဲ့ ကြက်တိုက်လောင်းကစားကို ပြန်လုပ်ပြန်တာပါပဲ။ ဘုရင်သစ်ဟာ ကြက်တိုက်နေတာ ဘယ်လောက်များ သဲသဲမဲမဲရှိလိုက်သလဲဆိုတော့ တောထဲကျန်ရစ်တဲ့ မယားနဲ့သားကို သတိတောင်မရပါဘူးတဲ့။

ဘုရင်အသစ်အတွက် ဘာမဆို အစစအရာရာ အဆင်ပြေမှုရှိပေမယ့် တောထဲမှာ ကျန်ရစ်ရှာတဲ့ မိန်းကလေးအဖို့တော့ ဒုက္ခတွေ ပင်လယ်ဝေလို့ပေါ့။ ကလေးမွေးခါနီးနီးလာလေ သူ့ယောကျ်ား အရင်က ကူညီလုပ်ပေးဖူးတဲ့အလုပ်တွေကို သူလုပ်ရတာ ပင်ပန်းခဲယဉ်းလေဖြစ်နေတယ်။ တစ်နေ့တော့ နက်ဖြန် ကလေးမွေးမယ်ဆိုရင် အဲဒီကနေ့လိုနေ့မှာ ထူးဆန်းတဲ့ကိစ္စတစ်ခုနဲ့ ကြုံရတယ်။ မိန်းကလေးက တဲရှေ့မှာ ရှေ့ရေးနောက်ရေးတွေကိုတွေးရင်း ထိုင်ပြီးငေးနေဆဲခဏမှာ စွန်ရဲကြီးတစ်ကောင်က ကြက်ပေါက်စလေးတစ်ကောင် ခြေထောက်ထဲမှာ ကုပ်ယူလာရာက မိန်းကလေးရဲ့ရှေ့တည့်တည့်မှာ ဒီကြက်ကလေးကို လွှတ်ချထားခဲ့တယ်။ ကြက်ကလေးက အရှင်ကလေး။ ဒါကြောင့် မိန်းကလေးက ဖမ်းယူလိုက်ပြီး သူ့တဲထဲမှာ ကြက်ကလေးအသက်ရှင်အောင် ကျွေးမွေးပြုစုတယ်။ နောက်ရက်မှာ လှပတဲ့သားယောကျ်ားကလေး မွေးပါလေရော။



နှစ်တွေအကြာကြီး ကုန်လွန်ခဲ့ပေမယ့် မိန်းကလေးဟာ သူ့ယောကျ်ားသတင်းကို ဘာမှမကြားပါဘူး။ ဒါကြောင့် သူနဲ့ထပ်တွေ့ဖို့ မရှိတော့ပါဘူးလို့ပဲ မိန်းကလေးက တွက်ပါတယ်။ တစ်နေ့တော့ သားကလေးက စကားပြောတတ်ပြီမို့ "အမေ ကျွန်တော့်အဖေဘယ်မလဲ" လို့ မေးပါတယ်။

မိန်းကလေးက "ငါ့သား မင်းမှာ အဖေမရှိပါဘူးကွယ်" လို့ပဲ ဖြေလိုက်တယ်လေ။ သားကလေးက ဘာမှထပ်မမေးတော့ အမေကလည်း ဒီအကြောင်း ဘာမှထပ်မပြောတော့ဘူး။ သားကလေးနဲ့ ကြက်ကလေးကတော့ ဒီအိမ်မှာ အတူတူရောက်၊ အတူတူကြီးပြင်းကြတာမို့ သိပ်ချစ်ကြသတဲ့။ သားကလေး ဘယ်ကိုသွားသွား ကြက်ကလေးက တကောက်ကောက်လိုက်တာပဲ။ ကြက်ကလေးကလည်း ကြက်ဖကလေးပါ။ ကြက်ကလေးဟာ လှကည်းလှ၊ ထွားလည်းထွား၊ သန်လည်းသန်မာလို့ ကြက်ချင်းယှဉ်ရင် သူက ကြည့်မငြီးတဲ့အပြင် တွန်တဲ့အခါလည်း အသံကြီးက အောင်ရုံသာမက သူ့တွန်သံက…

"ဖလပ်… ဖလပ်… ကူကီလူယပ်၊

ကြက်ဖပိုင်ရှင်… ကီလာရပ်၊

သူ့အမေတဲစုတ်လေးနဲ့နေ၊

သူ့အဖေနန်းတော်ကြီးမှာတေ" လို့ လူသံပီပီကြီးနဲ့ တွန်တတ်သတဲ့။

ကြက်ဖကြီးက သူညီကလေးလို့ သဘောထားတဲ့ မိန်းကလေးရဲ့ သားကို ပန်ဒဂျီကီလာရပ်လို့ နာမည်ပေးသတဲ့လေ။ ဒါကြောင့် ဒီဒေသမှာ ရှိကြတဲ့လူတွေက ကောင်ကလေးကို ဒီနာမည်နဲ့ပဲ သိကြသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ပန်ဒဂျီကီလာရပ် အသက် (၉) နှစ်ပြည့်တဲ့နေ့ရောက်တော့ ဘုရင့်အကြောင်း သူများပြောစကားကို ကီလာရပ်က ကြားတယ်။ ဘုရင်ဟာ တိုက်ကြက်ကောင်းကို အလွန်စိတ်ဝင်စားတယ်။ ကြက်တိုက်နေရရင် အားလုံးကိုမေ့တယ်။ နန်းရင်ပြင်မှာ ကြက်ပွဲကြီးနေ့တိုင်းရှိတယ်။ အနယ်နယ်အရပ်ရပ်ကလူတွေ ကြက်ကောင်းတွေ ယူလာပြီး ဘုရင့်ကြက်တွေနဲ့ တိုက်ကြတယ်။ ဘုရင့်နန်းရင်ပြင်ဟာ အကြီးဆုံး ကြက်ပွဲရှိတဲ့နေရာပဲဆိုတာကို ကီလာရပ်က ကြားရတယ်လေ။ ဒါကြောင့် သူ့ကြက်ကြီး နန်းတော်ယူသွားပြီး ဘုရင့်ကြက်တွေနဲ့ ပြိုင်တိုက်ရရင် ကောင်းမှာ သူ့ကြက်ကြီးက သန်လည်းသန်မာတယ်၊ သတ္တိလည်းရှိတယ်၊ ဖျတ်လတ်မှုလည်းရှိတယ် အဲဒီတော့ သူ့ကြက်ပဲနိုင်မယ်လို့ သူက တွက်မိတယ်။ ဒါကြောင့် မနက်ကျတော့ သူ့အမေကို သူဘယ်သွားမယ်ဆိုတာ မပြောခဲ့ဘဲ ကီလာရပ်က ကြက်ပိုက်ပြီး ဘုရင့်နန်းတော်ရှိရာကို ထွက်လာခဲ့တယ်။

နန်းရင်ပြင်ရောက်တော့ လူတွေအများကြီးတွေ့ရပြီး တစ်ပွဲပြီးတစ်ပွဲတိုက်နေတဲ့ ကြက်ပွဲတွေကို အလောင်းအစားလုပ်နေကြတာကို တွေ့ရတယ်။ ကြက်ဝိုင်းကြီးရဲ့ ထိပ်နေရာမှာတော့ ဘုရင်က ဗွင့်ဗွင့်ကြီးထိုင်လို့ သူ့တိုက်ကြက်တစ်ကောင်ကို ယုယုယယ ပွတ်သပ်ပေးနေတာကို မြင်ရတယ်။ ဒီမှာ ကီလာရပ်က ကြက်ဝိုင်းဖြတ်ပြီး ဘုရင့်ရှေ့ကို သူ့ကြက်ပိုက်ရင်း ရဲရဲတင်းတင်း ဘုရင့်ကြက်နဲ့ သူ့ကြက်နဲ့ တိုက်ချင်တဲ့အကြောင်း စိမ်ခေါ်ပါတော့တယ်။ ဘုရင်က ဆုတ်ဆိုင်းမနေဘူး ချက်ချင်းသဘောတူတယ်။ ဒါကြောင့် ဒီပွဲစဖို့အတွက် ဝိုင်းကို ရှင်းကြတယ်လေ။



ကြက်ပွဲလာပရိသတ်က ကောင်ကလေးငယ်ငယ်နဲ့ ဒါလောက်သတ္တိကောင်းတာကို အံ့သြရှိသာမက ဧကန္တ သူ့ကြက်သူ စိတ်ချလွန်းလို့ ဒီလို ဘုရင့်ကြက်နဲ့ စိမ်ခေါ်တာပဲဆိုပြီး သူ့ဘက်က ဝိုင်းလောင်းကြသတဲ့။ တချို့ကတော့လည်း ဘုရင့်ကြက်က ဘက်မရှိကြက်မှန်းသိလေတော့ ဘုရင့်ကြက်ဘက်က လောင်းကြသတဲ့။

ခဏအတွင်းမှာပဲ စည်းဝိုင်းထဲ ကြက်နှစ်ကောင်ရောက်လာပြီး တစ်ကောင့်တစ်ကောင် အမွေးတွေပွ လည်ဆံတွေထပြီး မျက်နှာချင်းဆိုင်မိကြတယ်လေ။ ဆိုင်မိတာနဲ့တစ်ပြိုင်နက် ကီလာရပ်ရဲ့ကြက်က လျှပ်လက်လိုက်သလို အလွန်မြန်မြန်ကြီး တစ်ဖက်ရန်သူကြက်ကို တိုက်ခိုက်လိုက်တာ အံ့အားသင့်နေတဲ့ ဘုရင့်ကြက်ဟာ ဘာမှပြန်မလုပ်လိုက်နိုင်ဘဲနဲ့ ချက်ကောင်း အမိခံလိုက်ရပြီး သေပွဲဝင်သွားတယ်။ တစ်ဖက်ကကြက်လည်း သေပါရော ကီလာရပ်ရဲ့ ကြက်ဖကြီးက...

"ဖလပ်... ဖလပ်... ကူကီလူယပ်၊

ကြက်ဖပိုင်ရှင်... ကီလာရပ်၊

သူ့အမေတဲစုတ်လေးနဲ့နေ၊

သူ့အဖေနန်းတော်ကြီးမှာတေ" လို့ အော်ပြီး တွန်လိုက်တော့ ကြက်ဝိုင်းကလူတွေလည်း ဝေါခနဲဝိုင်းရယ်ကြတယ်။ ချန်ပီယံကြက်တစ်ကောင် ဒါလောက်မြန်မြန်လည်း သေရတာမျိုးလည်း ပရိသတ်က တစ်ခါမှ မတွေ့ဖူးဘူး။ ကြက်ဖတစ်ကောင် လူသံကြီးနဲ့ ဒီလိုတွန်တာလည်း တစ်ခါမှ မကြားဖူးကြဘူး။

ကီလာရပ်ကတော့ ရင်ကော့ပြီး သူ့ကြက်ကြီး လှံတစ်ဖက်နဲ့ ပွေ့ နိုင်လာတဲ့ငွေအိတ်ကြီး လက်တစ်ဖက်ကကိုင်ပြီး အမေ့တဲကို

www.burmeseclassic.com



တန်းတန်းမတ်မတ်ပြန်တာပဲ။ အမေက ငွေတွေအများကြီးယူလာတာ မြင်တော့ ထိတ်လန့်တကြားနဲ့ "ငါ့သား ဒါလောက်များတဲ့ပိုက်ဆံတွေ ဘယ်ကယူလာတာလဲ" လို့ မေးတယ်။

"အမေ ဒါအတွက် မပူနဲ့ ကြောက်လည်းမနေနဲ့၊ ဒီမနက် ကျွန်တော့်ကြက်ဖကြီး နန်းတော်ယူသွားပြီး ဘုရင့်တိုက်ကြက်တစ်ကောင်နဲ့ ချတိုက်လာတာ ကျွန်တော်တို့ကနိုင်တယ် ခုပိုက်ဆံတွေဟာ အနိုင်တွေပေါ့။ နောက်တစ်ရက်နှစ်ရက်နေရင် ကျွန်တော်တစ်ခါ သွားတိုက်ဦးမယ်။ ကျွန်တော်တို့နိုင်မှာပဲ သေချာတယ်။ ဘာလို့လဲဆိုတော့ ဘုရင့်ကြက်သာဆိုတယ် လွယ်လွယ်ကလေးနဲ့နိုင်တာ အမေရ" လို့ ပြောတယ်လေ။

နောက်နှစ်ရက်ကြာတော့ ကီလာရပ်က သူ့ကြက်ကြီးကိုပွေ့ပြီး နန်းတော်ရှိရာကို သွားပြန်ပါရော။ ဟိုနေ့က ကီလာရပ်ရဲ့ကြက်က အနိုင်ယူသွားပုံသတင်းက ကြက်သမားလောကမှာ အကြီးအကျယ် ပျံ့နှံ့နေပြီဟုတ်လား။ ဒီတော့ ကြက်ဝိုင်းကို ကီလာရပ် ကြက်ပိုက်လာ ပြန်ပြီဆိုတော့ နန်းရင်ပြင်မှာ အုတ်အော်သောင်းတင်း ဖြစ်နေပြီပေါ့။ ကီလာရပ်က ဘုရင့်ဆီ တန်းတန်းမတ်မတ် သွားတဲ့အခါမှာလည်း အားလုံးက လမ်းဖယ်ပေးရုံမက တစ်ခဲနက် ဩဘာပေးကြသတဲ့။

ဘုရင်နဲ့သူနဲ့ မျက်နှာချင်းဆုံမိတဲ့အချိန်မှာ ကီလာရပ်က ဘုရင့်ကြက်နဲ့ တိုက်ချင်တဲ့အကြောင်း စိမ်ခေါ်တာပဲ။ ဘုရင်ကလည်း ဟိုနေ့က သူ့ကြက်ရှုံးထားရတာကို နည်းနည်းမှ မကျေနပ်လေတော့ ကလဲ့စားချေချင်လို့ ကီလာရပ်ကြက်နဲ့တိုက်ဖို့ အသင့်ရှိရုံသာမက ရွှေဒင်္ဂါးတွေထည့်ထားတဲ့ အိတ်တစ်လုံးကို ပုတ်ပြပြီး ဟောဒါ ငါ



လောင်းမယ့်ကြေးပဲကွာ၊ ဒီအခါ ငါ့ကြက်ကနိုင်ရမယ်၊ ကဲ မင်းဘက်က ဘာကြေးရှိသလဲ" လို့ မေးတယ်။

ကီလာရပ်က မဆိုင်းမတွ "ကျွန်တော့်ဘက်က ကျွန်တော့်ခေါင်းပဲ ရှုံးရင်ခေါင်းဖြတ်ပါ" လို့ ပြန်ပြောတယ်။ တယ်ရဲတဲ့ကလေးပါကလားလို့ ပရိသတ်က အံ့ဩသွားတာပေါ့။ ဘုရင်ကိုယ်တိုင်နိုက်ကလည်း သိပ်အံ့ဩမိလို့ ကလေးကို စေ့စေ့စပ်စပ် ကြည့်နေမိတယ်။ ကြည့်ရင်းက "ဒီကလေးမျက်နှာ ငါမြင်ဖူးသလိုပါလား ဘယ်သူနဲ့တူတာလဲ သူ့မျက်နှာကို ဘယ်သူလို့ ငါမဖော်တတ်ပါဘူး၊ ဘယ်သူပဲဖြစ်ဖြစ် အင်မတန်ရဲရင့်တာတော့ အမှန်ပဲ" လို့ အောက်မေ့ရင်းက…

"အေး မင်းလောင်းကြေးကို ငါလက်ခံတယ်ကွာ" လို့ ဘုရင်က ပြန်ပြောတယ်လေ။

ကီလာရပ်ရဲ့ကြက်ဖနဲ့ တိုက်ဖို့အတွက် ဘုရင်က ဘယ်ကြက်နဲ့တိုက်တိုက် တစ်ခါမှ မရှုံးဘူးတဲ့ ချန်ပီယံကြက်ကို ရွေးထုတ်တယ်။ ဒီကြက်သတင်းက သိပ်ကြီးတာ။ သူ့ယှဉ်ဝံ့တဲ့ကြက် မရှိဘူးလို့လည်း နာမည်ကြီးနေတဲ့ကြက်။ ဒါကြောင့် ဒီတစ်ခါတော့ ကီလာရပ်ရှုံးမှာကြောင့် ခေါင်းအဖြတ်ခံရရှာတော့မယ်လို့ လူတွေကထင်ပြီး သနားနေကြတယ်။

ကြက်နှစ်ကောင် စည်းဝိုင်းထဲ ချလိုက်တယ်ဆိုရင်ပဲ တစ်ကောင်တစ်ကောင် သတိနဲ့ ရင်ဆိုင်ကြတယ်လေ။ ဘုရင့်ကြက်က ငါဘယ်လို ခွပ်လိုက်ရင် ကောင်းမလဲလို့ အကြံယူတုန်းရှိဦးမယ် လျှပ်ပြက်လိုက်သလို ကီလာရပ်ရဲ့ကြက်က ခုန်တဲ့ပြီး ချက်ကောင်းကို ခွပ်လိုက်တာ ဒီကြက်လည်း တစ်ချက်တည်းနဲ့ လဲတာပဲ။ လဲရုံမက သဲပေါ်မှာ

www.burmeseclassic.com

www.burmeseclassic.com



အသက်ပျောက်သွားတာပါ။ ဒီမှာ ကီလာရပ်ရဲ့ကြက်ဖက ဝမ်းသာအားရနဲ့ …

"ဖလပ်… ဖလပ်… ကျူကီလျူယပ်၊

ကြက်ဖပိုင်ရှင်… ကီလာရပ်၊

သူ့အမေတဲ့စုတ်လေးနဲ့နေ၊

သူ့အဖေနန်းတော်ကြီးမှာတေ" လို့ လူတွေ တဝေါဝေါဆူညံလက်ခုပ်တီးနေတဲ့ကြားက တွန်လိုက်တယ်။ လူတွေက ကြက်တွန်သံကို တအံ့တသြ နားစွင့်ဆဲမှာပဲ ကီလာရပ်က သူ့ကြက်ကြီး ပိုက်ပြီး ဘုရင့်ဆီက လောင်းကြေးကို သွားယူပါတော့တယ်။ ဘုရင်က အံ့သြတာရော မယုံနိုင်တာရော ဖြစ်ပေမယ့် သဘောလည်းကျနေတယ်။ ဒါကြောင့် သူ့ရှုံးတဲ့ကြေးကို ကျေကျေနပ်နပ်ကြီး ပေးလိုက်တယ်။

ရွှေတွေလည်းရရော ကီလာရပ်က ဝမ်းပန်းတသာ သူ့ကြက်ကြီးနဲ့အတူ အမေ့ဆီ အမြန်ဆုံးပြန်ပြေးပြီး အမေ့ကို ရွှေတွေအပ်တာပဲ။ အမေက သူလောင်းတဲ့ကြေးနဲ့တကွ အကုန်လုံး သိပြီး ကြားပြီးဖြစ်နေလို့ သူ့သားကိုစိတ်ပူပြီး မျှော်နေတာ ခုလို အသက်နဲ့နိုင်ပြီး ပြန်လာတယ်ဆိုတော့ သိပ်ဝမ်းသာသွားတယ်။ ဝမ်းသာလွန်းလို့ သူ့သားကလေးကိုဖက်ပြီး မျက်ရည်တွေ ယိုစီးလာတယ်။

သားအမိ ဒီလိုဖြစ်နေတာတွေကို ဘုရင်က အစအဆုံးမြင်သတဲ့လေ။ ဘုရင်က ကီလာရပ်ကိုတွေ့ကတည်းက စိတ်ဝင်စားတာမို့ ဒီတစ်ခါ ကြက်ပိုင်းက ရွှေအိတ်ဆွဲထွက်သွားတော့ ကလေးနောက်က ဘုရင်က နောက်ယောင်ခံပြီး တစ်ခါတည်း လိုက်လာတာကလား။ သူ့မိဘတွေက ဘယ်သူတွေလဲ၊ ကလေးဘယ်မှာနေတာလဲဆိုတာသိပ်သိချင်လို့ ကလေးနောက်က တိတ်တိတ်လိုက်လာခဲ့တာကိုး။



ကလေးက သူ့အမေကိုဖက်တာမြင်လို့ ကြည့်လိုက်တော့ ကလေးအမေဟာ သူပစ်ထားခဲ့တဲ့ သူ့မိန်းမဖြစ်နေတာကို တွေ့ရတော့ ဘုရင်လည်း နောင်တရတာ ဝမ်းနည်းတာ ဒီမိန်းမအပေါ် သူရက်စက်ခဲ့တာတွေအားလုံး ပြန်သတိရပြီး စိတ်မကောင်းဖြစ်လာတယ်။ဒါကြောင့် သူလုပ်ခဲ့သမျှအတွက် သူ့ကိုခွင့်လွှတ်ဖို့ စိတ်ကျေဖို့ တောင်းပန်တယ်။ ပြီးတော့ သူနဲ့အတူ နန်းတော်ကိုလိုက်ခဲ့ပြီး မိဖုရားကြီးအရာကို လက်ခံဖို့လည်း ပြောကြားတယ်။ အကြာကြီး ကွဲနေရပြီး ဒုက္ခဆင်းရဲတွေကို တစ်ယောက်တည်း ကုန်းခံခဲ့ရတဲ့မိန်းမက မျက်ရည်လည်ရွှဲနှင့် ဘုရင့်စကားကို လက်ခံပါတယ်။

ဘုရင်နဲ့သူ့အမေ ဒီလိုပြောဆိုနေကြတဲ့အချိန်မှာ ကီလာရပ်ကတော့ ပါးစပ်အဟောင်းသား မျက်လုံးအဝိုင်းသားနဲ့ တအံ့တသြနားထောင်နေသတဲ့။ ဒါကိုမြင်တော့ ဘုရင်က ပြုံးပြီး သူ့မိန်းမကို "နေပါဦး ဒီကလေးက ဘယ်သူလဲ" လို့ မေးပါတယ်။

သူ့မိန်းမက "ရှင့်သားပေါ့ ရှင်ထွက်သွားပြီး သိပ်မကြာခင်မှာ သူ့ကိုမွေးတာပဲ" လို့ ပြောတော့ ဘုရင်က သူ့သားကို တစ်ဖက်က ချီပွေ့ သူ့မိန်းမကို လက်ဆွဲပြီး နန်းတော်ကို ပြန်ပါတော့တယ်။ အဲဒီအချိန်ကစပြီး သားအမိသားအဖ ပျော်ပျော်ရွှင်ရွှင် နေထိုင်သွားကြသတဲ့။ ဘုရင်နတ်ရွာစံတော့ ကီလာရပ်ပဲ နန်းတက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com





# ငါးနဲ့ လင်းပိုင်

(ကိုင်းကျွန်းပုံပြင်)

ကိုင်းကျွန်းပေါ်က ရွာကလေးတစ်ရွာမှာ ခနိပင်တက်ပြီး ခနိရည်ခါးရောင်းစားရတဲ့ လူတစ်ယောက်ရှိသတဲ့။ သူ့အလုပ်က မနက်နေမထွက်ခင် အစောကြီး အိပ်ရာကထပြီး အရုဏ်တက်လေအေးကလေးတိုက်နေတဲ့အချိန်မှာ ခနိရည်ခံရသတဲ့။ တစ်မနက်တော့ ထုံးစံအတိုင်း ခနိပင်ပေါ်ကို အစောကြီးတက်သွားပြီး အနို့တွေကို လှီးနေတယ်။ အဲဒီလို အလုပ်လုပ်နေတုန်း သူ့နေရာနဲ့မနီးမဝေးက ယာခင်းထဲမှာ လူနှစ်ယောက် ကြိုးကြိုးစားစား အလုပ်လုပ်နေကြတာကို သူ သတိပြုမိတယ်။

သူတို့ရွာမှာရှိတဲ့ ယာသမားတွေက ဒီလိုမိုးမလင်းခင်ထပြီး အလုပ်ခွင်ဝင်လေ့မရှိတော့ ဟိုလူနှစ်ယောက် အလုပ်လုပ်နေကြတာက သူ့အဖို့ ထူးဆန်းနေတာပေါ့။ အချိန်က လင်းကို မလင်းသေးဘူး မှောင်တုန်းရှိသေးတယ်။ ဒါကြောင့် ဘယ်သူတွေများ ဒီအချိန် ယာထဲဆင်းနေကြပါလိမ့်မလဲ စုံစမ်းဦးမှလို့ အောက်မေ့ပြီး သူ့အပင်ပေါ်က အသံမကြားအောင် အသာလေးဆင်းပါတယ်။ အောက်ရောက်တော့ ဟိုနှစ်ယောက် အလုပ်လုပ်နေတဲ့ဆီကို ခြေဖော့နင်းပြီး သွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



တော်တော်နီးနီးရောက်သွားတော့ အနီးဆုံးသစ်ပင်တစ်ပင်ပေါ်ကို တက်ပြီး သူတို့ကို မြင်ရရုံမက သူတို့စကားပြောသံကိုပါ ကြားရအောင် နားစွင့်ပါတော့တယ်။

လူနှစ်ယောက်က မြေကို ထွန်လိုက်တာ အမောတကောပဲ။ အချိန်လုပြီး အမြန်လုပ်နေကြတဲ့ပုံမျိုး၊ နို့ပေမယ့် အရှေ့လောကဓာတ်က ရောင်နီကလေးလည်းလာပါရော လူတစ်ယောက်က တခြားတစ်ယောက်ရှိရာကိုလှည့်ပြီး "သူငယ်ချင်းရေ ဒီအချိန်ဆိုရင် ဒို့ပြန်ဖို့ကောင်းပြီ။ မကြာခင် သူရိယ (နေ) ထွက်လာတော့မယ်။ ဒို့ကို သူမမြင်စေချင်ဘူး။ မကြာခင် သူဒီရောက်လာတော့မယ်" လို့ ပြောတော့ ဟိုတစ်ယောက်က "အေး ဟော့ ဟုတ်တယ်၊ ကဲ သွားကြစို့" လို့ ပြန်ပြောပါတယ်။

အဲဒါပြီးတော့ အင်မတန်မှ အံ့သြစရာကောင်းတဲ့အဖြစ်ကို မြင်လိုက်ရပါတော့တယ်။ ဟိုလူနှစ်ယောက်ဟာ ခြံစည်းရိုးကို လျှောက်လာပြီး စည်းရိုးပေါ်တင်ထားတဲ့ သူတို့အဝတ်တွေကိုယူပြီး ဝတ်ကြပါတယ်။ အဝတ်စွပ်ပြီးတာနဲ့တစ်ပြိုင်နက် လူနှစ်ယောက်ဟာ ငါးနှစ်ကောင်ဖြစ်သွားပါရော။ တစ်ကောင်က လင်းပိုင်ကြီးပါ တစ်ကောင်က ရိုးရိုးငါးပါ။ နှစ်ကောင်စလုံး ရေထဲဒိုင်ဗင်ထိုးချပြီး ပင်လယ်ထဲကူးပြေးကြပါလေရော။

ချောင်းကြည့်နေတဲ့လူတော့ အံ့သြလွန်းလို့ သစ်ပင်ပေါ်က လိမ့်ကျမတတ်ပဲ။ သူ့ကိုယ်သူ မိနစ်အတန်ကြာအောင် မနည်းသတိထားယူရတယ်။ ပြီးတော့မှ တုန်တုန်ချည့်ချည့်နဲ့ သစ်ပင်ပေါ်က ဆင်းလာရတယ်။ အလုပ်ခွင် မဝင်တော့ဘူး။ အိမ်ကိုတန်းပြီး ပြန်တာ



ပဲ။ အိမ်ရောက်တော့ သူမြင်ခဲ့ကြားခဲ့ရတာတွေကို ပြန်စဉ်းစားကြည့်တယ်လေ။ ညနေစောင်းတော့ ဒီလူက နက်ဖြန်လင်းအားကြီးထပြီး ဟိုလူနှစ်ယောက်ကို စောင့်ကြည့်ဦးမယ်လို့ ပိုင်းဖြတ်လိုက်တယ်။ လူတစ်ပိုင်းငါးတစ်ပိုင်းတွေ နောက်ထပ်ဘာလုပ်ကြဦးမလဲဆိုတာကို သူက သိပ်သိချင်နေပြီလေ။

နောက်မနက်ရောက်တော့ ခါတိုင်းထက်ပိုပြီး အစောကြီးထတယ်။ ပြီးတော့ သူကြည့်တဲ့သစ်ပင်ပေါ်ကို တက်တယ်။ မြဲမြဲကိုင်ထားလို့ရတဲ့နေရာမှာ အကျအန နေရာယူပြီး ဘာတွေတွေ့ရမလဲလို့ စောင့်ကြည့်ပါတယ်။ သူမျှော်နေတဲ့အတိုင်းပဲ ရိုးရိုးငါးနဲ့ လင်းပိုင်ကြီး ကမ်းပေါ်တက်လာကြပြီး လူ့အသွင်ပြောင်းဖို့ ငါးအရေခွံကြီးကို ချွတ်ပြီး ခြံစည်းရိုးမှာ ချိတ်ထားလိုက်ကြပါတယ်။ လူလည်းဖြစ်ရော သူတို့မြေကွက်ရှိရာကို အပြေးအလွှားလာပြီး တူးကြ ဆွကြ ထွန်ကြယက်ကြတာ အမောတကောပဲ။ အရှေ့ဘက် မိုးကုတ်စက်ဝိုင်းမှာ နေမထွက်ခင် ကပျာကယာ အလုပ်သိမ်း ငါးအရေအဝတ်ကိုပြန်စွပ် ငါးဘဝရောက်တော့ ရေထဲခုန်ဆင်းပြီး နေမထွက်ခင် ပင်လယ်ထဲ ကူးပြေးကြပြန်ရော။

မြင်ရတဲ့မြင်းကွင်းက ထူးဆန်းလွန်းလို့ ရွာသားက တစ်မနက်ပြီ တစ်မနက် မရိုးနိုင်ဘူး။ အစောကြီးထထပြီး လာလာကြည့်တယ်။ အဲဒီလို ကြည့်ရင်းက တစ်မနက်မှာတော့ ခါတိုင်းနဲ့မတူတဲ့ အဖြစ်တစ်ရပ်နဲ့ ကြုံရပြန်ပါရော။ လင်းပိုင်ကြီးနဲ့ ရိုးရိုးငါးနဲ့ လာမြဲတိုင်း လာတာအပြင် အဲဒီမနက်ကတော့ တခြားငါးကလေး (၇) ကောင်လည်း အပိုပါလာတယ်။ ဒီငါး (၇) ကောင်ကလည်း လင်းပိုင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



တို့လိုပဲ အရေခွံတွေချွတ်ပြီး လဲလိုက်ကြတော့ မိန်းမ (၇) ယောက် ဖြစ်သွားပြီး (၉) ယောက်သား ထွန်လိုက်ယက်လိုက်ကြတာ အပြင်း အထန်ပဲ။ ခနိသမားက သူတို့ (၉) ယောက်ကို တစ်ယောက်စီ သေသေချာချာကြည့်တော့ မိန်းမ (၇) ယောက်ထဲက အငယ်ဆုံး မိန်းမလေးက သိပ်လှတာပါကလား။ ကိုယ်လုံးကိုယ်ပေါက်ကလေး ကလည်း အလွန်အချိုးအစားကျတယ်။ မျက်နှာကလေးကလည်း သိပ်လှတတ်။ ဒါကြောင့် ခနိသမားက ကြည့်ရင်းကြည့်ရင်းနဲ့ ဒီ မိန်းကလေးကို သိပ်ကြိုက်သွားရော။

အရှေ့လောကဓာတ်ကြီးမှာ ရောင်နီပျိုးလာပြီဆိုတော့ လင်းပိုင် က ခါတိုင်းလိုပဲ သူ့လုပ်ဖော်ကိုင်ဖက်တွေကို "ကြည့်ကြဟေ့ လင်း တော့မယ် အရောင်ကလေးပြလာပြီ ဒို့အိမ်ပြန်မှတော်မယ်၊ နေက ဒို့ကို တွေ့သွားလို့မဖြစ်ဘူး" လို့ သတိပေးတယ်။

သူတို့ခေါင်းဆောင်ရဲ့စကားကို အားလုံးက အရေးတယူ နား ထောင်ပြီး အလုပ်ခွင်က ချက်ချင်းနား၊ ချွတ်ထားတဲ့အဝတ်ကို ကိုယ်စီ ကိုယ်င အမြန်ဆုံးဝတ်ကြတာပဲ။ အဝတ်ဝတ်လိုက်တာနဲ့ လူတွေဟာ ချက်ချင်း ငါးပြန်ဖြစ်ကုန်ကြတယ်လေ။ ပြီးတော့ ရေထဲအတင်းဆင်း ပြီး ပင်လယ်ထဲ ကူးသွားကြပြန်ရော။

ခနိသမားက သူ့နေရာကနေပြီး အငယ်ဆုံးနဲ့ အချောဆုံး မိန်းကလေးရဲ့ ငါးဝတ်စုံ ဘယ်နေရာမှာထားတယ်ဆိုတာကို သူက သေသေချာချာ မှတ်ထားလိုက်ပြီ။ ဘာလို့လဲဆိုတော့ သူက အကြံ တစ်ခုရထားပြီကိုး။ ဒါကြောင့် နက်ဖြန်ခါကိုပဲ အမြန်ဆုံးရောက်စေ ချင်နေပြီတဲ့။



ဒါကြောင့် နောက်မနက်ရောက်တော့ မနက်အစောကြီးထပြီး ဒီလူက သူချောင်းကြည့်နေကျ သစ်ပင်ပေါ်ကိုတက်ပြီး ငါးအုပ် အလာကို စောင့်နေလိုက်တယ်။ လာမှ လာကြပါတော့မလားလို့ စိတ်ပူစပြုချိန်မှာပဲ ရေထဲက အမြုပ်တွေပွက်လာပြီး ငါး (၉) ကောင် လင်းပိုင်ကခေါင်းဆောင်ပြီး ကုန်းပေါ်ရောက်လာကြတော့တယ်။ ရောက်တယ်ဆိုရင်ပဲ အဝတ်တွေချက်ချင်းချွတ် လူ့အသွင် ချက်ချင်း ပြောင်းပြီး သူတို့စိုက်ခင်းကို အပြေးအလွှားလာပြီး အလုပ်လုပ်ကြ တော့တာပါပဲ။

အကြံသမား ခနိတက်သူကတော့ သူပုန်းနေရာက အသံမကြား အောင် သိပ်ကိုဂရုစိုက်ပြီး ဆင်းပါတယ်။ အောက်ရောက်တော့ ချုံကလေးတွေအကွယ်အကာယူပြီး ငါးအဖြစ်ပြန်ပြောင်းနိုင်တဲ့ ဝတ်စုံ တွေချိတ်ထားရာနေရာကိုသွား အငယ်ဆုံးကောင်မလေးရဲ့ ငါးဝတ်စုံကို အသံမထွက်အောင် သာသာကလေး ဖြုတ်ယူပြီး တစ်နေရာမှာ ဝှက်ထားလိုက်တယ်။ ပြီးတော့ သူသစ်ပင်ပေါ်ကို ပြန်တက်ပြီး အဝတ် ရှာမတွေ့ရင် ဘယ်လိုဖြစ်ကြမလဲဆိုတာ သိရအောင် စောင့်ကြည့်နေ လိုက်တယ်လေ။

သိပ်မကြာပါဘူး လင်းပိုင်ရဲ့သတိပေးသံကို ကြားရတာပါပဲ။ "ကဲ တော်ကြတော့ဟေ့ လင်းတော့မယ် အလင်းရောင်ပြလာပြီ၊ ဒီအချိန် ဒို့ပြန်မှဖြစ်မယ် နေမင်း ဒို့ကိုမြင်သွားလို့မဖြစ်ဘူး" လို့ လင်းပိုင်က ပြောပြောဆိုဆို အလုပ်လုပ်နေရာက သူ့အဝတ်ချိတ်ထား တဲ့ဆီကို သွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပြီးတစ်ယောက် ယာထဲကတက်လာကြပြီး သူတို့အဝတ်တွေကို ဝတ်ကြတော့တာပဲ။ ငါးလည်းဖြစ်ရော ရေထဲလည်း ဒိုင်ဗင်ထိုးဆင်းကြရော။ အဲ အငယ်ဆုံးမလေးကတော့ မဆင်းနိုင်သေးဘူးပေါ့။ သူ့အဝတ်က ရှာမတွေ့ဘူးလေ။ သူ့ခမျာ ကြောက်ကြောက်လန့်လန့်နဲ့ သူ့အဝတ်ကိုရှာပါတယ်။ အလောတကြီးပါပဲ။ ဒါပေမဲ့ မတွေ့ပါဘူး။ အဲဒီမှာ ကလေးမဟာ သိပ်ထိတ်လန့်တကြားဖြစ်ပြီး ရေထဲရောက်ကုန်ပြီဖြစ်တဲ့ သူ့အဖော်တွေဆီကို…

"အစ်မတို့ အစ်မတို့ နေကြပါဦး၊ ကျွန်မအဝတ် ရှာမတွေ့သေးလို့ အစ်မတို့ ပြန်လာပြီး ဝိုင်းရှာကြပါဦး" "ဟဲ့ နောက်ကျလှပြီ၊ နောက်ခဏလေးနေရင် နေကြီးထွက်လာတော့မယ်၊ ဒို့ အဲဒီအထိ စောင့်မနေဝံ့ဘူး ညည်းဘာသာရှာတော့" လို့ ပြောပြောဆိုဆို ငါးတွေက ရေထဲငုပ်ပြေးကုန်ကြတယ်။ သူတို့ကတော့ ပင်လယ်ထဲ ကူးသွားကြပြီပေါ့။ ကံဆိုးရှာတဲ့ ညီမလေးတစ်ယောက်တည်း ကျန်ရစ်ပြီလေ။ ကောင်မလေးလည်း ဘာလုပ်ရမှန်းကို မသိတော့ဘူး။ သူ့အဝတ်ကလည်း ဘယ်မှာမှ ရှာမတွေ့ဘူးဟုတ်လား။ အဲဒီတော့ မြေပေါ်ထိုင်ချပြီး ကျုံ့ကျုံ့ပုပ်အောင် ငိုတော့တာပေါ့။ ဒီလိုဆိုတော့ ဓနိသမားက အခွင့်သာပြီလေ။ ပုန်းနေတဲ့ သစ်ပင်ပေါ်ကဆင်း ကောင်မလေး ငိုနေရာကို ခပ်ဖြည်းဖြည်း သူက လျှောက်လာခဲ့တယ်။

"မင်း ဘာလို့ငိုနေတာလဲ၊ မင်းဘာပျောက်နေတာလဲ" လို့ မေးတော့ ကောင်မလေးက ရုတ်တရက်ကြီးမို့ လန့်သွားတယ်။ ဒါပေမဲ့ သူ့ဒုက္ခကကြီးတာမို့ မကြောက်မရွံ့ဘဲ "ကျွန်မအဝတ်တွေ ပျောက်ကုန်လို့ပါ ဘယ်မှလဲ ရှာလို့မတွေ့ဘူး။ အဲဒါ ကျွန်မဘယ့်နှယ်



လုပ်ရမှန်းလည်း မသိတော့ဘူး" ကောင်မလေးက ဒီလိုပြောတော့ ဓနိသမားက ကောင်မလေးကိုမြင်ကတည်းက သူ့စိတ်ထဲ တစ်ချိန်လုံးဖြစ်နေတဲ့ကိစ္စကို ပြောတော့တာပေါ့။ "မင်းအဝတ်တွေ ဘယ်မှာလဲဆိုတာ ငါပြမယ်လေ မင်းက ငါ့ကိုတော့ လက်ထပ်ရလိမ့်မယ်"။

မမျှော်လင့်တဲ့ ချစ်ရေးဆိုမှုကို ကြားရတော့ ကောင်မလေးက သိပ်အံ့သြသွားတယ်။ ပြီးတော့မှ "ရှင့်စကားက သိပ်ဆန်းပါလား ရှင်ဒါမျိုးမပြောသင့်ပါဘူး၊ ကျွန်မရှာနေတာ ပျောက်နေတဲ့ ကျွန်မအဝတ်ပါ ယောကျ်ားရှာနေတာ မဟုတ်ပါဘူး။ ကျွန်မသာ ရိုးရိုးလူသားဆိုရင် ရှင့်စကားကို စဉ်းစားမှာပေါ့။ သဘောကျရင်လည်း လက်ခံမှာပေါ့။ နို့ပေမယ့် ရှင်သိဖို့က ကျွန်မဟာ လူတစ်ပိုင်း၊ ငါးတစ်ပိုင်းပဲ ဒါကို ရှင်က လက်ထပ်မယ်ဆိုရင် တစ်နေ့ကျတော့ ရှင်ပဲ စိတ်ဆင်းရဲရ၊ နောင်တရ ရ ကျွန်မကို ဒေါသဖြစ်ရနဲ့ ကျန်ရစ်မှာပေါ့"။

"မင်းကိုလက်ထပ်ရလို့ကတော့ ငါဘယ်တော့မှ နောင်တမရဘူး မှတ်ပါ။ ကဲ ပြောပါ ငါ့ကိုလက်ထပ်မှာလား၊ လက်ထပ်မယ်ဆိုရင် မင်းအဝတ်တွေ ဘယ်မှာဆိုတာ ငါပြပါမယ် ဒီနေရာနဲ့ မဝေးပါဘူး"။

ကောင်မလေးက သဘောမတူချင်ပါဘူး။ နို့ပေမယ့် ဓနိသမားက အကြိမ်ကြိမ်တိုက်တွန်း တောင်းဆိုနေလေတော့ ကဲ သဘောတူပါတော့မယ်လို့ ခေါင်းညိတ်လိုက်ရတော့တာပေါ့။ အဝတ်တွေရတော့ ကောင်မလေးက အဝတ်ကိုယူပြီး ဓနိသမားအိမ်ကို လိုက်လာပါတယ်။ နောက်မကြာဘူး သူတို့နှစ်ယောက် လက်ထပ်လိုက်ကြပါတယ်။ သူတို့ဇနီးမောင်နှံဟာ ပျော်ပျော်ရွှင်ရွှင်ပေါင်းသင်းတဲ့ ဇနီးမောင်နှံပါ။

www.burmeseclassic.com



အတူနေမိလို့ တစ်နှစ်လောက်ကြာတော့ သူတို့မှာ သားကလေး တစ်ယောက် မွေးလာပါတယ်။ ကလေးက သန်သန်စွမ်းစွမ်း ဝဝ လင်လင်ကလေးပါ။ နို့ပေမယ့် သူ့မျိုးရိုးကတော့ ဆန်းကြယ်တယ်လေ။ အဖေက လူသား၊ အမေက ငါး။

ဒီကလေးကြီးလာတဲ့အခါ သူများနဲ့မတူတဲ့ အမူအကျင့်ကလေးတွေ ဖြစ်ပေါ်လာတယ်။ ဒီကလေးဟာ အမြဲတမ်း ဆာလောင်မွတ်သိပ်နေတတ်တယ်။ ဘာစားရလို့မှ မဝဘူး။ ကျောင်းထားပြန်တော့လည်း ကျောင်းနေဘက်တွေဆီက သာကူ၊ ပြောင်းဖူး၊ ကန်စွန်းဥ စတဲ့ မုန့်ပဲသွားရေစာကို တောင်းစားနေတာပဲ။ အဖော်တွေက ပေးရဖန်များတော့ မသဒ္ဓါဘူး။ ဒါကြောင့် ဒီကလေးကို တွေ့တိုင်း အငတ်ကလေး၊ အစားပုတ်ကလေးလို့ ခေါ်ကြတော့တယ်။

တစ်နေ့တော့ သူငယ်ချင်းတွေက သူကို ဆိုအားကြီးလို့ မခံနိုင်တာနဲ့ ဒီကလေးက အိမ်ကို ငိုပြန်လာတော့ သူ့အမေက "ငါ့သား ဘာဖြစ်လာသလဲ" လို့ ဆီးမေးတာပေါ့။

"အမေရယ် ကျောင်းသားတွေက ကျွန်တော့်ကို စလွန်း ဆဲလွန်းလို့ မခံနိုင်လို့ပါ။ သူတို့က ကျွန်တော့်ကို အငတ်ကြီးတဲ့" လို့ ပြန်ပြောတော့ သူ့အမေက တော်တော်ခံပြင်းသွားတယ်။ ဒါဟာ သူတို့မျိုးရိုးကို စော်ကားတာပဲလို့လည်း ယူဆတယ်လေ။ ဒါကြောင့် ဒီလိုအစော်ကားတော့ မခံနိုင်ဘူး။ နောင်မစော်ကားဝံ့အောင် တစ်ခုခုတော့ လုပ်မှလို့လည်း သူက ဆုံးဖြတ်လိုက်တယ်။ ညနေစောင်းလို့ ယောကျ်ား အလုပ်ကပြန်လာတဲ့အချိန်မှာ နေ့ခင်းက သူ့သား အစော်ကားခံခဲ့ရပုံတွေကို ဒေါသနဲ့ ပြန်ပြောပြတယ်။ အဖေက ဒီအတိုင်းပဲ



နားထောင်နေပါတယ်။ ဘာမှ ပြန်ပြောဖော်မရပါဘူး။ အမေကတော့ "ဒီကိစ္စကို ရှင်ဘယ်လိုလုပ်မလဲ" လို့ မေးပါတယ်။

ဓနိသမားက လူရိုးလူအေး ဘယ်သူနဲ့မှ ဘာမှမဖြစ်ချင်တဲ့ လူစားမျိုး။ သူက နည်းနည်းအရေးယူလိုက်ရင် အလကား ရန်တွေ ပွားပြီး ဒုက္ခတွေများမှာကိုလည်း တွေးကြောက်တယ်။ ဒါကြောင့် သူက စိတ်ဆင်းရဲတဲ့ပုံတော့ ပြပါရဲ့ သူဘာမှမလုပ်ချင်တဲ့ အနေမျိုးလည်း ပြောလိုက်ပါတယ်။

ဒီလိုဆိုတော့ သူ့မိန်းမက သိပ်စိတ်ဆိုးတယ်။ သူနဲ့သူ့သားကို သိက္ခာချတာပဲလို့လည်း တွက်တယ်။ ကလေးတွေ ဝိုင်းစော်ကားတာကို ဓနိသမားက ခုလိုပဲ ငုံ့ခံရင် သူတို့ဂုဏ်သိက္ခာဟာ ရပ်ရွာထဲမှာ အကြီးအကျယ် ကျဆင်းတာပဲလို့လည်း မြင်တယ်။ သူ့ယောကျ်ားက အေးအေးစက်စက်ကြီးလုပ်နေတော့ အမေက သိပ်ဒေါသထွက်လာပြီး ...

"ရှင်ဟာ တယ်တော်တဲ့လူပါလားဟင်၊ ကိုယ့်သားနဲ့ ကိုယ့်မယားအတွက် ဘာမှ ရှေ့ကရပ်ဖော်မရတဲ့လူစားပါကလား၊ ဒီလိုလူမျိုးကိုတော့ စိတ်ကုန်တယ်။ ကျွန်မအဝတ်တွေပြန်ရရချင်း ကျွန်မဆွေမျိုးမိဘတွေဆီကို ချက်ချင်းပြန်မယ်၊ ရှင်လိုလူမျိုးနဲ့ မနေဘူး" လို့ ပြောတော့ ဓနိသမားက သူ့မိန်းမ သူ့ကိုထားပစ်ခဲ့ပြီး ထွက်သွားမှာတော့လည်း စိုးတာကိုး။ ဒါကြောင့် သူ့မိန်းမ ငါးပြန်ဖြစ်နိုင်တဲ့ အဝတ်တွေကို ကပျာကယာပြေးယူပြီး မပေးနိုင်ပါဘူးလို့ ပြောတယ်လေ။ ပြီးတော့ မိန်းမလိုက်ရှာရင် မတွေ့နိုင်မယ့် နေရာတစ်ခုမှာ သွားဝှက်ထားလိုက်ပါတယ်။ ဒါကြောင့် မိန်းမက လင်ကို စိတ်ဆိုး

www.burmeseclassic.com

www.burmeseclassic.com



လွန်းလို့ အိမ်ကထွက်သွားချင်ပေမယ့် သူငါးပြန်ဖြစ်နိုင်မယ့်အဝတ်တွေက ရှာမတွေ့လို့ မပြန်နိုင်ဘဲဖြစ်နေတယ်။ နို့ပေမယ့် မိန်းမက သိပ်စိတ်ဆင်းရဲနေပြီမို့ သူတို့အိမ်ထောင်ဟာ မပျော်ရွှင်တော့ဘူး။

ရက်သတ္တပတ်တွေ တော်တော်များများ ကြာသွားတဲ့တစ်နေ့မှာ မိန်းမက မီးဖိုထဲ နေ့စာစားဖို့ ချက်ပြုတ်နေတယ်။ ချက်ရင်းက ရေခပ်မယ်လို့ ရေအိုးကြီးထဲ ငုံ့ကြည့်လိုက်တော့ သူ့ငါးအဝတ်အစားတွေ အရိပ်ထင်နေတာကို မြင်လိုက်တယ်။ ဒါကြောင့် မော့ကြည့်လိုက်တဲ့အခါ အိမ်ရဲ့ခေါင်အုပ် ဝါးလုံးထဲထည့်ထားတာကို သွားတွေ့တယ်။ ဒါကြောင့် အမိုးပေါ် မြန်မြန်တက်၊ သူ့အဝတ်တွေကိုယူ နေရာကောင်းကောင်းမှာ ဝှက်ထားပြီး ဟန်မပျက် ထမင်းဆက်ချက်နေလိုက်တယ်။

ချက်လို့အားလုံးကျက်တော့ အဖေနဲ့သားစားဖို့ နှစ်ယောက်စာ ထမင်းပွဲပြင်တယ်။ သူ့သားစားမယ့်ပန်းကန်ထဲမှာ အဖိုးတန် ကျောက်မျက်ရတနာတစ်လုံးကို ထမင်းနဲ့ဖုံးပြီး မြှုပ်ထားလိုက်တယ်။ ပြီးမှ သူ့သားကိုခေါ်ပြီး "ဒီမှာ ငါ့သား မင်းနဲ့ မင်းအဖေစားဖို့ ထမင်းငါပြင်ထားခဲ့တယ်။ ငါခုပဲ လယ်ထဲသွားမလို့ မင်းကို အထူးပြောစရာစကားတစ်ခွန်းရှိတယ်။ ကောင်းကောင်းမှတ်ထားနော် မင်းစားတဲ့ပန်းကန်ပြားထဲမှာ ထူးထူးဆန်းဆန်း ပစ္စည်းတစ်ခုခုတွေ့ရင် အဲဒါ ငါအိမ်ကို ပြန်လာဦးမယ်ဆိုတဲ့သဘောပဲ။ ဘာမှမတွေ့ဘူးဆိုရင်တော့ ငါမင်းတို့ဆီကို ဘယ်တော့မှ မပြန်လာတော့ဘူး။ ကဲ နားလည်ရဲ့လား" လို့ အမေကမေးတယ်။

ကလေးက သူဘာဆိုလိုတယ်လို့ ကောင်းကောင်းတော့ နားမလည်လိုက်ပါဘူး။ ဒါပေမဲ့ ခေါင်းညိတ်လိုက်ပြီး သူ့ဖို့ပြင်ထားတဲ့ ထမင်း



ပန်းကန်ကို စားတော့တာပဲ။ ဒီကလေးက အမြဲတမ်း ဆာနေတာဟုတ်လား အမေကတော့ သူဝှက်ထားတဲ့ငါးအဝတ်ကိုယူပြီး ပင်လယ်ဘက်ကို ထွက်ခဲ့ရော။ ကမ်းစပ်မှ အဝတ်လဲလိုက်တော့ ငါးပြန်ဖြစ်သွားရော။ အဲဒီမှာ ပေါ့ပေါ့ပါးပါး ပျော်ပျော်ပါးပါးနဲ့ ရေထဲဆင်းပြီး သူ့ရွာရှိရာကို ကူးခတ်သွားပါတော့တယ်။

အဲဒီအချိန်မှာ သူ့ယောကျ်ား အိမ်ပြန်ရောက်လာတယ်။ ရောက်တော့ အသင့်ပြင်ထားတဲ့ ထမင်းပွဲတွေ့လို့ ဝင်စားတာပဲ။ သားကလေးထမင်းစားတဲ့အခါ သူ့အမေ ထမင်းအောက်ဝှက်ထားခဲ့တဲ့ ကျောက်မျက်ရွဲကို တွေ့တယ်။ တွေ့တော့ ကလေးက ကျောက်ကို သေသေချာချာ လုံခြုံတဲ့နေရာမှာ သိမ်းထားလိုက်သတဲ့။ ညနေတိုင်လို့ သူ့မိန်းမ အိမ်မှာမရှိတော့ သူ့သားကို "မင်းအမေဘယ်မလဲ" လို့ မေးပါတယ်။ "မသိဘူး အဖေ မသိဘူး၊ မနက်ကတော့ လယ်ထဲသွားဦးမယ် ပြောသွားတာပဲ။ လယ်ထဲက တဲကလေးမှာများ ဒီည အိပ်မလိုလားမသိဘူး။ မနက်စောစော အလုပ်ခွင်ဝင်နိုင်အောင်လို့"။

ဖအေက အင်း ဟုတ်တန်ရာဟဲ့ဆိုပြီး နေလိုက်တယ်။ နို့ပေမယ့် နက်ဖြန်ကာတော့လည်း မပြန်လာ သန်ဘက်ခါတော့လည်း မပြန်လာတော့ မိန်းမသမားက အကြီးအကျယ် စိုးရိမ်လာတယ်။ ဒါကြောင့် သူ့မိန်းမကို နှံ့နေအောင် လိုက်ပြီးရှာတယ်။ ဘယ်မှ ရှာမတွေ့ပါဘူး။ အဲဒီတော့မှ သူ့အမေမှာခဲ့တာကို သားက သတိရတယ်။

"အမေက သွားခါနီး ကျွန်တော့်ထမင်းပန်းကန်ထဲမှာ ထူးထူးဆန်းဆန်း တစ်ခုခုတွေ့ရင် သူပြန်လာမယ့်အမှတ်လို့ ပြောသွားတယ်။ ကျွန်တော်ပန်းကန်ပြားထဲက ကျောက်တစ်လုံးတွေ့တယ်

www.burmeseclassic.com



အဖေရဲ့" လို့ပြောတော့ အဖေက သူ့မိန်းမထွက်သွားတာဟာ အစီအစဉ်နဲ့ ထွက်သွားတာဆိုတာ သိလိုက်ပါပြီ။ ဒါကြောင့် ငါးဖြစ်နိုင်တဲ့အဝတ်ထားတဲ့နေရာကို သွားကြည့်ပါတယ်။ သူထင်တဲ့အတိုင်းပဲ အဲဒီအဝတ် မရှိတော့ပါဘူး။ သူ့အမျိုးတွေရှိရာ သူ့ရွာကို သူပြန်တာ သေချာပါပြီ။ နို့ပေမယ့် အဖိုးတန်ကျောက်တစ်လုံး သားရဲ့ထမင်းပန်းကန်ထဲ ဝှက်ထည့်ထားခဲ့ပုံကိုထောက်တော့ သူတို့သားအဖကို တစ်ခါတည်း အပြီးအပိုင် ခွဲသွားပြီဆိုတဲ့သဘောတော့ မဟုတ်ဘူးပေါ့။ တစ်နေ့တော့ သူပြန်လာမယ်လေ။ ဒါကြောင့် ရေနံသမားက သူ့ရင်ထဲမျှော်လင့်ချက်အပြည့်ရှိပါတယ်။ ဒါကြောင့် သူ့သားကို "ငါ့သား မင်းအမေ သူ့အမျိုးငါးတွေဆီကို ပြန်သွားတာပဲ။ ဒို့သားအဖက သူ့ကို မြန်မြန်ပြန်လာစေချင်တယ်ဟုတ်လား။ အဲတော့ သူ့ကို ခုလိုက်ရှာကြမယ်" လို့ ပြောတယ်။

သားအဖ သူတို့သမ္ဗန်ရှိရာကိုသွားပြီး ခရီးရှည်ထွက်ဖို့အတွက် လိုအပ်တာကို အစစပြင်ဆင်ကြတယ်။ စားစရာရိက္ခာလည်း တော်တော်များများတင်တယ်။ ကွမ်းသီးနဲ့ကွမ်းလည်း အတော်များများ တင်တယ်။ ကွမ်းသီးနဲ့ကွမ်းဟာ တချို့က ပထမတန်းအကောင်းစားတွေ တချို့က ရိုးရိုးသာမန်အစားတွေ လှေပေါ်မှာ ပစ္စည်းစုံတဲ့အခါကျတော့ သားအဖ သူတို့ချစ်တဲ့လူကိုရှာဖို့ ခရီးထွက်ခဲ့ကြရော။

လှေစထွက်လို့ တော်တော်ကလေးလှော်မိတော့ လမုပင်တွေကြားမှာကူးနေတဲ့ ကလက်ဘက်ဆိုတဲ့ ငါးရှူကြီးတစ်ကောင်နဲ့ တွေ့သတဲ့။



တွေ့တော့ သားကလေးက အလွန်ဝမ်းနည်းတဲ့လေသံနဲ့ "ငါးကြီးကလက်ဘက်ရယ် ကျွန်တော့်အမေနဲ့များ မတွေ့ခဲ့ဘူးလား" လို့ မေးလိုက်တယ်။

ငါးရှူကြီးက "မတွေ့ပါဘူးကွာ၊ မင်းမြင်တဲ့အတိုင်းပဲ၊ ငါက လမုပင်တွေကြားပဲ ကူးနေတာကလား၊ အဲဒီတော့ မင်းအမေကို မမြင်နိုင်ဘူးပေါ့" လို့ ပြန်ပြောတယ်။

သားကလေးက ကလက်ဘက်ကို ကျေးဇူးတင်စကားပြောပြီး ကွမ်းသီးနဲ့ ကွမ်းရိုးရိုးကို နည်းနည်းစီ လက်ဆောင်ပေးပစ်ခဲ့တယ်။ ပေးပြီးတော့ အဖေနဲ့သား အမေရှာပုံတော်ခရီး ဆက်ကြပြန်ရော။ ဒီအခါတော့ ပင်လယ်ထဲရောက်လာပြီ။ အဲဒီမှာ ကျောက်ဆောင်တစ်ခုကို လှည့်ပတ်ကူးနေတဲ့ ပင်လယ်ငါးတစ်ကောင်နဲ့ တွေ့ပြန်တယ်။ သားကလေးက ရိုရိုသေသေ "ပင်လယ်ငါးကြီးရယ်၊ ကျွန်တော့်အမေနဲ့များ မတွေ့မိဘူးလား" လို့ မေးပြန်တယ်။

ပင်လယ်ငါးက "ဝမ်းနည်းပါတယ်လူလေးရယ် မတွေ့မိပါဘူး၊ ငါက ဒီကျောက်ဆောင်ကိုပဲ ပတ်ချာလှည့်ကူးနေတာဆိုတော့ မင်းအမေကို မမြင်မိဘူးပေါ့၊ အေး တကယ်လို့များမြင်ရင် မင်းကို ပြောပါမယ်ကွာ" လို့ ပြန်ပြောတော့ သားကလေးက "ကျေးဇူးပါပဲဗျာ" လို့ ပြောပြီး လမုပင်ကြားကငါးကို ပေးခဲ့တဲ့ ကွမ်းသီးနဲ့ကွမ်းမျိုးကို လက်ဆောင်ပေးပစ်ခဲ့တယ်။

ပြီးတော့ သားအဖ ခရီးဆက်ကြပြန်ရော။ ဒီတစ်ခါတော့ ငါးရွှေကြီးတစ်ကောင်ကို သွားတွေ့သတဲ့။ တွေ့တော့ သားကလေးက

www.burmeseclassic.com



မေးနေကျအမေးကိုပဲ "ငါးကြီးရယ် ကျွန်တော့်အမေနဲ့များ မတွေ့ခဲ့ဘူးလားဗျာ" ဆိုတာကိုပဲ မေးတာပဲ။ မေးတဲ့အခါ ငါးကြီးက "ဟ မင်းအမေ ငါတွေ့ခဲ့တယ်။ ခု မင်းတို့ သွားနေတဲ့အတိုင်းပဲ ဆက်သွားကြ မင်းအမေကို မုချတွေ့လိမ့်မယ်" လို့ ပြောလိုက်တော့ သားအဖ ဝမ်းသာလိုက်တဲ့ဖြစ်ခြင်း စိတ်ထဲကို ပေါ့သွားတာပဲတဲ့။ ပြီးတော့ ငါးရွှေကြီးကို ကျေးဇူးတင်လွန်းလို့ အကောင်းဆုံးကွမ်းသီးနဲ့ ကွမ်းအပြင် ဆေးတောင်ထည့်ပြီး လက်ဆောင်ပေးလိုက်သေးသတဲ့။ ငါးကြီးဖြေတဲ့အဖြေမျိုးပဲ သူတို့သားအဖက မျှော်နေတာဟုတ်လား။ ငါးကြီးစကားကိုကြားတော့ လှေကိုပိုပြီး အားကြိုးမာန်တက် လှော်ကြခတ်ကြတယ်။ တော်တော်ကလေးလှော်မိတော့ ငါးကြီးတစ်ကောင်ကို တွေ့ပြန်ရော။ ဒီငါးကြီးကတော့ ငါးမုတ်ကြီး။ သားကလေးက မျှော်လင့်ချက်ကြီးနဲ့ "ငါးကြီးရယ် ကျွန်တော့်အမေနဲ့များ မတွေ့ခဲ့ဘူးလား" လို့ မေးလိုက်တော့ ငါးမုတ်ကြီးက "မင်းအမေ တွေ့ခဲ့ပါ့ကွာ လွန်ခဲ့တဲ့တစ်နာရီလောက်ကပဲ တွေ့ခဲ့တာ။ ဟောဟိုအောက်ကရွာမှာ မင်းအမေနေတယ်။ ရေအောက်ငုံ့ကြည့်ရင် သူတို့ရွာကို မင်းတို့မြင်ရလိမ့်မယ်" လို့ ပြောတယ်။

ဒီသတင်းကောင်းကြားရတော့ သားအဖ ပျော်လိုက်ပုံများတော့ အလွန်ပဲတဲ့။ ပြီးတော့ ကျေးဇူးတင်လွန်းလို့လည်း အကောင်းဆုံး ကွမ်းသီးတွေ ကွမ်းတွေဆေးတွေ ဆေးရွက်တွေကို လက်ဆောင်ပေးတယ်လေ။ မိနစ်နည်းနည်းလေး လှော်မိရင်ပဲ သူ့အမေနေတဲ့ ရွာပေါ်တည့်တည့်ကို သူတို့လှေကလေး ရောက်သွားတယ်။ ရောက်သွားတော့



သားအဖ ရေအောက်ဆင်းမသွားရဲကြတာနဲ့ ရေငုပ်တတ်တဲ့ အဘိုးကြီးတစ်ယောက်ကို ပိုက်ဆံပေးပြီး အမေ့ရွာရောက်အောင် အသွားခိုင်းရတယ်။

ရွာမှာအမေက သူ့သားနဲ့ သူ့ယောကျ်ားလိုက်လာတယ်။ ရွာပေါ်ကလှေထဲမှာ သူတို့သားအဖ ရှိနေတယ်ဆိုတာကိုကြားတော့ သူလည်း သိပ်ဝမ်းသာသွားသတဲ့။ သူကလည်း သားနဲ့လင်ကို လွမ်းနေလို့ ပြန်ချင်နေတာကလား။ ဒါကြောင့် ဆွေမျိုးငါးတွေအားလုံးကို နှုတ်ဆက်တယ်။ ပြီးတော့ တစ်ခါတည်း အထက်ဆီ ရေပေါ်ခုန်ထိုးပြီး တက်လာတာပဲ။ လှေထဲဆင်းမိတော့ ငါးအဝတ်ကို ချွတ်လိုက်တာ တစ်ခါတည်း လူပြန်ဖြစ်လာတယ်လေ။ ချွတ်ပြီးသားအဝတ်ကိုလည်း ရေထဲပစ်ချလိုက်တာ ရေအောက်ဖြည်းဖြည်းချင်း ရောက်သွားတာကို မြင်ရတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် အမေဟာ သားအဖနဲ့ ဘယ်တော့မှ မခွဲတော့ဘူး။ သူ့အမျိုးငါးတွေဆီ ဘယ်တော့မှ မပြန်တော့ဘူးဆိုတာ သေချာနေတာပေါ့။

အိမ်ပြန်ရောက်တော့ ဓနိသမားက သူ့မိန်းမ စိတ်ဆင်းရဲတဲ့ကိစ္စကို အရေးယူပေးပါတယ်။ သူ့သားကို အငတ်ကြီး၊ အစားပုတ်ကြီး စသဖြင့် ခေါ်ကြတဲ့ကလေးတွေကို သူက ဒဏ်ပေးလိုက်ပါတယ်။ အဲဒီတော့ သူ့မိန်းမနဲ့ အမျိုးတွေရဲ့ဂုဏ်သိက္ခာလည်း မငယ်ရတော့ဘူးပေါ့။ သားအမိသားအဖသုံးယောက်လည်း ကျေကျေနပ်နပ် ပျော်ပျော်ရွှင်ရွှင် အတူတကွ ပြန်ပြီးနေနိုင်ကြပြီပေါ့။

www.burmeseclassic.com

www.burmeseclassic.com

# မောင်လူအ



# မောင်လူအ

(ဂျာဝါးပုံပြင်)

ရှေးရှေးတုန်းက ဂျာဗားကျွန်းမှာ လယ်သမား လူရိုးလူအ တစ်ယောက်ရှိတယ်။ သူ့နာမည်က မောင်လူအတဲ့။ ဒီနာမည်မှည့်တာက အ,လွန်း ရိုးလွန်းလို့ တမင်မှည့်ထားကြတာလေ။ အလုပ်တော့ ကြိုးကြိုးစားစားလုပ်ဖော်ရပါတယ်။ တစ်နေ့တော့ သူတို့အိမ်ထောင်ရဲ့ ငွေရေးကြေးရေးကို အကုန်ကိုင်တွယ် စီမံခန့်ခွဲတဲ့ သူ့မိန်းမက "ကျုပ်တို့ ငွေလိုတယ်တော်၊ ဒါ့ကြောင့် အိမ်ကကျွဲတစ်ကောင်ကို နက်ဖြန်တော့ ဈေးယူသွားပြီး ရောင်းချေပါ။ ကျွဲက ရူပီယာ ၂၅ဝ တန်ပါတယ်။ ဒါကြောင့် အဲဒီထက်တော့ တော်လျှော့မရောင်းခဲ့နဲ့၊ မှတ်မိရဲ့လား" လို့ သေသေချာချာမှာတယ်။ မောင်လူအက "အေး မင်းမှာတဲ့အတိုင်း ငါလုပ်ခဲ့မယ်" လို့ ပြန်ပြောတယ်။

သူတို့လင်မယား ဒီလိုပြောဆိုနေကြတာကို ရွာထဲက အိမ်နီးချင်းကိုယုတ်မာက ကြားသွားသတဲ့။ ဒီလူကလည်း သူများအပေါ် ညစ်ပတ်လွန်း ယုတ်မာလွန်းလို့ ခိုးတတ်ဝှက်တတ်လို့ ဒီနာမည်ကို

www.burmeseclassic.com



အများက မှည့်ထားကြတာဖြစ်သတဲ့။ ကိုလူအတို့လင်မယား နက်ဖြန် ကျွဲရောင်းမယ်လို့ တိုင်ပင်သံကြားတော့ သူက အကြံဆိုးတစ်ခုကို ကြံတယ်လေ။

ဒီအကြံကို တိုင်ပင်ဖို့ သူနဲ့ဆိုးဖော်ဆိုးဖက် တခြားလူယုတ်မာ နှစ်ယောက်ဆီကို တစ်ခါတည်း ထွက်လာခဲ့တယ်။ ဒီလူတွေကလည်း ကိုယုတ်မာလိုပဲ ညစ်ပတ်ယုတ်မာတာပဲ။ တစ်ယောက်နာမည်က ဂျိုကောင်တဲ့။ တစ်ယောက်နာမည်က ဂျိုလက်တဲ့။ မောင်ယုတ်မာရဲ့ အကြံအစည်ကို ဒီလူနှစ်ယောက်နဲ့ တိုင်ပင်ကြည့်တော့ ဒီလူတွေ ကလည်း အဲဒီအကြံမဆိုးဘူး။ နက်ဖြန်တော့ စမ်းကြည့်မယ်လို့ သဘောတူကြတယ်လေ။

နောက်မနက် အရုဏ်တက်တယ်ဆိုရင်ပဲ မောင်လူအက သူ့ကျွဲ ကို အိမ်ရှေ့ပေါက်က မောင်းထုတ်သွားပြီး ဈေးရှိရာကို ထွက်လာခဲ့ပါ တယ်။ တကယ်ကတော့ ဒါလောက်စောစောကြီး ထလာရတာကို မောင်လူအက မကြိုက်လှဘူး။ အေးသေး ချမ်းသေးတာကိုး။ သူ့မှာ ချမ်းလွန်းလို့ သွားတွေတဂတ်ဂတ်မြည်အောင် ရိုက်နေကြတာကို တောင် ကြားနေရတယ်လေ။ ဒါကြောင့် အချမ်းသက်သာပြီး စိတ်ညစ်ပြေအောင် မောင်လူအက ကျွဲမောင်းရင်း သီချင်းတစ်ပုဒ်ကို အော်ဆိုလာခဲ့တယ်။ သိပ်မကြာပါဘူး မောင်ယုတ်မာနဲ့ တွေ့တော့ တာပါပဲ။ မောင်ယုတ်မာက သူနဲ့မျက်နှာချင်းဆိုင်က လာနေတာပါ။ မောင်လူအကိုတွေ့တော့ မထင်မှတ်ဘဲတွေ့လေဟန် အံ့သြတဲ့အမူ အရာနဲ့ "ဟာ ကိုလူအ စောစောစီးစီးကြီးကိုး ဘယ်လဲဗျ" လို့



မေးလိုက်တယ်။ "ဈေးသွားပြီး ဒီကျွဲကြီးရောင်းမလို့ပါဗျာ" လို့ မောင်လူအက ပြန်ပြောတယ်။

ဒီစကားကြားတော့ မောင်ယုတ်မာက အံ့သြတဲ့ပုံစံမျိုး ဟန် ဆောင်လိုက်ပြီး "နေပါဦးဗျာ စိတ်လည်းမရှိပါနဲ့၊ ခင်ဗျားပြောတာ ကျုပ်နားမလည်ပါဘူး၊ ခင်ဗျားက ဘယ်ကျွဲကို ပြောနေတာလဲ"။

မောင်လူအက သူ့အိမ်နီးချင်းကို စိတ်မရှည်ဘဲဖြစ်လာပြီး "ဟော ဒီအကောင်ကြီးကို ပြောတာဗျို့၊ ဒါကျွဲမဟုတ်တော့ ဘာကြီးလဲ ခင်ဗျား မျက်စိမြင်ရဲ့လား ကျွဲဆိုတာ အကြီးကြီးပါဗျာ မြင်လောက် ပါတယ်" လို့ ပြန်ပြောလိုက်တယ်။

အဲဒီတော့ မောင်ယုတ်မာက ရှေ့တစ်လှမ်းတိုးလာပြီး ကျွဲကို သေသေချာချာစိုက်ကြည့်တယ်။ နောက်ပြီး ကျွဲတစ်ကိုယ်လုံးကိုလည်း လက်နဲ့လျှောက်စမ်းသေးတယ်။ ပြီးတော့မှ တအားအော်ရယ်တယ် လေ။ ရယ်လို့အားရတော့ "ခင်ဗျားကဖြင့် နာမည်နဲ့လူနဲ့လည်း လိုက်ပါပေတယ်ဗျာ ကိုလူအရယ်လို့ ကြည့်ပါ့ဗျာ ဆိတ်ကိုကျွဲတဲ့။ ဒီဆိတ်ကို ခင်ဗျားရောင်းချင်ရင် ဒုက္ခခံပြီး ဈေးထိအောင် မောင်းမနေ နဲ့ ကျုပ်ကိုရောင်းခဲ့ ကျုပ် ရူပီယာ ၅၀ ပေးမယ်"။

မောင်လူအက သူ့ကိုညာတယ်လို့ မသင်္ကာတာနဲ့ ဘာမှ စကား ပြန်မပြောခဲ့ဘူး။ သူ့ကျွဲကိုသာ ဆက်မောင်းလာခဲ့တယ်။ မောင်းလာ ရင်းလည်း သူ့ပါးစပ်က "ရူးတဲ့ကောင်ပဲကွာ ကျွဲပါဆိုတာ ဘယ်နှယ့် ဆိတ်ဖြစ်ရမှာလဲ၊ ငါ့ကိုညာမယ်လို့ ကြံတာပဲ၊ ငါဒါလောက်တော့ ဘာရမလဲ" လို့ ပြောမိတယ်။

www.burmeseclassic.com

www.burmeseclassic.com



မောင်လူအ ကျွဲမောင်းလာလို့ နောက်ထပ် (၁၀) မိနစ်လောက်ကြာတော့ ဂျိုကောင်နဲ့တွေ့တယ်။ တွေ့တွေ့ချင်း ဂျိုကောင်က "အလို ကိုလူအ ခင်ဗျားမောင်းလာတဲ့ဆိတ်က တယ်ဝပါလား" လို့ ဆီးပြောတော့ မောင်လူအက တော်တော်ဒေါသထွက်သွားတယ်။

"တော်စမ်းဗျာ၊ ဒါဆိတ်မဟုတ်ဘူး ကျွဲ… ကျွဲ"

"ဘာဗျ ခင်ဗျားတကယ်ပြောနေတာလား" လို့ ဂျိုကောင်က အလွန်အံ့သြလေဟန်နဲ့ မေးပါတယ်။ ပြီးတော့ ကျွဲကြီးကို လက်နဲ့လျှောက်စမ်းကြည့်တယ်။ ဆိတ်မြည်သံကို "ပဲအဲ့အဲ့အဲလို့လည်း အော်ပြလိုက်သေးတယ်။ ပြီးမှ "ခင်ဗျား ဒါကို ဘယ်လောက်နဲ့ ရောင်းမလဲ" တဲ့။ မောင်လူအက မျှော်လင့်ချက်ကြီးစွာနဲ့ "၂၅ဝိ ရရင် ရောင်းမယ်ဗျာ ခင်ဗျားဝယ်မလား" လို့ ပြန်မေးတော့…

"ဆိတ်တစ်ကောင်ငွေ ၂၅ဝိ ဆိုတာ ကြောက်ခမန်းလိလိ အဖိုးပဲဗျ" လို့တော့ မောင်လူအက…

"အလွဲလွဲအမှားမှား လုပ်ပြန်ပြီ၊ ဒါဆိတ်မဟုတ်ဘူးဗျ" လို့ ပြန်အော်ပြီး "မျက်စိကို သေသေချာချာဖွင့်ကြည့် ဆိတ်ဒါလောက်ကြီးတာ ဘယ်မှာရှိဖူးလို့လဲ" လို့ မေးပါတယ်။ ဂျိုကောင်က "ခေါ်တာကတော့ ခင်ဗျားကြိုက်သလိုခေါ်ပေါ့၊ ဆိတ်ခေါ်ခေါ် ကျွဲခေါ်ခေါ် ဆင်လို့ပဲခေါ်ခေါ် ကျုပ်မျက်စိထဲမှာတော့ ဒီအကောင်ဟာ ဆိတ်ပဲ။ ဈေးမှာရောင်းရင် ငွေ ၅ဝိ၊ လောက် ရချင်ရမှာပေါ့။ ကျုပ်က ဈေးမရောက်ခင် ဒီမှာပဲ ငွေ ၅ဝိ ချက်ချင်းပေးလိုက်မယ်။ အပင်ပန်းခံပြီး ဈေးလည်းသွားမနေပါနဲ့။



မောင်လူအက ဘာမှ ပြန်မပြောတော့ဘူး။ ဒါပေမဲ့ တော်တော်တော့ စိတ်ရှုပ်နေပြီ။ ကျွဲကိုသာ ရှေ့ကထားပြီး ဈေးမြန်မြန်ရောက်အောင် တွင်တွင်ကြီး မောင်းနေတယ်။ စိတ်လည်းဆိုးတယ်လေ။ နို့ပေမယ့် စိတ်ဆိုးတာနဲ့အတူ သူ့စိတ်ထဲ ဇဝေဇဝါလည်း နည်းနည်းဖြစ်လာပါတယ်။ ဒီအကောင်ဟာ ကျွဲမဟုတ်ပါဘူး။ ဆိတ်ပါလို့ပြောတာ နှစ်ယောက်ရှိပြီးကိုး။ နို့ပေမယ့် သူသိပါတယ်။ ဒါကျွဲပါ ကျွဲ သေချာရဲ့လားဟာ…။ ဒါကြောင့် ဂျိုကောင်နဲ့ဝေးလာတဲ့ အချိန်ကျတော့ သူ့ကျွဲကို သေသေချာချာ ပွတ်သပ်စမ်းမိတယ်။ "ကျွဲမှ ကျွဲပါကွာ ဟိုနှစ်ယောက်က ငါ့ကို ညာချမလို့ပါ" လို့ မောင်လူအက ပြောမိတယ်။

ပြောသာ ပြောရတယ် သူ့စိတ်ထဲ ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသားကြီးတော့ မဟုတ်လှဘူး။ ဇဝေဇဝါ ခဏခဏဖြစ်လာတယ်။ ဒီအချိန်မှာပဲ ဖြုန်းဆို ရွာသားတစ်ယောက်က သူ့ကိုဆီးပြီး နှုတ်ဆက်ပြန်တယ်။ "စောစောစီးစီး ခင်ဗျားဘယ်သွားမလို့လဲ။

"ဈေးသွားမလို့ပါ"

"ဈေးမှာ ခင်ဗျား ဒီဆိတ်ကြီးသွားရောင်းမယ်လို့လား၊ ဘယ်လောက်ရရင် ရောင်းမှာလဲ"။

ဒီစကားတွေကြားရတော့ မောင်လူအရဲ့ခေါင်းဟာ ချာချာလည်သွားတယ် ထင်ရပါတယ်။ ကျွဲလား ဆိတ်လား၊ ကျွဲလား ဆိတ်လား သူ့ဒုက္ခဖြစ်နေပြီ။ ဒါကြောင့် ဇပ်ဆို ဂျိုလက်ရဲ့မျက်နှာကို လှမ်းကြည့်လိုက်တယ်။ ရယ်ရင်းများ သူ့ကို နောက်နေတာလားလို့ မောင်မင်း

www.burmeseclassic.com

www.burmeseclassic.com



ကြီးသားက မျက်နှာတည်ကြီးနဲ့။ အဲဒီတော့ ကိုလူအမှာ ပိုပြီး ရှုပ်ထွေးကုန်တော့တာပေါ့။ မိန်းမက ကျွဲလို့ အသေအချာပြောလိုက်တယ်။ ဒါပေမဲ့ လမ်းမှာတွေ့တဲ့လူသုံးယောက်က သုံးယောက်စလုံး ဆိတ်တဲ့။ ဘယ်သူ့စကား ယုံရမှန်းတောင် မသိတော့ဘူး" လို့ ဖြေလိုက်တယ်။

ဂျိုလက်က "ခင်ဗျား နောက်နေတာထင်တယ်၊ ဘယ်ဆိတ်မှ ဒါလောက်အဖိုးမတန်ဘူး။ ကျုပ် ခင်ဗျားအပေါ် မတရားတာမပြောဘူး။ ငွေ ၅ဝိ ပေးမယ် ရောင်းမလား ဒီဆိတ်"။

မောင်လူအခမျှာ ဘာပြောရမှန်း မသိတော့ဘူး။ သူ့စိတ်ထဲလည်း ရှုပ်ထွေးကုန်ပြီ ဒီအဖြစ်ကို ဂျိုလက်ကလည်း ရိပ်မိတယ်။ ဒါကြောင့် ရပ်စကားပြောနေရာက ခရီးဆက်တော့မယ်ဟန်ပြင်ပြီး "ကဲ ဒီဆိတ်ကို ရောင်းချင်သလား၊ မရောင်းချင်ဘူးလား ခင်ဗျားစိတ်မဆုံးဖြတ်နိုင်ရင် ကျုပ်ခင်ဗျားအနား တစ်မနက်လုံး ရပ်စောင့်မနေနိုင်ဘူး။ မရောင်းချင်လည်းနေ ကိစ္စမရှိဘူး။ ကျုပ်လည်း ဈေးကိုသွားမယ်လို့ ဈေးမှာ ဒီထက်ပေါပေါရမှာ အသေအချာပဲ" လို့ ဂျိုလက်က ပြောလိုက်တော့ ဘာလုပ်ရမှန်းမသိ ဖြစ်နေရှာတဲ့ မောင်လူအက ကဲ ရောင်းပါတော့မယ်လို့ပဲ ဆုံးဖြတ်ချက်ချလိုက်ရှာတော့တယ်။ မောင်လူအက သူ့မိန်းမဟာ သူ့ကို တမင်ကျီစယ်လိုက်တာ ဆိတ်ကို ကျွဲခေါ်ပြီး ဈေးအရောင်းခိုင်းလိုက်တယ်။ ဈေးအထိမသွားရဘဲ လမ်းမှာ တန်ရာတန်ဖိုးရရင် ဘာလို့အပင်ပန်းခံနေမလဲလို့တွက်ပြီး "ကဲ ဒီဆိတ်ကို ငွေ ၅ဝိ နဲ့ ရောင်းတော့မယ်ကွာ" လို့ မောင်လူအက ပြောရှာပါတော့တယ်။



ဂျိုလက်ဝမ်းသာလိုက်ပုံများ မပြောနဲ့တော့ ထတောင်ကျွမ်းထိုးလိုက်ချင်ရဲ့။ နို့ပေမယ့် မောင်လူအရိပ်မိသွားမှာစိုးလို့ ဝမ်းသာဟန်လုံးလုံးမပြဘူး။ မောင်လူအလက်ကို ငွေ ၅ဝိ ထည့်လိုက်ပြီး ကျွဲကြီးကို သူ့အိမ်မောင်းချသွားတယ်လေ။ သူ့အိမ်မှာ မောင်ယုတ်မာနဲ့ ဂျိုကောင်တို့ စောင့်နေကြတယ်ဟုတ်လား။

မောင်လူအ အိမ်ပြန်ရောက်သွားတော့ သူ့မိန်းမက သူ့လင်ပြန်လာမယ်လို့ သူမျှော်မယ့်အချိန်ထက် ၃-၄ နာရီမက စောပြန်လာတာမို့ အင်မတန် အံ့အားသင့်နေပါတယ်။ ဒါ့ကြောင့် "တော် ဒီအချိန်ပြန်ရောက်လာလိမ့်မယ်လို့ ကျုပ် လုံးလုံးမထင်မိဘူးတော်" လို့ အိမ်ရှေ့ပေါက်ကဝင်လာတဲ့ သူ့ယောကျ်ားကို ဆီးနှုတ်ဆက်တယ်။ "ဘာလို့အစောကြီး ရောက်လာတာလဲ" လို့လည်း မေးလိုက်ပါတယ်။

"အေးကွာ တကယ်ပြောရရင်တော့ ကံကောင်းထောက်မတယ်ဆိုရမှာပေါ့၊ မင်းအရောင်းခိုင်းလိုက်တဲ့တိရစ္ဆာန်ကို ဒီရွာထဲမှာတောင် ငါရောင်းချင်ရင် ရသေးသကွ၊ ရော့ဒီမှာပိုက်ဆံ ရေတွက်ပြီး သေသေချာချာယူ"။

မိန်းမက ပိုက်ဆံကိုယူပြီး မြန်မြန်ရေကြည့်တယ်။ ပြီးတော့ သူ့မျက်နှာပေါ် အံ့သြတဲ့ပုံ တစ်ခါတည်း ပေါ်လာတယ်။

"ဒါဘာလဲတော့ ငွေက ၅ဝိ ထဲပါလား၊ ဘယ်မှာလဲ ကျန်တဲ့ငွေ ၂၀ဝိ"။

"အေးပါ ငွေက ၅ဝိ ထဲပါပဲ"

"အံမယ် လူအ၊ ဒို့ကျွဲလိုအကောင်ကြီးကို ငွေ ၅ဝိ တည်းနဲ့ ရောင်းခဲ့တယ်လို့ ပြောမလို့လား ဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ မင်းဟာက ကျွဲမဟုတ်ဘူး၊ ဆိတ် မိန်းမရဲ့။ ဒီလို ပြောလိုက်ခါမှ သူ့မိန်းမက ပိုပြီး ဒေါသဖြစ်ကုန်ပါရော။ ဒါ့ကြောင့် တုတ်ကြီးတစ်ချောင်းကောက်ကိုင်ပြီး သူ့ယောကျ်ားကို ရိုက်မယ် နက်မယ် ရွယ်တဲ့အပြင် ...

"တော်အရူးပဲ၊ လူကောင်ကြီးက ကြီးလှပြီ၊ ခုထက်ထိ ဆိတ်မှန်း ကျွဲမှန်း မသိဘူးတဲ့ တော့်ဆီက ကျုပ်တို့ကျွဲကိုဝယ်လိုက်တဲ့ အကောင် ဆီကို ခုချက်ချင်းပြန်သွား ကျန်တဲ့ငွေ ၂၀ဝိ ကို ရအောင်တောင်းခဲ့၊ လက်ချည်းပြန်လာရင် တော်နဲ့ကျုပ် အသိပဲ" လို့ အော်ပါတော့တယ်။

ကိုလူအလည်း မိန်းမတုတ်ဆားကလွတ်အောင် မြန်မြန် အိမ်ရှေ့ပေါက်က ပြန်ထွက်လာခဲ့ရတယ်။ လာရင်းလည်း သူ့ကို မောင်ယုတ်မာနဲ့ အပေါင်းပါတွေပင်ပြီး ညစ်ယူလိုက်တာကို စဉ်းစားမိပြီ။ ဒါကြောင့် သူ့ငွေ ၂၀ဝိ ကို ရိုးရိုးအေးအေးပြန်တောင်းလို့တော့ ခင်းတို့က ဘယ်နည်းနဲ့မှ ပြန်ပေးမှာမဟုတ်တာကိုလည်း စဉ်းစားမိတယ်။ သူတို့ဆီက ပိုက်ဆံကိုလိုချင်ရင် သူတို့လိုပဲ ဉာဏ်ဆင်ပြီး လိမ်ယူမှရမယ် ဆိုတာကို တွေးမိတယ်။ ခက်တာက မောင်လူအက သူတို့ထက်သာတဲ့ လူညစ်မျိုးမှ မဟုတ်ဘဲကလား။ အဲဒီတော့ သူ့အလုပ်က မလွယ်ဘူးဆိုတာ တွေးမိတာပေါ့။ နို့ပေမယ့် တစ်ဖက်ကလည်း သူ့မိန်းမကို ကြောက်ရသေးတယ်လေ။ သူ့မိန်းမက ရိုက်မယ်ဆိုရင် တကယ်လုပ်မှာ။ ဒါကြောင့် သူ့ခေါင်းထဲ အလင်းတစ်ခုပေါ်လာတယ်။ ပေါ်ပေါ်ချင်း ဈေးကိုရောက်အောင် မြန်မြန်ကြီးသွားပါတယ်။ ဈေးရောက်တော့ ဈေးဆိုင်သုံးဆိုင်ကိုဝင်ပြီး မောင်လူအက ပိုက်ဆံတွေ အရင်ပေး



နှင့်တယ်။ ပစ္စည်းကိုတော့ နောက်မှသူယူမယ်၊ ပိုက်ဆံယူထားနှင့်ပါလို့ ပြောပြီး ပေးပါတယ်။ ပိုက်ဆံကြိုပေးတဲ့ ဆိုင်တိုင်းကိုလည်း ခဏကြာရင် သူ့မိတ်ဆွေတွေကိုခေါ်ပြီး လာခဲ့မယ်။ ကျွန်တော်မှာရင် ဝယ်ရင် ဘာဖြစ်ဖြစ် ထုတ်ပေးပါ။ စားသောက်ပြီးလို့ ပိုက်ဆံပေးကြတဲ့အချိန်ရောက်တော့ ကျုပ်က ခေါင်းညိတ်လိုက်မယ်၊ အဲဒီတော့ ကျုပ်ဦးထုပ်က ဒီခေါင်းလောင်းကလေးက ဒီလိုမြည်လိမ့်မယ်။ ဒီအခါ ခင်ဗျားက ကျွန်တော်ပိုက်ဆံရပြီးပါပြီလို့ ပြန်ဖြေပါလို့ မှာပါတယ်။

"ရှင်းရဲ့လား" လို့လည်း မေးသေးတယ်။ ဆိုင်ရှင်တွေက သဘောကျလို့ "စိတ်ချ ခင်ဗျားမှာသလိုလုပ်မယ်" တဲ့ ငွေက အရင်ရထားပြီးသားတွေကိုး။ ဒီထောင်ချောက်ကို ချပြီးတဲ့နောက် မောင်လူအက သူ့ဆီက မလိမ့်တပတ် စားပြတိုက်ယူသလိုလုပ်သွားတဲ့ လူညာတွေကို လိုက်ရှာတော့တယ်။ မကြာပါဘူး သူတို့သုံးယောက် စလုံးကို သွားတွေ့ပါပြီ။ သူတို့အားလုံး ပျော်လို့ ရွှင်လို့။ ကျွဲကို ငွေ ၂၅ဝိ နဲ့ ရောင်းစားပြီးကြလို့ အမြတ်ရပိယာ ၂၀ဝိ လက်ထဲ ပိုက်လို့ပေါ့။ သူတို့က မောင်လူအဟာ ဒေါပွပြီး လိုက်လာလိမ့်မယ်လို့ ထင်တာ။ နို့ပေမယ့် မောင်လူအက ရယ်လို့မောလို့ သူတို့ကို ဝမ်းသာအားရ နှုတ်ဆက်တော့ တော်တော်အံ့သြနေကြတယ်။

မောင်လူအက "ကျုပ်မိတ်ဆွေတွေနဲ့သာ မတွေ့ဘူးဆိုရင်ဗျာ ကျုပ်တစ်ယောက်တည်းပဲ သောက်မယ်စားမယ်လို့ ခုတော့ ခင်ဗျားတို့နဲ့လာတွေ့နေရတယ်။ ကဲ ကျွေးရတိုက်ရဦးမှာပေါ့။ ဟာဗျာ ကျုပ်ကံကောင်းလို့ ရတာလေးတွေနဲ့ဝင်ပြီး စားလှည့်သောက်လှည့်ကြ

www.burmeseclassic.com



ပါဦး။ ကနေ့မနက်လည်း ဆိတ်တစ်ကောင်ကို ငွေ ၅၀ နဲ့ ရောင်းလိုက်သေးသဗျ” လို့ ပြောပါတယ်။

လူညစ်သုံးယောက်က မောင်လူအဟာ တကယ့်အရူးပဲလို့ ထင်ကြပြီလေ။ သူတို့ကို စိတ်ဆိုးမနေတဲ့ပြင် စားဖို့သောက်ဖို့တောင် ခေါ်နေပြန်ပြီကိုး။ အလကားစားရသောက်ရမယ့်ကိစ္စမျိုးကို ဒင်းတို့သုံးယောက်က ဘယ်ငြင်းလိမ့်မတုံး။ ဒါကြောင့် မောင်လူအခေါ်ရာကို လိုက်ကြတယ်။

မောင်လူအက ပထမဆိုင်ကို ဝင်တယ်။ စားပွဲတစ်ချပ်မှာ ထိုင်မိကြတော့ “ကျုပ်နဲ့ ကျုပ်သူငယ်ချင်းတွေသောက်ဖို့စားဖို့ ချစမ်းပါဗျာ” လို့ မှာပါတယ်။ လာချတော့ စားကြသောက်ကြတယ်။ ပြီးတော့ မောင်လူအက ဆိုင်ရှင်ကိုခေါ်ပြီး “အားလုံး ဘယ်လောက်ကျသလဲ” လို့ မေးတယ်။ “ဆယ့်ငါးရူပီယာပါခင်ဗျာ” လို့ဖြေတော့ မောင်လူအက ခေါင်းညိတ်လိုက်တဲ့အခါ သူ့ဦးထုပ်က ခေါင်းလောင်းကလေးက “တင် တင် တင်” နဲ့ မြည်တယ်လေ။ ဆိုင်ရှင်က မှာထားတဲ့စကားကို မှတ်မိပြီးသားမို့ “ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ ဒါဆိုရင် ရပါပြီ” လို့ ပြန်ပြောတယ်။

မောင်လူအက ဒီစကားလည်းကြားရော ဆိုင်ထဲက ချက်ချင်းထွက်သွားတာပဲ။ အံ့အားသင့်နေတဲ့အကောင်တွေလည်း နောက်ကလိုက်သွားကြတယ်လေ။ သူတို့မျက်စိနဲ့မြင်တာ နားနဲ့ကြားတာကဖြင့် ယုံနိုင်စရာမရှိဘူး။ သူတို့က ဘာစကားမှမမေးနိုင်ခင် နောက်ကဆိုင်ကို မောင်လူအက ဝင်ပြန်ရော။ “စီးကရက်လေးဗူးပေးပါဗျာ” လို့



ဒီဆိုင်မှာ မောင်လူအက ဝယ်တယ်။ စီးကရက်ကို တစ်ယောက်တစ်ဗူးစီ ဝေပေးတယ်။ သူလည်း တစ်ဗူးယူပြီး စီးကရက်သည်ရဲ့ မျက်နှာ စေ့စေ့ကြည့်ပြီး ခေါင်းလောင်းကလေးမြည်အောင် ခေါင်းညိတ်လိုက်ပြန်တယ်။ စီးကရက်သည်က “ပိုက်ဆံရပါပြီခင်ဗျာ၊ ကျေးဇူးတင်ပါတယ်” လို့ ပြောပြန်တယ်။

ဒါကိုတွေ့ပြန်တော့ လူလိမ်သုံးယောက်က ဒီကောင့်ခေါင်းလောင်းမှာ ထူးထွေတဲ့တန်ခိုးရှိပြီလို့ ထင်လာပြီလေ။ မောင်လူအက ဘာများစားကြဦးမလဲလို့ မေးပြီး သစ်သီးဆိုင်တစ်ဆိုင်ကို ဝင်ပြန်တယ်။ ဟိုကောင်တွေကလည်း အလကားရရင် ရေတောင် သေအောင်သောက်ကြမယ့်ကောင်တွေမို့ သစ်သီးတွေယူကြပြန်တယ်။ အားလုံးကြိုက်သလောက်ယူပြီးကြပြီဆိုတော့ မောင်လူအက သူ့ခေါင်းညိတ်ပြီး ခေါင်းလောင်းကလေးမြည်အောင် လုပ်ပြန်ရော။ ဆိုင်ရှင်ကလည်း အရင်ဆိုင်ရှင်လူတွေလိုပဲ “ခင်ဗျာပေးတာ လုံလောက်ပါပြီ၊ ကျေးဇူးတင်ပါတယ်” လို့ ပြန်ပြောတယ်။ ဒါနဲ့ ဘာပိုက်ဆံမှ မပေးခဲ့ရဘူး၊ ဒီဆိုင်ထဲကလည်း ထွက်လာကြပြန်ရော။

အဲဒီမှာ လူညစ်သုံးယောက် အချင်းချင်း အကြီးအကျယ် ခေါင်းချင်းရိုက် တိုင်ပင်ကြပြီလေ။ မောင်လူအရဲ့ခေါင်းလောင်းကလေးမှာ အစွမ်းရှိတာတော့ အမှန်ပဲ။ ဘာ ဘယ်လိုလဲဆိုတာ မောင်လူအကို မေးကြတော့မယ်ပေါ့။ ပထမဆုံး မောင်ယုတ်မာက စမေးတယ်။ “ဗျို့ ကိုလူအ နေစမ်းပါဦးဗျ၊ ကျုပ်တို့ ဆိုင်တွေထဲဝင်ပြီး ကျုပ်တို့စားချင်တာစား လိုချင်တာ အကုန်ယူပြီး ပိုက်ဆံမပေးရတာက

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဘာ့ကြောင့်တုံး၊ ခင်ဗျား ခေါင်းညိတ်ပြီး ခေါင်းလောင်းကလေးက မြည်အောင်လုပ်လိုက်ရင် ပြီးရောလား၊ အဲဒါ ဘယ်လိုတုန်းဗျ"။

"အော် ဒါလား" လို့ မောင်လူအက ရယ်ပြီးပြန်ပြောတယ်လေ။

"ဒါက တကယ်ကတော့ဗျာ ကျုပ်ရဲ့လျှို့ဝှက်ချက်ကလေးပါပဲ။ ခင်ဗျားတို့ ဘယ်သူ့မှမပြောဘူးဆိုရင်တော့ ကျုပ် ခင်ဗျားတို့ကို ရှင်းပြမယ်"။

"ဟဟ ဘယ်လျှောက်ပြောပါ့မတုန်းဗျာ" လို့ သုံးယောက်စလုံးက ကတိပေးကြတော့ မောင်လူအက "ဒါက ဒီလိုဗျ၊ ကျုပ်အဖေ ဆုံးကာနီးတော့ ကျုပ်ကို ဒီခေါင်းလောင်းကလေး အမွေပေးခဲ့တယ်။ ဒီခေါင်းလောင်းရဲ့တန်ခိုးက ခင်ဗျားတစ်ခုခုကို ဆိုင်တစ်ဆိုင်ကဝယ် ဝယ်ပြီးရင် သူ့အသံသာပေးလိုက်၊ ဆိုင်ရှင်က သူ့ခင်ဗျားဆီက ပိုက်ဆံ ရပြီးသားလို့ ထင်သွားတာပဲ ဒါပါပဲ" လို့ ပြောပြတယ်။

ဒီစကားကြားတော့ ကိုယုတ်မာရဲ့ မျက်လုံးတွေဟာ လောဘကြောင့် ဝင်းခနဲဖြစ်လာတယ်။

"ဒါဖြင့် ကျုပ်ကိုရောင်းဗျာ ငွေ ၂၀၀ ပေးမယ်" လို့ သူက ဆိုလာတယ်။

"ဟာ ဘယ်ဖြစ်မလဲဗျာ၊ ဒါကလေးမရှိရင် ကျုပ်ဘာနဲ့သွားစားတော့မလဲ"။

"ခင်ဗျား ကျုပ်ပြောတာနားမလည်မလို့ပါ၊ ဒါကိုရပြီ ခင်ဗျား ကျေးဇူးကို ကျုပ်က ဘယ်မေ့နေပါ့မလဲ။ ကျုပ်လက်ထဲ ဒါကလေး ရထားရင် နေ့တိုင်း နေ့တိုင်း ခင်ဗျားလိုချင်တာတွေကို ကျုပ်က



ပို့ပေးနေမှာပေါ့။ ရောင်းတယ်ဆိုပေမယ့် ခင်ဗျား လုံးလုံးဆုံးသွားမှာ မဟုတ်ပါဘူး။

"အဲဒီလိုဆိုရင်တော့လည်း မဆိုးဘူးပေါ့၊ ဒါပေမဲ့ ဒီကိစ္စတွေကို ကျုပ်မိန်းမတော့ လုံးလုံးမသိပါစေနဲ့"။

"ဟာ စိတ်ချ၊ စိတ်ချ"

"ကျုပ်က ရူပီယာ ၂၅၀ တော့ လိုချင်သဗျ၊ ၂၀၀ နဲ့တော့ မပေးနိုင်ဘူး"။

"ပေးပါမယ်ဗျာ" လို့ ပြောပြောဆိုဆို ငွေထုတ်ပေးတာကြောင့် မောင်လူအလည်း ရူပီယာ ၂၅၀ အိတ်ထဲထည့်ပြီး သူတို့ဆီက ထွက်လာခဲ့တယ်။ လူယုတ်သုံးယောက်လည်း ခေါင်းလောင်းကလေးနဲ့ ကျန်ရစ်ကြလေရဲ့"။

သုံးယောက်သား ခေါင်းလောင်းကလေးကို သေသေချာချာ ဝိုင်းကြည့်ကြတယ်။ ခေါင်းလောင်းကလေးက ဘယ်လိုကြည့်ကြည့် ရိုးရိုးသာမန်ခေါင်းလောင်းကလေးပါပဲ။ နို့ပေမယ့် သူကလေးက အံ့ဩစရာတွေတော့ တတ်နိုင်တယ်ဟုတ်လား။ သူတို့မျက်စိနဲ့ အမြင် အတွေ့ပဲ။

"လာကွာ ခုပဲစမ်းကြစို့" လို့ မောင်ယုတ်မာကပြောတော့ ဂျိုကောင်နဲ့ ဂျိုလက်တို့က သဘောတူကြတယ်လေ။ ဒါကြောင့် အနီးဆုံးဆိုင်တစ်ဆိုင်ထဲကို သုံးယောက်သား ဝင်သွားကြတယ်။ ဆိုင်ထဲကရှိသမျှ အကောင်းဆုံးစားစရာတွေနဲ့ အရက်အကောင်းဆုံး တွေကို အားရပါးရမှာပြီး သောက်ကြစားကြတယ်။ တော်တော်နဲ့

www.burmeseclassic.com

www.burmeseclassic.com



မဝနိုင်ကြဘူး။ အရမ်းစားသောက်ပြီးလို့ နောက်ထပ်ဘာမှ မစားနိုင်တော့မှ မောင်ယုတ်မာက ဆိုင်ရှင်ကိုခေါ်ပြီး "ကိုယ့်ဆရာ ကျုပ်တို့စားတာသောက်တာအားလုံး ဘယ်လောက်ကျသလဲ" လို့ မေးပါတယ်။ သူက ခေါင်းလောင်းနဲ့ဦးထုပ်ကို ဆောင်းထားတဲ့လူလေ။

"၂၅ ရူပီယာပါခင်ဗျာ"လို့ ဆိုင်ရှင်ကပြောတော့ မောင်ယုတ်မာက ခေါင်းညိတ်တယ်။ ခေါင်းလောင်းကလေးကလည်း တင် တင်တင်နဲ့ ပျော်ပျော်ကြီး မြည်ရှာပါတယ်။ ဆိုင်ရှင်က ဘာမှမပြောဘဲ သူတို့ကို စောင့်နေတယ်။ လူညစ်သုံးယောက်က ဆိုင်ထဲကထွက်တော့မယ်လို့ နေရာကထကြတော့...

"နေပါဦးခင်ဗျာ ပိုက်ဆံပေးခဲ့ကြပါဦး" လို့ တောင်းပါလေရော။

မောင်ယုတ်မာက ဆိုင်ရှင်မကြားလို့ထင်ပြီး ခေါင်းလောင်းကလေးကို ထပ်ပြီးလှုပ်အောင် ခေါင်းညိတ်ပြန်ရော။ ခေါင်းလောင်းကလေးကလည်း မြည်ရှာပြန်ရော။ နို့ပေမယ့် ဆိုင်ရှင်က "ပိုက်ဆံပေးကြလေဗျာ" လို့ တောင်းပြန်ရော တောင်းလေလေ ခေါင်းတညိတ်ညိတ်လုပ်လို့ ခေါင်းလောင်းက မြည်လေလေပဲ။

ဒီမှာတင် ဆိုင်ရှင်က ဒီကောင်တွေ တမင်သူ့ကို အရူးလုပ်နေတယ်လို့ထင်ပြီး ဒေါသထွက်လာလို့ တုတ်ကြီးတစ်ချောင်းဆွဲပြီး ရိုက်တော့တာပေါ့။

"ငါ့ အရူးလုပ်ချင်ကြဦးဟာ" လို့ ပြောပြောပြီး ရိုက်လိုက်တာ သုံးယောက်စလုံး အညိုအမည်းနဲ့ ဖူးဖူးယောင်ကုန်ကြပြီ။ "ပိုက်ဆံ



မပေးဘဲနဲ့ စားလိုက်သောက်လိုက်ကြတာ၊ ပိုက်ဆံပေးပါဆိုတော့ ခေါင်းလောင်းတီးသတဲ့" ဆိုပြီး ထပ်ထပ်ရိုက်နေသေးတယ်။

ဒီလူယုတ်သုံးယောက်ဟာ နောင်တော့ မောင်လူအကို အရူးမလုပ်ဝံ့ကြတော့ဘူး။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

လူထုဦးလှ

# အင်ဒိုနီးရှား ပုံပြင်များ

BURMESE CLASSIC .com



www.burmeseclassic.com